
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ၂၀၁၀၂၁၀၇၀၃

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၀၁၀၇၆၀၈၀၃

ပုံနှိပ်ခြင်း ပထမအကြိမ်၊ ၂၀၀၉၊ စက်တင်ဘာ

ထုတ်ဝေသူ
ဦးစန်းစွန်အောင်(ငါတို့စာပေ)
၇၁/၀ ၊ ဗိုလ်စိန်လှလမ်း၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း
အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်ဒေါသက်ခိုင်
(ပြည့်စုံပုံနှိပ်တိုက်)

အုပ်ရေ
၅၀၀

တန်ဖိုး ၁၅၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် စာတ်တလောက်အညွှန်း(CIP)

၈၉၅.၈၃

ပဒ္မမ်ဒီရိုင်း
နက်ဖြန်ခါပွင့်မယ့်အိပ်မက်များ/ ပဒ္မမ်ဒီရိုင်း-ရန်ကုန်။
ငါတို့စာပေ။ ၂၀၀၉။ ၁၆၀ - စာ။
၁၃ စင်တီမီတာ X ၂၀ စင်တီမီတာ


BURMESE CLASSIC

# ပဒ္မမ်ဒီရိုင်း

## ၏ ထွက်ရှိပြီးစာအုပ်များ


၁။ ဆယ်ရက်အတွင်းယောက္ခမသိမ်းသွင်းနည်း
၂။ တစ္ဆေဆရာအလွဲ
၃။ မတော်တဆ
၄။ ချောင်းသမှု ကမောက်ကမ
၅။ နတ်ဆိုးကျီစားတဲ့အချစ်
၆။ ကျွန်တော့်ချစ်ခြင်းသစ်ပင်
၇။ ဘယ်တော့မှ အလွမ်းချည်းမဟုတ်
၈။ ဒါမျိုးကြီး စိန့်သာဗလ
၉။ ချစ်ဖက်
၁၀။ ကိုယ်တို့ခေတ်ရဲ့ မင်းကုသ
၁၁။ အချပ်ပို
၁၂။ ဘောလုံးဟင်းခါး
၁၃။ ပေတာလွှား
၁၄။ ငါတို့ရပ်ကွက်ထဲက မမြစိမ်း
၁၅။ ရှောခ်ရှိတယ်
၁၆။ တဏ္ဍသိုလ်လူပျော်
၁၇။ အဲဒီလောက်နဲ့ တက်မလာနဲ့
၁၈။ တဏ္ဍသိုလ်လူပျော်လွမ်းချင်း

ယခု – နက်ဖြန်ခါပွင့်မယ့် အိပ်မက်များ

ဆက်လက်ပြီး...
၁၉။ တဏ္ဍသိုလ်လူပျော်လွမ်းချင်းကထာ
၂၀။ အဖော်ကိုယ်စီ


www.burmeseclassic.com

www.burmeseclassic.com

ဟိုးအဝေးက တောင်တန်းများသည် စီးဆင်းနေသော မြစ်ကြီးအား ဘာစကားမှမဆိုဘဲ ကြည့်နေကြသည်။ မြစ်ကမ်းပါးကတို့ဆိပ်ကလေးမှာလည်း ဆိုက်ကပ်ထားသည့် လှေဆိုလို့ တစ်စီးမှမရှိ။

နေသည် အားကောင်းမောင်းသန်စွာဖြင့် တိမ်တိုက်အတွင်းသို့ တိုးဝင်ရင်း အမှောင်ထုက ဝါးမျိုသွားပြီဖြစ်သည်။

မြစ်ထဲက မျောပါလာသော ထင်းများကို ဆယ်သည့် လင်မယားနှစ်ယောက်အနက် မိန်းမဖြစ်သူက ထင်းတွေကို ခေါင်းပေါ်ရွက်ကာ ရှေ့မှသွားနေသည်။ ယောကျ်ားဖြစ်သူက ကတို့ဆိပ်ကလေးကို တစ်ချက်နောက်ပြန်လှည့်ကြည့်ပြီး ရေစိုနေသော ပုဆိုးစအောက်ခြေကို လက်နှင့်စုကိုင်ကာ ရေညှစ်ချပြီး ဖိနပ်မပါခြေဗလာနှင့် ခြေလှမ်းတွေကို မှန်မှန်လှမ်းကာ အမျိုးသမီးနောက်ကလိုက်ပါလို့လာသည်။

တစ်နေ့တာပင်ပန်းသမျှကို ကညင်ဆီမီးတိုင်ထွန်း ရှိတာလေးနှင့်စားသောက်ပြီး ပန်းကန်ခွက်ယောက်များကိုဆေးကြောကာ မီးတိုင်မှုတ်ပြီး အိပ်စက်ကြတော့သည်။

ညဥ့်သည်နက်သထက် နက်လာကာ အမှောင်ထုက ပိုမိုကြီးဆိုးလာပြီး အသံက တိတ်ဆိတ်သထက် တိတ်ဆိတ်လို့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် အိပ်စက်နေသော ထင်းဆယ်သမား လင်မယားဓါ် တဲအိမ်အတွင်းသို့ ဝတ်ဖြူစင်ကြယ်နှင့် လူတစ်ဦးဝင်ရောက်လို့လာသည်။ မျက်နှာက လောဘ၊ ဒေါသ၊ မောဟကင်းစင်နေသည်။

ဝတ်ဖြူစင်ကြယ်နှင့်လူက အိပ်ပျော်နေသော ထင်းဆယ်သမားလင်မယားနှစ်ယောက်ကိုကြည့်လိုက်သည်။

'အ… သု… ခ'

'အ… သု… ခ'

'အ… သု… ခ'

တဲအိမ်အတွင်းမှ ရွတ်ဆိုသံကြောင့် လင်မယားနှစ်ယောက်စလုံး နိုးလာကြသည်။ သူတို့နှစ်ယောက်များထဲမှာ စောစောက ရွတ်ဆိုသော စကားသံကိုသာ ကြားယောင်နေရင်း ကြည့်လိုက်သောအခါ ဝတ်ဖြူစင်ကြယ်နှင့်လူက သူတို့ရှေ့ကနေ ပျောက်ကွယ်သွားသည်။

ထင်းဆယ်သမား လင်မယားနှစ်ယောက် နှားထဲမှာ ကြားယောင်နေတာက…

'အ… သု… ခ'

'အ… သု… ခ'

'အ… သု… ခ'

☺



အိပ်မက်ဆိုတာ
အိပ်မက်ပဲလို့
အချို့က
ပြောကြတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ထွေး၌သည် လက်ဖက်ရည်ဆိုင်သစ်ဖွင့်ကတည်းက ထိုင်လာတာတစ်လလောက် ရှိပြီ။

ဆိုင်ပိုင်ရှင် ဦးလေးကြီးကို မေးချင်သည့် ကိစ္စက ရှိနေသည်။ မေးသင့်သလား မမေးသင့်လားစဉ်းစားချင့်ချိန်နေ ရင်းမှ ယနေ့တော့ မေးကိုမေးတော့မည်လို့။

ဖြစ်ပုံက သည်လိုဗျာ။

**ကံသာလျှင်အမိ ကံသာလျှင်အဖ**

ထိုစာသားကို မှန်စီရွှေချမှန်ဘောင်သွင်းပြီး ထိုဦးလေးကြီး ဆိုင်သော ငွေသိမ်းကောင်းတာနောက်တွင် ခန့်ခန့်ညားညားကြီး ချိတ်ဆွဲထားလို့ ဖြစ်သည်။

'ငါ့တူ ဒီနေ့သူငယ်ချင်းတွေ မပါဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တော့ ထိုဦးလေးကြီးက ထွန့် ထိုင်နေသော စားပွဲဝိုင်းသို့ ရောက်လာကာ မေးရင်းမှ ရေနွေးအိုးကို ရေနွေးရှိသလား မရှိသလား မကြည့်ကာ ရေနွေးရှိသဖြင့် ပြန်ချထားပါသည်။

'ထိုင်ပါဦး ဦးရယ်၊ ကျွန်တော်က ဦးကို နည်းနည်းစပ်စုချင်လို့'

'ဘာများတုန်း ငါ့တူရဲ့'

ဆိုင်ရှင်ဦးလေးကြီးက ထွန့်အနားဝင်ထိုင်ပါသည်။

'ဦးနာမည်က ဦးကံသာလား'

'ဘာဖြစ်လို့တုန်းကွဲ့'

'ဪ… ဦး ထိုင်တဲ့၊ ကောင်တာနောက်မှာ ကံသာလျှင် အမိ၊ ကံသာလျှင် အဖလို့ ရေးထားတော့ ဦးကံသာဆိုတဲ့ ဦးက မိန်းမဆုံးသွားလို့ ဦးရဲ့သားသမီးတွေအတွက် အမိဆိုလည်း ဟုတ်၊ အဖဆိုလည်းဟုတ် ဖြစ်နေတာကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ ရေးထားတာ မဟုတ်လား၊ ဦးက မုဆိုးဖိုပေါ့နော်'

ထွန့် စကားကြောင့် ဆိုင်ရှင်ဦးလေးကြီးမျက်နှာက သံပုရာသီး အလုံးတစ်ရာ စားလိုက်ရသလို ရှုံ့တွသွားပါသည်။

'သွားပါပြီ ငါ့တူရာ၊ မင်းနဲ့ကျမှ ဦးက မုဆိုးဖိုဖြစ်ရတယ်လို့၊ ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ၊ ဦးနာမည်က ဦးဘတုတ်ကွ၊ မိန်းမဆုံးသွားလို့ နောက်မိန်းမ ဦးထက် အသက် သုံးဆယ့်ခုနစ်လောက်ငယ်တဲ့ ကလေးမလေးကို ယူထားတာ နှစ်လလောက်ပဲရှိသေးတယ်၊ ဒီဆိုင် တောင် မလာနိုင်ဘူး၊ သူများတွေ ခေါ်မှာစိုးလို့၊ ကောင်တာနောက်မှာ ချိတ်ထားတာက ကံတရားကိုယုံကြည်ဖို့လို့ ချိတ်ထားတာ၊ ဦး နောက်



မိန်းမရတာ ကံတရားကောင်းလို့ ချောချောလေးရတာကွ၊ မုဆိုးဖို ထပ်မဖြစ်ပါရစေနဲ့ကွာ'

'ဪ'

ထွန့်ကရယ်လည်းရယ်ချင် အားလည်းနာသွားပါသည်။ ထို အချိန်မှာပဲ…

'ဗျို့… ကိုဘတုတ်ရေ ခင်ဗျားကို ကျုပ် ညကမက်တဲ့ အိပ်မက်အကြောင်း ပြောချင်လို့ဗျို့'

ထွန့် အခုမှပဲ သက်ပြင်းချနိုင်တော့သည်။ ရပ်ကွက်လူကြီး ဦးသိန်းဝင်းရောက်လာလို့ ဖြစ်သည်။ နို့မို့ နည်းနည်းမျက်နှာ ပူစရာ ကောင်းလို့ပါပဲ။

ဦးဘတုတ်က သူ့ကို စိတ်မဆိုးဘဲ ကျေးဇူးတင်နေရပါသေးသည်။

'ပြောပါဦး ဦးသိန်းဝင်းရဲ့၊ ဘယ်လို အိပ်မက်မျိုးလဲ'

'ဒီလို ဦးဘတုတ်ရေ၊ ညက တောင်တန်းလေးနဲ့ မြစ်ဆိပ်နားက ကူတို့ဆိပ်မှာ ထင်းဆယ်လင်မယားနှစ်ယောက်က ထင်းတွေ ဆယ်ပြီး အိမ်ကိုပြန် စားသောက်ပြီး အိပ်၊ ဒီအချိန်မှာပဲ…'

ဦးသိန်းဝင်းက ညကသူမက်သော အိပ်မက်အကြောင်း ပြောပြနေသည်ကို ထွန့်က စိတ်ဝင်တစားနားထောင်နေသလို ဦးဘတုတ် ကလည်း နားထောင်နေပါသည်။

'နေပါဦး၊ ဦးသိန်းဝင်းရဲ့ ခင်ဗျားအိပ်မက်ထဲမှာပါတဲ့ အဲ… သူ… ခ ဆိုတာက ဘာလဲဗျ'

'ဘယ်သိမလဲဗျ၊ အဲက တနင်္ဂနွေနံ ဆိုတော့ တစ်၊ သူက

www.burmeseclassic.com



သောကြာဆိုတော့ ခြောက်၊ ခက တနင်္လာဆိုတော့ နှစ်၊ ဒါကြောင့် တစ်ခြောက်နှစ်ကို ဒီမနက်ပတ်ထိုးကောင်းမလား၊ ဒါမှမဟုတ် သုံးလုံးတစ်ကွက်တည်းထိုးရင် ကောင်းမလားလို့၊ အိပ်မက်က ဂဏန်းပေးတာနေမှာဗျ'

ဦးသိန်းဝင်း စကားနားထောင်နေသော ထွဋ်ရှက ပြုံးမိတာကို ဦးသိန်းဝင်းက သတိထားမိသွားသည်။

'ဟော့… သူငယ် ဘာဖြစ်လို့ ပြုံးတာလဲ'

'ဦးပြောပြတဲ့ အိပ်မက်က တောင်တွင်းခင်ကြီးဖျော်ကို အိပ်မက်နိမိတ်လာမေးတဲ့ ထင်းဆယ်သမားလင်မယားနဲ့ ဖြစ်စဉ်က သွားတူနေလို့ပါ'

'ဟေ… ဘယ်လိုကွ၊ ဦးကို ရှင်းပြပါဦး'

ထွဋ်ရှ၏ စကားကြောင့် ဦးသိန်းဝင်းက အံ့အားသင့်သွားသလို ဦးဘတုတ်သည်လည်း စိတ်ဝင်စားသည့် အမူအရာမျိုး ဖြစ်သွားပါသည်။

'ဒီလို ဦးရဲ့…'

ထွဋ်ရှက သူသိသလောက် ရှင်းပြပြီးသောအခါ ဦးသိန်းဝင်းက…

'ဒါဆို… အိပ်မက်ထဲမှာ ထင်းဆယ်တဲ့ လင်မယားကို ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်ပြောတဲ့ အ… သ… ခဆိုတာက'

'ဒီလိုဦးရဲ့၊ တကယ့်အဖြစ်အပျက်မှာတော့ ဆရာတော်ခင်ကြီးဖျော်က အဲဒီလင်မယားကို မေးတယ်။ ဒကာကြီးအိမ်မှာ သရက်ပင်ရှိလားတဲ့၊ ဟိုက မရှိဘူးတဲ့၊ ဒီတော့ ဆရာတော်က ဒကာကြီးရဲ့ အိပ်မက်ထဲက အ… သ… ခရဲ့ အဓိပ္ပာယ်၊ အဆိုတာ ပါဠိလို



အမ္ဗရုက္ခမူလေ အဓိပ္ပာယ်ရတယ်၊ မြန်မာလိုဆိုရင် သရက်ပင်ရဲ့ အရင်းတဲ့၊ သ အဓိပ္ပာယ်က ပါဠိလို သုဝဏ္ဏကုမ္ဘတဲ့၊ မြန်မာလို ရွှေအိုးပေါ့၊ ခဆိုတာက ပါဠိလို ခဏာတိ၊ တူးပေတော့လို့ အဓိပ္ပာယ်ရတယ်၊ ဒီတော့ အိမ်မှာသရက်ပင်ရှာပြီး တူးလို့ဖွင့်ဆိုပေးတော့ ထင်းဆယ်လင်မယားအိမ်မှာ သရက်ပင်ရှာတော့ ထင်းပုံကြားမှာ စားပြီးစွန့်ပစ်ထားတဲ့ သရက်စေ့ကနေ ပေါက်ခါစသရက်ပင်ငယ်တွေ့လို့ အဲဒီအပင်အောက်ကို တူးတာ သုံးပိဿာရှိတဲ့ ရွှေအိုးရပါရောလား'

ထွဋ်ရှရဲ့စကား နားထောင်နေသည့် ဦးသိန်းဝင်းတစ်ယောက် သူ့မျက်နှာမှာ ဝမ်းသာခြင်း၊ အံ့အားသင့်ခြင်း၊ ကြည်နူးခြင်းမျိုးတွေ ဖြစ်ပေါ်နေတာကို ထွဋ်ရှ အကဲခတ်မိသည်။

'အခုပဲ အိမ်ပြန်ပြီး ဦးရဲ့အိမ်မှာ သရက်ပင်ရှိရင် တူးကြည့်ပေတော့၊ ဒီလိုအိပ်မက်မျိုးက ဦးမက်တာတောတော်ပါရမီထူးလို့ ဖြစ်မယ်'

'ဟုတ်… ဟုတ်… မဟုတ်… ဟုတ်… ဦး အခုပဲ အိမ်မှာ ခမ်းသပ်မယ်၊ သရက်ပင်က ဦးခြံထဲမှာ လေးငါးပင်လောက်ရှိတော့ ဘယ်အပင်မှန်းမသိဘူး၊ အားလုံးတူးကြည့်ရမှာပဲ ငါ့တူရေ၊ မင်းကဟုသုတသိပ်တော်တာပဲကွာ၊ ကဲ… မင်းလက်ဖက်ရည်ဖိုး ဦး ရှင်းလိုက်မယ်'

ဝမ်းသာအားရနှင့် လက်ဖက်ရည်ဖိုးရှင်းပြီး ဦးသိန်းဝင်းက ထွက်သွားပါသည်။

'ငါ့တူ ဦးလေးလည်း အခု မင်းပြောတာ နားထောင်ပြီး တော်တော်လေးကို စိတ်ဝင်စားသွားပြီ၊ ဘာဖြစ်မလဲဆိုတာ သိချင်တယ်ဟေ့'

www.burmeseclassic.com

www.burmeseclassic.com



လူဆိုသည်မှာ စိတ်ဝင်စားမှုကနေ ဘာဖြစ်လာမလဲဆိုသည့် သိချင်မှုကို ဘုရားသခင်က လက်ဆောင်ပေးခဲ့လေသလား မသိပါ။

☺



တဒင်္ဂ
ကြည်နူးခွင့်ရတာကိုက
အသက်ရှည်စေတာပဲ
ကိုယ်က
ဝယ်ပေးရတာမှမဟုတ်တာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ထွန်္ဒတစ်ယောက် မနက်က ကိစ္စကို သိပ်သိချင်နေသည်။ သည်တော့ ကျော်မင်းကို အိမ်ဝင်ခေါ်ပြီး ဦးသိန်းဝင်းတို့ အိမ်ဘက် နေဝင်ခါနီးကောင်းကင်မှာ တိမ်တွေအရောင်စုံစွာ တောက်ချိန်မှာ ထွက်လာခဲ့ကြသည်။

လမ်းသည် ကလေးငယ်အချို့ ဆော့ကစားနေသဖြင့် ဆူညံလို့နေသည်။ သည်ကြားထဲ အိပ်တစ်အိမ်က 'အဲဒါအဒူလေးလဲ' ဟစ်ဟောသီချင်းကို အကျယ်ကြီးဖွင့်ထားလို့လားမသိ၊ အသံတွေက အိမ်ထဲကနေ လမ်းပေါ်သို့ ပျံ့လွင့်လျှံကျနေသည်။

'ထွန်္ဒ မင်းဟာက ဟုတ်ကောဟုတ်ရဲ့လားကွာ၊ မင်းပြောပုံအရ ဟိုးခေတ်က လူတွေက သီလ၊ သမာဓိ၊ ကိုယ်ကျင့်တရားတွေကောင်းလို့ ရွှေအိုးတွေတာကွ၊ အခုဟာက ခေတ်ကြီးက မင်းသိတဲ့အတိုင်းပဲကွာ၊ တော်ကြာသရက်ပင်တွေ၊ ခုတ်ပြီး ရွှေအိုးရမလားလိုက်တူးလို့ ဘာမှမရရင်တော့လားကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လဲ ကျော်မင်းရာ၊ ဒီတော့လည်း စကားပုံအသစ်ဖြစ်တာပေါ့၊ သရက်ပင်တွေလည်းဆုံး သရက်သီးတွေလည်း ဆုံးပေါ့ကွာ'

ထွဋ်က သူ့စကား သူသဘောကျပြီး ရယ်နေပါသည်။ ထို့နောက် နှစ်ယောက်သား လမ်းလျှောက်လာရင်း ဦးသိန်းဝင်းတို့ အိမ်ရှေ့ရောက်လာပါသည်။

ထွဋ်က အိမ်ခြံဝင်းထဲ လှမ်းကြည့်သောအခါ မြင်ကွင်းက တော်တော်ဆိုးပါသည်။

'တော်ပါတော့ ကိုသိန်းဝင်းရေ၊ ရှင့်ရဲ့ ရွှေအိုးမရလည်းနေပါ၊ ဟင်… အခုတော့ ကောင်းသေးရဲ့လား၊ ဒီလောက်သီးတဲ့ မချစ်စု သရက်ပင်ကြီးသေပြီ၊ တော်တော့ နောက်ထပ် အပင်တွေထပ်မခုတ်နဲ့တော့'

ဦးသိန်းဝင်း၏ မိန်းမဖြစ်သူက ခုတ်လှဲထားသော သရက်ပင်ကို ကြည့်ပြီး စိတ်မကောင်းကြီးစွာဖြင့် ဟန့်တားနေပါသည်။ ဦးသိန်းဝင်းက တူးထားသော မြေကြီးတွေကို ဆွဲဆွဲပြီး စိုက်ကြည့်နေပါသည်။

'ဦး… ရွှေအိုးတွေ့လား'

ထွဋ်က ခြံဝင်းထဲ ဝင်လာရင်းမှ မေးသောအခါ ဦးသိန်းဝင်းက စိတ်ပျက်သည့် အမူအရာဖြင့်…

'ငါ့တူရေ မင်းအကြံပေးတဲ့အတိုင်း အ… သု… ခဆိုလို့ ဒီမချစ်စုပင်ကို ခုတ်ပြီး အဲဒီအပင်အောက်တူးတာ အရိုးတွေပဲထွက်လာတယ်၊ ဒီအိမ်ကို ဦးတို့မဝယ်ခင်က အရင်နေသွားတဲ့ လူတွေက ခွေးသေလို့ မြှုပ်ထားတယ်ထင်ပါရဲ့ကွာ'

ထွဋ်နှင့်ကျော်မင်းက ဦးသိန်းဝင်း စကားနားထောင်ရင်းက မသိမသာ ပြုံးလိုက်ပါသည်။ ဦးသိန်းဝင်း၏ မိန်းမဖြစ်သူက လုံးဝ



အမြင်မကြည်လင်သည့် ပုံစံနှင့် ထွဋ်အား ကြည့်နေပါသည်။

'ကျွန်တော် အခုမှ နောက်တစ်မျိုးစဉ်းစားမိတယ် ဦးရဲ့၊ ဒီအ… သု… ခဆိုတာက ဦးခြံထဲမှာရှိတဲ့ သရက်သီးတွေက မှန်မှန်သီးလား'

'ဟာ… အရမ်းသီးတာ ငါ့တူရဲ့၊ အကုန်လုံးမချစ်စု သရက်ပင်တွေချည်းပဲ'

'ဦးတို့ ရောင်းကောရောင်းရဲ့လား'

'မရောင်းပါဘူးကွာ၊ သိတဲ့လူတွေပေး၊ ကိုယ်လည်းစားပေါ့၊ မစားနိုင်လို့ ပုတ်သွားတာတွေမှ အများကြီး'

'ဟုတ်ပြီ ဦးရေ၊ နောက်ကိုဘယ်သူမှ အလကားမပေးနဲ့ ခြံထဲက သီးတဲ့ မချစ်စုသရက်သီးမှန်သမျှ ဖောက်သည်ပေးပြီး ပြန်ရောင်းရတဲ့ ပိုက်ဆံကိုစု၊ ရွှေဝယ်၊ နှစ်တွေများလာရင် ရွှေတွေက တိုးလာဆိုတော့ ရွှေအိုးရသလိုပေါ့ ဦးရဲ့'

ထွဋ်စကားဆုံးသောအခါ ဦးသိန်းဝင်း၏ မိန်းမဖြစ်သူက

'ဟဲ့… ဉာဏ်ကြီးရှင်၊ အဲဒါဆိုလည်း အဲဒီအကြံကို အရင်ပေးပါလား၊ အခုတော့ ငါ့ရဲ့မချစ်စုပင်တွေ ဆုံးရှုံးသွားပြီ၊ အရပ်ကတို့ရေ ကောင်းကြသေးရဲ့လား'

အခြေအနေက မဟန်တော့ပါ။ ဦးသိန်းဝင်း၏ မိန်းမက အော်ကြီးဟစ်ကျယ် ပြောနေသဖြင့် ထွဋ်က ကျော်မင်းလက်ကို အမြန်ဆွဲပြီး ခြံထဲကနေ သုတ်ခြေတင်လာခဲ့ပါသည်။

ဦးသိန်းဝင်း၏ တဒင်္ဂကြည်နူးမှု ပျက်သုဉ်းရသည်ကိုတော့ စိတ်မကောင်းပါ။

♦

www.burmeseclassic.com

www.burmeseclassic.com



လေရူးက တသုန်သုန်တိုက်နေသည်။ မြင်းဖြူကြီးက တောပန်းဝါဝါလေးများ ပွင့်သော လမ်းတစ်လျှောက် ကဆုန်ပေါက်ပြေးလွှားရင်း တောင်ကုန်းပေါ်က စံအိမ်တော်ဆီသို့ ဦးတည်နေသည်။ မြင်းခွာသံတွေက လမ်းတစ်လျှောက်ဂီတသံစဉ်လို ပျံ့လွင့်နေသည်။ မြင်းဖြူကြီးပေါ်မှာ ဝိုးသားဆံနွယ်ကဲ့သို့ ဆံပင်ရှည်ရှည်နှင့် အမျိုးသမီးတစ်ဦးက မြင်းဖြူကြီး၏ ဇက်ကြိုးကိုထိန်းကျောင်းရင်း စီးနင်းလိုက်ပါလာသည်။ သူမ၏ မျက်လုံးတွေက စူးရှတောက်ပနေပြီး အရာရာကို ပြတ်သားဝံ့သည့် အသွင်အပြင်မျိုးဖြစ်သည်။ အသားအရေကလည်း ဝင်းဝါစိုပြေလှပလွန်းလှသည်။ မြင်းစီးနေသော သူမ၏ ရုပ်ပုံက မြင်သူတကာ ငေးကြည့်ပင်သက်ချလှအောင် အလှကို ပိုင်ဆိုင်သူဟုဆိုရပေမည်။

မြင်းဖြူကြီးကို စီးနင်းလာသောသူမက ပတ်ဝန်းကျင်ဘေးဘီ ဝဲယာကို မကြည့်ဘဲ သူမရှေ့တည့်တည့်က မြင်ရသော အိမ်တော်ဆီသို့သာ စူးစိုက်ကြည့်ရင်းက မြင်းဇက်ကြိုးကို မှန်မှန်ဆွဲလို့နေသည်။

လေက ဝိုတိုက်လာပြီး လမ်းဘေးဝဲယာရှိ သစ်ပင်များမှ သစ်ရွက်တွေက လမ်းပေါ်ကြွေကျလာသည်။ လမ်းပေါ်မှာ သစ်ရွက်တွေက အပြည့်။ တကယ့်ကို ဖွေးဖွေးလှုပ်နေသည်။

လမ်းပေါ်မှာ သစ်ရွက်ကြွေများ…။

လမ်းပေါ်မှာ မြင်းခွာသံများ…။

မြင်းဖြူကြီးပေါ်မှ ဆံပင်တွေ လေထဲဝဲနေသော အမျိုးသမီး တောင်ကုန်းပေါ်မှ စံအိမ်တော်…။

မြင်းဖြူကြီး၏ ဟီသံများ…။

♦



## အိပ်မက်ကို
## ပစ္စုပ္ပန်အဖြစ်
## အသွင်ပြောင်းလို့ရရင်
## ကမ္ဘာကြီး
## အပေါင်ထားလိုက်မယ်

ထွဋ်မှ ညကမက်သည့်သူ့အိပ်မက်ကို ပြောပြတော့ သူငယ်ချင်းများဖြစ်ကြသော ကျော်မင်းနှင့်အေးသိန်းက ဘာကြောင်တာလဲဆိုပြီး ဝေဖန်ပါသည်။

သူတို့က ပြောပါသည်။

'အိပ်မက်ဆိုတာ အိပ်မက်ပဲ'တဲ့။

ထိုအခါ ထွဋ်က…

'အိပ်မက်ဆိုတာ အိပ်မက်ချည်းပဲမဟုတ်ဘူး၊ ပစ္စုပ္ပန်ကာလအတွက် တစ်ရာရာခိုင်နှုန်းအပြည့် ဖြစ်နိုင်သလို ငါးဆယ်ရာခိုင်နှုန်းလည်းဖြစ်နိုင်တယ်'

ကျော်မင်းနှင့်အေးသိန်းတို့နှစ်ယောက် စောဒကမတက်တော့။

♦

ထွဋ်က သူညတုန်းက အိပ်မက်ထဲမှာ မြင်ရသည့် အမျိုးသမီးပုံရိပ်ကိုသာ မြင်ယောင်နေမိသည်။ သူ့ဘဝမှာ သည်လောက်ကျက်သရေရှိသည့် အမျိုးသမီးမျိုးကို မမြင်ဖူးလို့ဖြစ်သည်။ (ဒါက သူ့အတွေ့အကြုံရ ပြောတာဖြစ်သည်။ အခြားသူတွေအတွက်မဟုတ်)

အထူးသဖြင့် အိပ်မက်ထဲက အမျိုးသမီး၏ မျက်လုံးတွေကို

www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ဝင်စားသည်။ ထိုမျက်လုံးမျိုးက ဆုံးဖြတ်ချက်ပြတ်သားသူ ရဲရင့်သူ၊ သတ္တိရှိသူမျိုးဖြစ်သည်။

အပြင်ဘဝမှာသာတွေ့ခဲ့ရမည်ဆိုလျှင် သူ့အိပ်မက်တွေက ပစ္စုပ္ပန်မှာ တကယ့်ကို ဖြစ်တာပါလားလို့ သူ ကျေနပ်မဆုံး ကြည်နူးမဆုံးဖြစ်မှာ အမှန်ပင်။

'ထွဋ်… လက်ဖက်ရည်လေးဘာလေးသောက်ဦးလေ၊ မင်းကွာ၊ ဘာတွေစဉ်းစားနေတာလဲ'

'ဘာစဉ်းစားရမှာလဲ အေးသိန်းရ၊ ဒီကောင် ညကအိပ်မက်ပဲဖြစ်မှာပေါ့'

အေးသိန်းနှင့်ကျော်မင်းက ထွဋ်ကို ကြည့်ပြီး ဝေဖန်နေပါသည်။

'ထွဋ်… ဒါနဲ့ မင်းက ဦးသိန်းဝင်း အိပ်မက်ကို နိမိတ်ကောက်ပေးတာ ဘယ်လိုဖြစ်လို့ လွဲတာလဲ'

အေးသိန်းက အဖြစ်မှန်မသိသေးလို့ မေးပါသည်။

'မင်းဘာသာမင်း ကျော်မင်းကိုသာမေးတော့ကွာ၊ မင်းတို့ကို စကားပြောနေရတာ ငါညက မက်တဲ့အိပ်မက်အရှိန်တွေးရတာပျက်တယ်'

'ထွဋ်ရာ မင်းကလည်း မဟုတ်တာတွေ အဟုတ်လုပ်မနေနဲ့၊ နိမိတ်တွေ အိပ်မက်တွေကို မင်းလျှောက်ယုံနေရင် မင်းရူးမယ်'

'ဒီမှာ ကျော်မင်း ဒီလိုဆို မင်းနဲ့ငါနဲ့ လက်ဖက်ရည်ကြေး အမြင်နိမိတ်ကောက်ပြီးလောင်းမယ်၊ ဘယ်နှယ်လဲ'

ကျော်မင်းက ထွဋ်စကားကို လက်ခံလို့လားမသိ လက်ဖျောက်တစ်ချက်တီးလိုက်ရင်းက…



'ဟုတ်ပြီ၊ ဒါဆို ဒီနေ့ည မန်ချက်နဲ့ လီဗာပူးအိုးသရက်ဖိုဒ်မှာ ကန်မယ်၊ ပွဲက အဆုံးအဖြတ်ပွဲပဲ၊ မန်ချက်က ဒီလီဗာပူးကို နိုင်ရင် ပရီးမီးယားလိဂ်မှာ ဖိုလ်စွဲဖို့ သေချာပြီ၊ အဲဒါဘယ်သူနိုင်မလဲ မင်းအမြင်နိမိတ်အရ ပြောနိုင်မလား'

'ရတယ် ကျော်မင်း၊ ဒီနေရာက ထိုင်ရင်း အမြင်နိမိတ်ကောက်ပြီး ငါပြောပြမယ်'

ထွဋ်က ဘာမှမပြောဘဲ ပတ်ဝန်းကျင်ကို အကဲခပ်နေပါသည်။

ထိုအချိန်မှာ ထိရောင်းသော လက်တွန်းလှည်းတစ်စီးက လက်ဖက်ရည်ဆိုင်အနီးနားမှာ ရပ်လိုက်သည်။ ထိုလှည်းဆောင်းဘောက်ထဲကနေ လေးဖြူ၏ ဘာဂီလားပင်လယ်အော်တေးသီချင်းခွေက ပျံ့လွင့်နေပါသည်။

'လေးဖြူအခွေအသစ်ကတော့ လန်းတယ်ကွာ၊ ဒီအခွေကို ငွေဆောင်မှာသွားပြီး အသံသွင်းတာ၊ ဒါမျိုး ပင်လယ်ကမ်းခြေမှာ အသံသွင်းတာမျိုး မရှိသေးဘူး၊ တော်တော်ထူးခြားတာ'

ထွဋ်တို့ စားပွဲဝိုင်းအနီးနားရှိ ဘေးဝိုင်းတစ်ဝိုင်းကျော်မှ လက်ဖက်ရည်သောက်နေသော လူငယ်နှစ်ဦးအနက် တစ်ဦးက သီချင်းဖွင့်ထားသော ထိလှည်းကိုကြည့်ပြီး ပြောပါသည်။

'ဟေ့ကောင်… ပြောဦးမယ်၊ ဒီသတင်း အခုမှ ငါကြားတာ၊ ဒီဆိုင်ရှင် ဦးလေးကြီး ဦးဘတုတ်က သူ့မယားဆုံးသွားလို့ နောက်မိန်းမထပ်ယူတာ ငယ်ငယ်လေးတဲ့ကွ၊ ချောမှချောဆိုပဲ၊ သူ့ကံကတော့ ကွာ'

အရေးထဲ လူငယ်နှစ်ဦးအနက် တစ်ဦးက ဆိုင်ရှင်အား အတင်းတုပ်နေပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွဋ်က လက်ဖျောက်တစ်ချက်တီးလိုက်ရင်းမှ…

'ငါ အမြင်နိမိတ်အရ ပြောတော့မယ်၊ ဒီည လီဗာပူး အသင်း ထူးထူးခြားခြားနဲ့ကို နိုင်ရမယ်'

'ဘယ်လိုနိမိတ်မြင်လို့ မင်းက ပြောနိုင်တာလဲ ထွဋ်ရဲ့'

'ဒါက လွယ်လွယ်လေးပါ အေးသိန်းရာ၊ ဆိုင်ရှေ့မှာ ထီလှည်းက လေးဖြူသီချင်းဖွင့်တယ် မဟုတ်လား၊ ငါနဲ့ ကျော်မင်းနဲ့က ဘယ်သူနိုင်မလဲဆိုတဲ့ ကံတရားအရ လောင်းဖို့လုပ်နေချိန်မှာ ထီလှည်း ရောက်လာတယ်၊ ထီဆိုတာ ကံတရားနဲ့ ဆိုင်တယ်လေ၊ ဒီအချိန်မှာ သီချင်းဖွင့်ထားတာက လေးဖြူ ဗုဒ္ဓဟူးနံနဲ့ ကြာသပတေးနံ ဒီညကန်မယ့် အသင်းမှာ ဗုဒ္ဓဟူးနံနဲ့ ကြာသပတေးနံပါတာက လီဗာပူး မဟုတ်ဘူးလား၊ ဘေးတစ်ပိုင်းကျော်ကပြောတယ်လေ၊ လေးဖြူအခွေက လန်းတယ်တဲ့၊ လန်းတယ်ဆိုတာ အောင်မြင်ခြင်းသဘောပဲ၊ ဒီတော့ လီဗာပူးနိုင်မယ်ဆိုတာ သေချာပြီ၊ နိုင်တာတောင် ထူးထူးခြားခြားမျိုး ဖြစ်မှာ၊ အဲဒါက လေးဖြူအခွေကို ငွေဆောင်ကမ်းခြေမှာ အသံသွင်းတယ်ဆိုပြီး ထူးခြားတာကို ပြောနေတာလေ၊ ထပ်သေချာတာက ဒီ ဆိုင်ပိုင်ရှင် ဦးဘတုတ်ရဲ့ မယားဆုံးသွားတယ်လို့ ထပ်ပြောတယ် မဟုတ်လား၊ ဒီတော့ မယားဆိုတာ ကြာသပတေးနံနဲ့ ဗုဒ္ဓဟူးနံ၊ မန်ချက်အသင်းကို မန်ယူလို့လည်း ခေါ်တာဆိုတော့ မယားသေ မန်ယူရှုံးပဲ၊ မယုံရင်ကြည့်၊ ဒီည မန်ချက် ရှုံးကို ရှုံးမှာ'

'ထွဋ်ရာ မင်းဟာနဲ့မင်းတော့ ဟုတ်နေတာပဲ၊ နက်ဖြန်မှာ အဖြေကို သိရမှာပေါ့ကွာ'

ထွဋ်က ကျော်မင်းစကားကို ဘာမှပြန်လည်မပြောဆိုတော့ဘဲ လက်ဖက်ရည်ကိုသာ သောက်နေမိပါသည်။

◆



ထိုညက အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့ အိုးလ်ထရက်ဖို့ဒ် အားကစားကွင်းမှာ မန်ချက်စတာယူနိုက်တက်အသင်းနှင့် လီဗာပူး အသင်းတို့ ယှဉ်ပြိုင်ကစားကြသည့်အခါ မထင်မှတ်ဘဲ လီဗာပူး အသင်းက အိမ်ရှင်မန်ယူအသင်းကို လေးဂိုးတစ်ဂိုးဖြင့် အနိုင်ယူခဲ့ ပါသည်။ အိမ်ကွင်းရှုံးပွဲမရှိခဲ့သော မန်ယူအသင်းမှာ ဂိုးအများဆုံးဖြင့် အိမ်ကွင်းမှာ ရှုံးနိမ့်ခဲ့သော မှတ်တမ်းကိုလည်း ရေးထိုးခြင်းခံလိုက်ရ ပါတော့သည်။

◆

ထို့အတွက် အမြင်နိမိတ်ဖတ်ခဲ့သော ထွဋ်၏ ပညာရပ်ကို လေးစားပြီး နောက်တစ်နေ့ညနေမှာ အေးသိန်းနှင့် ကျော်မင်းတို့က လက်ဖက်ရည်မတိုက်တော့ဘဲ Beer Station မှာ လိုက်လံပြုစုပါသည်။

ထွဋ်ကတော့ ဘီယာသောက်ရင်းမှ ဆုတွေဘာတွေ တောင်းပေးမိပါသေးသည်။

◆

မြင်းသုံးကောင်က လမ်းပေါ်မှာ ကဆုန်ပေါက်ပြေးနေသည်။ မြင်းခွာသံတွေနှင့်အတူ ဖုန်မှုန့်တွေက အလိပ်လိုက်အလိပ်လိုက်နှင့်။ မြင်းအသီးသီးပေါ်မှာတော့ လူငယ်သုံးယောက်စီးနင်းလိုက်ပါလာသည်။ သူတို့စီးနင်းလာသော မြင်းသုံးကောင်ခမျာ ခရီးမိုင်ပေါင်းတော်များများနှင်လာရသဖြင့် မောပမ်းနွမ်းနယ်နေပြီဆိုတာ သူတို့သဘောပေါက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ရေတသွင်သွင်စီးဆင်းနေသော စမ်းချောင်းငယ်လေးနှင့် တောအုပ်လေးကို လှမ်းမြင်နေရသည်။ မြင်းကို စီးနင်းလာသူ သုံးဦးစလုံးက စမ်းချောင်းဆီသို့ မြင်းများကို ဇက်ကြိုးတင်းတင်းဆွဲပြီး တဆုန်စိုင်းလိုက်သည်။

စမ်းချောင်းရေသည် ကြည်လင်အေးမြနေပြီး ရွှေငါးကလေးများ ရေကူးနေတာကို မြင်နေရသည်။ လူငယ်သုံးဦးက မြင်းများအား ဇက်ကြိုးဖြေပေးပြီး လွှတ်လိုက်သည်။ ယဉ်ပါးနေပြီး လေ့ကျင့်ပေးထားသော မြင်းများဖြစ်နေသဖြင့် မြင်းတွေက အဝေးကို မသွားဘဲ စမ်းချောင်းအနီးနားက ပေါက်ရောက်နေသော မြက်တွေကို စားနေကြသည်။

စမ်းချောင်းရေနှင့် လူငယ်သုံးဦးက မျက်နှာသစ်ပြီး ကျောက်တုံးတွေပေါ်မှာ ထိုင်ရင်းက ခရီးပမ်းလာသမျှကို အတိုးချပြီး အမောဖြေနေသည်။ တောအုပ်ဘက်ဆီမှ ချိုးကူသံသဲ့သဲ့ကိုလည်း ကြားနေရသဖြင့် သူတို့သုံးဦးစလုံး တောအုပ်ဘက်ဆီသို့ ပြိုင်တူလှည့်ကြည့်မိသွားဖြစ်သွားသည်။

'ခရီးကလည်း ဝေးပဗျာ၊ ဘယ်လောက်တောင်ခရီးဆက်ရဦးမလဲ မသိဘူး'

လူငယ်တစ်ဦးက မေးတာကို ဒုတိယမြောက်လူငယ်က…

'ထူးထူးခြားခြား တောင်ကုန်းပေါ်မှာ ဆောက်ထားတဲ့ စံအိမ်တော်က မိန်းမပျိုကို စုံမက်လို့ ဒီခရီးကို နှင်လာတော့ ကျုပ်ဖြင့် မောရမှန်းမသိပါဗျာ'

'ဟုတ်ပ နောင်တော်ရယ်၊ ကျွန်ုပ်တို့ သုံးဦးစလုံး တိုက်တိုက်ဆိုင်ဆိုင် စံအိမ်တော်က မိန်းမပျိုငယ်ကို မေတ္တာတောင်းခံဖို့ လမ်းခရီးမှာ အတူတူလာခဲ့တာကိုက အင်း ကျွန်ုပ်တို့သုံးယောက် ဒီမိန်းမပျိုငယ်အတွက် ယှဉ်ပြိုင်ပွဲတွေဘာတွေတောင် လုပ်ရမလားမသိဘူး'

တတိယမြောက်လူငယ်က ထိုသို့ပြောရင်းမှ စမ်းချောင်းထဲသို့ ကျောက်စရစ်ခဲငယ်ကလေးတွေကို ပစ်နေလို့။

ထိုအချိန်မှာပဲ ငြိမ်သက်နေသော စမ်းချောင်းငယ်ပတ်ဝန်းကျင်မှာ လေတွေက တိုက်လာပြီး သစ်ရွက်ခြောက်တွေက လေနှင့်အတူ လွင့်ပါးလာလို့နေသည်။ ထိုသစ်ရွက်ခြောက်တွေလေထဲမှာ လွင့်မျောဝဲပျံနေတုန်းမှာပဲ မုတ်ဆိတ်မွေးအဖြူ ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုတစ်ဦး ရုပ်ပုံလွှာကို သူတို့သုံးဦးစလုံးမြင်နေရသည်။

အဘိုးအိုက သူတို့သုံးဦးနားသို့ ရောက်လာသောအခါ လေက ငြိမ်သက်သွားသည်။ အဘိုးအိုက သူတို့သုံးဦးကို အဓိပ္ပာယ်ပါပါကြည့်ရင်းက…

'အမောင်တို့သုံးဦးဟာ တောင်ကုန်းပေါ်မှာရှိတဲ့ စံအိမ်တော်က ထိပ်ထားဆီ သွားမလို့ထင်တယ်၊ အေး… အဘိုးက အမောင်တို့သိအောင် ပြောရဦးမှာပဲ၊ အဲဒီထိပ်ထား မင်းသမီးလေးဟာ ဉာဏ်ပညာက ပြည့်စုံပါဘိသနဲ့၊ သူက သူ့ကို လက်ထပ်ချင်တဲ့ လူမှန်သမျှကို ပညာစမ်းလေ့ရှိတယ်၊ အဘသိရသလောက် သူ့ကို နိုင်ငံ့သူမပေါ်သေးဘူးကွယ့်၊ အမောင်တို့သုံးဦး ဉာဏ်ပညာ ပြည့်စုံသပဆိုရင်တော့ လက်ထပ်ရမှာပေါ့ကွယ်၊ သူမေးသမျှ ဖြေနိုင်ရင်တော့ သူ့ကို အမောင်တို့ထဲက တစ်ယောက်ယောက် လက်ထပ်ပေါ့'

အဘိုးအိုက ထိုသို့ပြောပြီးနောက် လူငယ်သုံးဦးနားကနေ ထွက်ခွာသွားသည်။ အဘိုးအိုအားပြုကိုင်ထားသော တောင်ဝှေးသံက ကျောက်တုံးများနှင့်ထိသဖြင့် ထွက်ပေါ်လာသည့်အသံက နရီစည်းဝါး

www.burmeseclassic.com



ကိုက်သလိုမျိုး ဖြစ်နေသည်။ လှငယ်သုံးဦး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ဘာစကားမှ မဆိုမိ။

ထိုအချိန်မှာပဲ လေတွေက တိုက်လာတော့ စောစောကထက် ကို အရှိန်က ပြင်းသထက်ပြင်း။ မြက်စားနေသော မြင်းတွေကလည်း ဟီသထက်ဟီ။ သူတို့သုံးယောက် မြင်းတွေရှိရာသို့သွားနေစဉ်…။

ရုတ်တရက် ကောင်းကင်မှ လျှပ်စီးတွေက လက်ပြီး မိုးက ခြိမ်းလာ…။

☺



# တကယ်ဖြစ်မယ့် အိပ်မက်အကြောင်း ပြောကြမယ်

www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ခါတော့ ထွဋ် တော်တော့်ကို ယုံကြည်သွားပြီ။ တစ်ခါက မက်သောအိပ်မက်နှင့် မနေ့ညက မက်သော အိပ်မက်က ဆက်စပ်မှုရှိကိုရှိနေပြီ။ ထွဋ် ဘာဆက်ဖြစ်မလဲ။ သိပ်… သိပ်… သိပ်ကို သိချင်နေမိပါသည်။

သူ သိချင်နေပုံကြီးက သိန်းတစ်ထောင်ဆုကို ရှေ့ဆုံးအက္ခရာ တူ နောက်က ဂဏန်းခြောက်လုံးမှာ ငါးလုံးတူပြီး ဂဏန်းတစ်လုံးသာ ကျန်တော့လို့ စောင့်ကြည့်ရသည့်အတိုင်းပင် ဖြစ်သည်။

♦

## အခန်း(၃)

'ဒါ ဖြစ်ရိုးဖြစ်စဉ်တစ်ခုတော့ မဟုတ်ဘူး၊ တစ်ခုခုတော့ ငါ့ဘဝအတွက် ထူးခြားလိမ့်မယ်လို့ ငါယူဆတယ်'

ထွဋ်က လမ်းလျှောက်လာနေရင်းမှ ရှေ့တည့်တည့်ရှိ ခဲလုံး တစ်လုံးကို ခြေထောက်နှင့် ဘောလုံးကန်နေသလိုမျိုး လုပ်လိုက်ရင်းမှ ကျော်မင်းအား ပြောသည်။

'ဘယ်လိုထူးခြားမှာလဲကွာ၊ မင်းရဲ့ အိပ်မက်က ကိုရီးယား ဇာတ်လမ်းတွဲတွေလို အပိုင်းလိုက်ဖြစ်နေပြီ'

'ကျော်မင်း သေချာတာတစ်ခုတော့ ငါပြောချင်တယ်၊ ဒီ အိပ်မက်တွေဟာ ငါနဲ့တစ်နည်းတစ်ဖုံ ပတ်ကိုပတ်သတ်လာလိမ့်မယ်၊ ဘယ်လိုနည်းနဲ့ ပတ်သက်လာမလဲတော့မသိဘူး'

ထို့နောက် ထွဋ်နှင့် ကျော်မင်းတို့ ဘာစကားမှမပြောတော့ဘဲ လမ်းဆက်လျှောက်လာရင်းမှ အိမ်တစ်အိမ်ရှေ့ရောက်သောအခါ ဦးလေးကြီးတစ်ဦးက ထိုင်နေတာကို တွေ့ရသည်။ ထိုအိမ်ရှေ့မှာ ဆိုင်းဘုတ်တစ်ခုကိုလည်း ချိတ်ဆွဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com



## အမိုးအငှားလိုက်သည်

ထွင့် ထိုဆိုင်းဘုတ်မြင်တော့ ရယ်ချင်သွားရင်း အိမ်ရှေ့မှာ ထိုင်နေသော ဦးလေးကြီးအား နည်းနည်းကလိချင်စိတ်ပေါက်သွားသည်။

‘ဖထီး… ဖထီးက သဘောကောင်းလှချည်လား’

‘ဘာဖြစ်လို့လဲဟေ့’

ထွင့်က ပြောသောအခါ ထိုဦးလေးကြီးက ဘာကိုဆိုလိုမှန်း မသိသဖြင့် ပြန်မေးသည်။

‘ဒီလို ဖထီးရေ… ဖထီးက သဘောကောင်းတာပေါ့ဆိုတာ က ဖထီးရဲ့ ဆိုင်းဘုတ်ကို သေသေချာချာပြန်ကြည့်လေ’

ထိုဦးလေးကြီးက သူ့နောက်ကျောဘက်က ဆိုင်းဘုတ်ကို ပြန်ဖတ်ကြည့်ရင်းမှ…

‘အေး… မင်းပြောသလို တွေးရင်တော့ အဟုတ်သားကွ၊ အမိုးအငှားလိုက်တယ်ဆိုတာက အလှူတွေဘာတွေမှာ ငါက ကန္နားဖျင်းဌားတာကို ပြောတာ၊ မင်းက တော်တော်ပေါက်ပေါက်ရှာရှာ တွေးတာပဲ’

ထွင့်က ကျော်မင်းနှင့်အတူ ဦးလေးကြီးအိမ်ရှေ့ကနေ လက်ဖက်ရည်ဆိုင်ဆီသို့ ထွက်လာခဲ့သည်။

‘ထွင့်ရာ… မင်းကတော့ကွာ၊ တော်သေးတယ်၊ ဦးလေးကြီးက သဘောကောင်းတဲ့ လူဖြစ်လို့၊ တော်ရုံတန်ရုံလူဆို မင်းရဲ့စကားက ရန်ဖြစ်ကိန်းပဲ’



‘ငါကော ဒီနေရာက ဖြတ်သွားတိုင်း အဲဒီဆိုင်းဘုတ်ကို ကြည့်ပြီး ကလိချင်နေတာ၊ ဒီနေ့မှပဲ ခွင်ဝင်သွားတော့တယ်’

ကျော်မင်းက ထွင့်ကိုတော့ ချီးကျူးသည်။ တစ်ခါတလေ ထွင့်ဆီက မထင်မှတ်သော သည်လိုကြောင်ကွက်တွေ တွေ့ရလို့ဖြစ်သည်။

ထွင့်နှင့် သူနှင့် ငယ်ငယ်ကတည်းက တွဲလာခဲ့တာမို့ ထွင့်ဆီမှ သည်လို ဇလေးတွေက မွေးကတည်းက ပါလာလားမသိ။ သူ့မှာ ဒါမျိုးခဏခဏကြုံဖူးလို့ ဖြစ်ပါသည်။

♦

ရောင်စုံလိပ်ပြာတွေက စံအိမ်တော် ဥယျာဉ်ထဲမှာ ဝဲပျံနေကြသည်။ ဥယျာဉ်တော်အတွင်း စိုက်ပျိုးထားသော ပန်းပင်တွေထက် ဝယ် ဟိုဒီပျံကာ ရှိနေကြသည်။ တောင်ကုန်းပေါ်ရှိ စံအိမ်တော် လေသာပြတင်းကနေ လှမ်းကြည့်လျှင် သဘာဝရှုခင်းတွေက အလွန့်ကို လှပလို့နေသည်။

လေသာပြတင်းတံခါးကို အသာပိတ်ပြီး ပိုးသားဆံနွယ်ကဲ့သို့ နက်မှောင်ရှည်လျားသော ဆံကေသာတွေကို လှုပ်ခါယမ်းရင်း စံအိမ်တော် အိမ်ပေါ်ထပ်လှေခါးကနေ အမျိုးသမီးတစ်ဦး ဆင်းလာကာ ဥယျာဉ်တော်ထဲရှိ ဒန်းပေါ်တွင်ထိုင်လိုက်ပြီး လိပ်ပြာလေးတွေ ဝဲပျံတာကို ကြည့်နေမိသည်။

ထိုစဉ်အချိန်မှာပင် စံအိမ်တော် ခြံဝင်းတံခါးဝကနေ မြင်းတစ်စီးက အသောနှင်လာရင်း ဒန်းပေါ်တွင် ထိုင်နေသော အမျိုးသမီးနား အရောက်တွင် မြင်းဇက်ကြိုးကို ရပ်တန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဘယ်အကြောင်းကြောင့် အရေးကြီးနေပါသနည်း'

'အရေးကြီးသပဆို ထိပ်ထားသခင်မလေးဆီ မေတ္တာတောင်းခံရင်း ထိပ်ထားသခင်မလေးနဲ့ အမေးပုစ္ဆာပဟေဠိတွေ ဖြေဆိုဖို့ လုလင်ပျိုသုံးဦး ဟောဒီစံအိမ်တော်ဆီလာနေကြလို့ပါ'

ဒန်းစီးနေသော အမျိုးသမီးက ညှို့ဓာတ်ပါသော အပြုံးနှင့် ပြုံးလိုက်ရင်း...

'ဪ... ထိပ်ထားလေးဆီကမေတ္တာတောင်းခံဖို့၊ လက်ထပ်ဖို့၊ ပြိုင်ပွဲဝင်ဖို့ သူတို့ရောက်လာကြပြီကိုး၊ ကဲပါ အိမ်တော်ရဲ့ ဧည့်ခန်းဆောင်မှာ သူတို့ရောက်လာရင် ရေပူရေချမ်းဧည့်ခံထားလိုက်ပါ'

ဒန်းပေါ်ကနေအမျိုးသမီးက စံအိမ်တော်ထဲပြေးဝင်သွားသည်။ ထိုအချိန်မှာပဲ နှင်းတွေက ကျဆင်းလာပြီး စံအိမ်တော်ခြံဝင်းထဲသို့ မြင်းသုံးစီးပြိုင်တူဝင်ရောက်လာကြသည်။

ကောင်းကင်ထက်မှ ကျဆင်းလာသော နှင်းတွေက လုလင်ပျိုသုံးဦး၏ အဝတ်အစားတွေပေါ်မှာ ရွှဲရွှဲစိုကုန်တော့သည်။

နှင်းစက်တွေက ထပ်မံပြီး တဖွဲဖွဲကျဆင်းနေလို့...။

☺



ယုံကြည်ပါရဲ့
အိပ်မက်ထဲက
ဇာတ်ကောင်ဟာ
ကိုယ်ကိုယ်တိုင်
ဖြစ်နေပါရော့လား

www.burmeseclassic.com

www.burmeseclassic.com

ယခုရက်တွေမှာ အိပ်မက်တွေ ဆက်တိုက်ဆိုသလို မက်နေသဖြင့် ထိပ်ထားခင်အတော်လေး အံ့အားသင့်နေမိသည်။ မက်သည့်အိပ်မက်တွေကလည်း အိပ်မက်တစ်ခုနှင့်တစ်ခုက အဆက်အစပ်ရှိနေသည်။

သည့်ထက် ပိုဆိုးတာက အိပ်မက်ထဲက ထိပ်ထားသခင်မလေးက သူဖြစ်လို့နေတာပဲ ဖြစ်သည်။

ထိပ်ထားခင် စဉ်းစားမိပါသည်။

အိပ်မက်ထဲက ဇာတ်ကောင်တွေဟာ အပြင်လောကမှာ မိမိကိုယ်တိုင်ဖြစ်တတ်ပါသလားဆိုတာကိုပဲဖြစ်ပါသည်။

ဘာတွေဆက်လက်ထူးခြားမလဲ။ ထိပ်ထားခင် သိပ်သိချင်နေပါသေးသည်။

◆

## အခန်း(၄)

ညကမက်သည့် အိပ်မက်အကြောင်းကို သူငယ်ချင်းတွေကို ပြောပြချင်သဖြင့် ထိပ်ထားခင် ကျောင်းသို့ရောက်လာသောအခါ သူငယ်ချင်းတွေကို အတန်းထဲမှာမတွေ့ရသဖြင့် ကင်တင်းဘက်မှာ ရှာကြည့်သောအခါ သူတို့တတွေက စားနေသောက်နေရင်းမှ စကားတွေပြောနေကြသည်။

'ဟဲ့… အိပ်မက်နတ်သမီး လာ… လာ… ဘယ်လိုဖြစ်လို့ ကျောင်းနောက်ကျတာလဲ၊ ညကအိပ်မက်တွေ မက်ပြန်ပြီထင်တယ်'

စားသောက်ဆိုင်စားပွဲဝိုင်းကနေ အစားပုတ်မခင်ပြုံးရီက လှမ်းအော်ပြောရင်းကနေ သူ့ဘေးကလွတ်နေသည့် ခုံမှာဝင်ထိုင်ခိုင်းသည်။

'ခင်ပြုံးရီရေ… တကယ်ပါပဲဟာ ညကအိပ်မက်ထဲမှာ ငါ အရင်နေ့တွေက မက်တာလို့ ပညာပြိုင်မယ့်လူတွေ ရောက်လာတယ်ဟ'

'ဟဲ့… ဒါဆို တရုတ်ကားတွေထဲကလိုပေါ့ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



နုနုက အံ့အားတအသင့်ဖြင့် မေးလို့အဆုံး စန်းစန်းတင့်က

'အေးဟယ်... ထိပ်ထားခင်၊ နင့်အိပ်မက်တွေက ဝတ္ထုကျနေ တာပဲ၊ နင်က မြင်းဖြူကြီးစီးလို့၊ ပြီးတော့ နင့်ဆီပညာလာပြိုင်မယ့် လူသုံးယောက်ကော၊ မုတ်ဆိတ်ဖြူအဘိုးအိုကော၊ ဂမ္ဘီရဝတ္ထုကြနေ တာပဲ'

'အေးဟယ်... ဘာတွေဆက်ဖြစ်မယ်မှန်း မသိဘူး'

'ဒါကတော့ နင်နဲ့တိုက်ဆိုင်တာပဲဖြစ်မယ်၊ နင်က တော်ရုံ တန်ရုံ ယောက်ျားလေးကို အထင်ကြီးတာမဟုတ်ဘူး၊ နင်ကိုယ်တိုင်က နင့်ကိုလာချဉ်းကပ်တဲ့သူတွေကို ပညာစမ်းပြီး ပဟေဠိလိုလုပ်တာတွေ ဟိုက လူတွေက မရှင်းပြနိုင်တော့ နင်က အားလုံးကို ပယ်ချနဲ့ ကေန္တ နင့်ရဲ့ဖူးစာရှင်အစစ်အမှန်ကိုတွေ့ဖို့ ဒီအိပ်မက်တွေက ဖန်တီး ပေးနေမလား မသိဘူး'


ခင်ပြုံးရီက သူမ ထင်မြင်ချက်ကိုပေးပါသည်။

'ဒါကတော့ ငါ့ခံယူချက်နဲ့ ငါပေါ့ဟာ၊ ငါက ငါ့ဘဝရဲ့ ခရီးဖော်ကို ငါစဉ်းစားတွေးခေါ်ပုံထက်ကိုသာစေချင်တာ၊ ငါက ချီးကျူးလေးစားရတဲ့သူမျိုးဖြစ်ချင်တာဟ'

'ဒါဆို ထိပ်ထားခင် နင်က နင့်ဘဝခရီးဖော်ကို ဘယ်လိုစံ တွေထားလဲ'

နုနုကမေးသည့်အခါ ထိပ်ထားခင်က School Bag အိတ်ထဲမှ ဗလာစာအုပ်တစ်အုပ်ကို ထုတ်၊ အလယ်စာရွက်ကိုဖြဲပြီး ပုံတစ်ပုံဆွဲပြ လိုက်ပါသည်။





'ကဲ... အခု ငါဆွဲတဲ့ပုံမှာ နင်တို့ ဘာမြင်သလဲ ပြောပြ'

ထိပ်ထားခင်က မေးသောအခါ သူငယ်ချင်းတွေအားလုံးက တစ်ပြိုင်နက်တည်း ဖြေပါသည်။

'ဘာမြင်ရမှာလဲ၊ အစက်ကို မြင်တာပေါ့'

ထိပ်ထားခင်က သူငယ်ချင်းတွေဖြေတာကို နားထောင်ပြီး ရယ်ရင်းက...

'နင်တို့က အလွယ်တကူ ကြည့်ပြီး ဆုံးဖြတ်တာကိုး၊ ဘဝမှာ အဲဒီလို ဆုံးဖြတ်ရင် အမှားပါလိမ့်မယ်၊ နင်တို့က ငါဆွဲပြတဲ့ပုံက အစက်ပဲမြင်တာကိုး၊ အဲဒီအစက်ဘေးက လွတ်နေတဲ့ နေရာတွေကြ တော့ နင်တို့မမြင်ဘူးလား၊ ငါက ငါ့ဖူးစာရှင်ဟာ အစက်ကိုမြင်တဲ့ သူမဟုတ်ဘူး၊ လွတ်နေတဲ့နေရာတွေကို မြင်တဲ့သူမျိုးပဲဖြစ်ရမယ်၊ အဲဒီလိုမြင်တဲ့သူဟာ အလုပ်တစ်ခုကို လုပ်တဲ့နေရာမှာ တိကျသူ စေ့စပ်သူ အကွက်ချလုပ်တတ်သူပဲဖြစ်ရမယ်၊ ဒါမျိုး ငါမတွေ့သေး ဘူး'

'ဒါဆိုလည်း နင့်ဘာသာနင်တွေ့အောင်ရှာပေတော့'

ထိပ်ထားခင်က ဘာမှပြန်မပြောဘဲ သူမဆွဲထားသော ပုံထဲက အစက်ဘေးနားရှိ နေရာတွေကိုပဲ ကြည့်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘ၀ဆိုတာမျိုးက အစက်ကိုကြည့်နေရုံနှင့် ပြီးရောလား။ အစက်ဘေးက လွတ်နေသည့် နေရာတွေကို လုပ်စရာတွေမရှိတော့ဘူးလား။ မစဉ်းစားဘဲနေလျှင်တော့ ပျင်းဖို့အတော်ကောင်းပါလိမ့်မည်။

◆

စံအိမ်တော် ဧည့်ခန်းဆောင်မှာ ကညင်ဆီမင်းတိုင်များ ထွန်းညှိထားသဖြင့် လင်းထိန်ဝင်းပလို့နေသည်။ ဧည့်ခန်းထောင့်အလယ်က ကျွန်းသစ်အရေခွံနှင့် ထိုင်ခုံအဖုံးလုပ်ထားသော ခုံမှာ ထိပ်ထားမင်းသမီးလေးက ထိုင်နေပြီး သူမပတ်ပတ်လည်မှာ လုလင်ပျိုသုံးဦးက ဝိုင်းထိုင်လို့နေသည်။

ထိုအချိန်မှာပင် စံအိမ်တော်ထဲမှ အမျိုးသမီးငယ်တစ်ဦးက ဗျပ်စောင်းကိုစတင်တီးခပ်ပြီး သီချင်းတစ်ပုဒ်ကို တိုးညှင်းစွာ သီဆိုနေသည်။ ဗျပ်စောင်းသံနှင့် သီချင်းသံကို နားထောင်နေသော လူလေးဦးအနက် လုလင်ပျိုနှစ်ယောက်၏ မျက်နှာမှာ ဝမ်းနည်းမှုအသွင်ကို ဆောင်နေပြီး ကျန်လုလင်ပျိုတစ်ဦးကတော့ ဘာကိုမှ အမှုမထားဘဲ ဂီတအရသာကိုသာ ခံစားသည့်ပုံ ပေါ်နေသည်။

ဗျပ်စောင်းတီးခြင်းနှင့် သီချင်းဆိုမှုရပ်တန့်သွားသောအခါ ထိပ်ထားသခင်မလေးက လုလင်ပျိုသုံးဦးအား ကြည့်လိုက်ပြီး…

'ထိပ်ထားနှမဆီက မေတ္တာတောင်းခံဖို့ ဟောဒီက မောင်တော်သုံးဦးပညာယှဉ်ပြိုင်တဲ့နေရာမှာ မောင်တော်နှစ်ဦးဟာ ရှုံးနိမ့်ပြီး ဒီမောင်တော်တစ်ဦးတည်းသာ ဖြေဆိုဖို့ ကျန်ပါတော့တယ်၊ ဒီတော့ ဒီစံအိမ်တော်ရဲ့ အစဉ်အလာအရ ရှုံးနိမ့်သူကို သူ့ရဲ့ယှဉ်ပြိုင်မှုကို သီချင်းနဲ့ ဂုဏ်ပြုပေးပြီးတဲ့နောက် ဒီစံအိမ်က ထွက်ခွာလို့ရပါပြီ၊ နောက်ဆုံး



မောင်တော်တစ်ဦးတည်းသာလျှင် ဆက်ပြီးယှဉ်ပြိုင်ဖို့ နေခဲ့ပါ။ ကျန်ခဲ့သည့် မောင်တော်နဲ့ နှမတော်လေး ယှဉ်ပြိုင်ကြတာ မည်သူမှ အနိုင်မရသေးသဖြင့် အနိုင်ရသည်အထိ ဆက်ပြိုင်ရပါဦးမယ်'

ထိပ်ထားသခင်မလေး စကားသံဆုံး ရှုံးနိမ့်သူ လုလင်ပျိုနှစ်ဦး စံအိမ်တော်ဧည့်ခန်းဆောင်ထဲကနေ လေးလံသော ခြေလှမ်းတွေနှင့် ထွက်ခွာသွားကြသည်။

သူတို့နှစ်ဦး၏ ကျောပြင်ကို ထိပ်ထားသခင်မလေးနှင့် ကျန်ရစ်သူလုလင်ပျိုက ကြည့်နေမိသည်။

ထို့နောက် ကျန်ရစ်သည့် လုလင်ပျိုက သူ့ရှေ့တည့်တည့်တွင် ချိပ်ဆွဲထားသော ကြေးမုံမှန်ကို တစ်ချက်လှမ်းကြည့်လိုက်တာကို ထိပ်ထားသခင်မလေး သတိပြုမိသွားသည်။

ထိုအခါမှပဲ ကညင်ဆီမီးတိုင်များ ငြိမ်းကုန်ကြသည်။ အားလုံး မှောင်အတိ။

☺

www.burmeseclassic.com



အလင်းကို တွေ့ချင်လှပြီ
ငါ့အိပ်မက်သစ်သီးတွေကို
ထွန်းညှိချိတ်ဆွဲချင်လို့ပါ။

www.burmeseclassic.com

www.burmeseclassic.com

ထွဋ်သည် အိပ်မက်မက်တော့မှပဲ ကိုယ့်ကိုယ်ကိုယ် အံ့အားသင့်နေပါသည်။ ဘာဖြစ်လို့လဲဆို အိပ်မက်ထဲမှာ ထိပ်ထားသခင်မလေးနှင့် ပဟေဠိယှဉ်ပြိုင်ဖို့ ကျန်ရှိနေသူက သူ ဖြစ်နေလို့ပါပဲ။

ထူးခြားတာက ထိုအိပ်မက်မက်ပြီး နောက်ထပ်ဘာအိပ်မက်မှ မမက်တာ ယခုထိပါပဲ။

အိပ်မက်က ဇာတ်သိမ်းကို တို့လို့တန်းလန်း ချန်ထားခဲ့သလား မသိပါ။

◆

ထိပ်ထားခင် ယခုရက်တွေမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်လို့ကို မရတော့။ သူမ မကြာမကြာ မက်သော အိပ်မက်ကို ဆက်မမက်လို့ ဖြစ်ပါသည်။ ယောင်ယမ်းပြီး တရေးနိုးလာတိုင်း အိပ်မက်အကြောင်းကို စဉ်းစားရင်းက ပြန်အိပ်လို့မရတော့။

ဇာတ်သိမ်းမှာ ပညာချင်း ယှဉ်ပြိုင်ပဟေဠိဖွက်သူနှစ်ဦး ဘာဆက်ဖြစ်မလဲ သူမ သိပ်ကို အရမ်းအရမ်းသိချင်နေပါတော့သည်။

အိပ်မက်စောင့်နတ်သမီးခမျာ ဇာတ်သိမ်းဖဲတစ်ချက် ဖွက်ခဲ့လေသလား မသိပါ။

◆

## အခန်း(၅)

Happy World ကလေးအားကစားကွင်းထဲမှာ ကလေးတွေကော လူကြီးတွေပါ သူ့ဟာနှင့်သူ အလုပ်ရှုပ်နေကြသည်။ ဆော့သည့်ကလေးကဆော့။ မိဘဦးလေးအဒေါ်သားချင်းတွေက ဘေးနားကနေ အော်ဟစ်ပြောသူပြော၊ ရယ်မောသူမောနှင့် သည်ကြားထဲ လှုဝင်ထားသော အရုပ်ကြီးတွေကလည်း ဟိုသွားလိုက် သည်သွားလိုက်နှင့် ထိုအရုပ်ကြီးတွေကို မြင်ပြီးကြောက်သည့် ကလေးတွေက ငိုသူငိုနှင့် ရှိနေကြသည်။

Happy World ကစားကွင်း အဝင်ဝရှေ့မှာတော့ လူကအုံနေသည်။ တေးစီးရီး ပရိုမိုးရှင်း လက်မှတ်ရေးထိုးပွဲကို အဆိုတော်များ ကိုယ်တိုင် လက်မှတ်ရေးထိုးပေးပြီး ဖြေဖျော်ပွဲပါရှိသဖြင့် သူ့ပရိသတ်နှင့်သူ ဖြစ်နေသည်။

ထွဋ်က သည်မြင်ကွင်းတွေကို ကြည့်ပြီး မျက်စိရှုပ်နေသည်။ ကိုယ်နှင့်က ဘာမှမဆိုင်။ ကိုယ့်အသက်အရွယ်နှင့် သည်လိုနေရာမျိုးလာတာ အသိတစ်ယောက်ယောက်က မြင်ရင် ကိုယ့်ကို ရယ်များရယ်နေမလားလို့။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာက ကျော်မင်းပင် ဖြစ်သည်။ သူနှစ်သက်သော အဆိုတော်ကောင်မလေး၏ စုပေါင်းသီချင်းစီဒီခွေထွက်သဖြင့် အဆိုတော်ကိုယ်တိုင် လက်မှတ်ထိုး အမြည်းသဘောဖျော်ဖြေတာကိုပါ ခံစားရမှာဖြစ်သဖြင့် ထွဋ်ကို မရမက အတင်းခေါ်လာလို့ဖြစ်သည်။

ထွဋ်ကတော့ Happy World ကလေးကစားကွင်းထဲကနေ လှမ်းမြင်နေရသော ရွှေတိဂုံစေတီတော်မြတ်ကြီးကိုပဲ ဖူးမြော်နေမိသည်။

♦

သည်နေ့ကြမှ ဘယ်လိုတိုက်ဆိုင်သည်ဟု ပြောရမှန်းမသိပါ။ ထိပ်ထားခင်၏ တူလေးဖြစ်သူ ပေါက်ပေါက်က Happy World ကလေးအားကစားကွင်းလိုက်ပို့ခိုင်းသည်။ သည်အချိန်မှာပဲ နုနုက ဖုန်းဆက်ပြန်သည်။ သူမကြိုက်သော အဆိုတော်မလေး၏ စုပေါင်းသီချင်းခွေ ပရိုမိုးရှင်းလက်မှတ်ရေးထိုးပွဲကော ဖြေဖျော်ပွဲပါရှိသဖြင့် Happy World ကလေးအားကစားကွင်းသို့ အဖော်အဖြစ်လိုက်ခိုင်းသည်။

သည်လိုနှင့် Happy World ကလေးအားကစားကွင်းသို့ ရောက်လာခဲ့သည်။ နုနုက ရောက်ရောက်ချင်းဆိုသလို သူမနှင့်တူလေး ပေါက်ပေါက်ကိုထားခဲ့ပြီး လက်မှတ်ထိုးသည့်နေရာသို့ သွားပါတော့သည်။ ပြီးတော့ ဖြေဖျော်မည့်နေရာမှာ နေရာမရမှာစိုးလို့ဆိုပြီး ကလေးတစ်ယောက်လိုမျိုး နေရာသွားဦးနေပါတော့သည်။

တူလေးပေါက်ပေါက် ကစားလို့မောသည်အထိ ထိပ်ထားခင်က ကလေးကစားကွင်းထဲမှာ ထိုင်စောင့်နေရပါသည်။ တူလေးပေါက်



ပေါက်က မော်တော်ကားမောင်းလိုက်၊ ဘောလုံးပစ်လိုက်၊ လျှောစီးလိုက်နှင့် အခြားဆော့နေသည့်သူနှင့် သက်တူရွယ်တူကလေးတွေကို ကြည့်ပြီးအော်လိုက် ဟစ်လိုက်နှင့် အပျော်ကြီးပျော်နေပါတော့သည်။ ဆော့လို့မောပြီဆိုမှပဲ ထိပ်ထားခင်ဆီရောက်လာပါသည်။

တူလေးပေါက်ပေါက်ကို အအေးဆိုင်မှာ အအေးဝယ်တိုက်ရပါသည်။ အအေးသောက်နေတုန်းမှာပဲ ဂီတဖြေဖျော်ပွဲစသံကြားနေရပါသည်။

'တီတီ… တား အပြင်သွားမယ်၊ သားကို ဟိုအပြင်မှာ ရောင်းနေတဲ့ မိုးပျံပူဖောင်းဝယ်ပေးနော်'

ထိပ်ထားခင် အအေးဖိုးပိုက်ဆံရှင်းပြီးလို့ ဆိုင်ကအထွက်မှာ ကစားကွင်းခန်းမရှေ့က ကွက်လပ်မှာ ရောင်းချနေသော မိုးပျံပူဖောင်းတွေကို လက်ညှိုးထိုးပြပြီး ဝယ်ခိုင်းပါသည်။

'ပေါက်ပေါက်ကတော့ လုပ်ပြီ'

ထိပ်ထားခင်က တူဖြစ်သူ ပေါက်ပေါက်လက်ကိုဆွဲပြီး ကစားကွင်းခန်းမအပြင်ဘက်သို့ ထွက်လာကာ မိုးပျံပူဖောင်းရောင်းသူထံသွားပြီး ပူစီဖောင်းတစ်လုံး ဝယ်လိုက်ပါသည်။ ပြီးတော့ တူလေးပေါက်ပေါက်လက်ထဲ ထည့်ပေးလိုက်ပါသည်။

တူလေးပေါက်ပေါက်က မိုးပျံပူဖောင်းကို လက်ကကိုင်ရင်းနှင့် ခုန်ပေါက်ပြေးလွှားလို့နေပါသည်။

'ပေါက်ပေါက် သိပ်မခုန်နဲ့ ချော်လဲမယ်၊ တော်ကြာမိုးပျံပူဖောင်းလက်ထဲက ကြိုးလွတ်သွားမယ်'

ထိပ်ထားခင်က သတိပေးပေမယ့် တူလေးပေါက်ပေါက်က နားမထောင်ဘဲ ပူဖောင်းကြိုးကို ကိုင်ရင်း ပြေးလွှားနေသဖြင့် ထိပ်ထားခင်က နောက်ကနေ ပြေးလိုက်နေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပေါက်ပေါက် သိပ်ချေးနဲ့၊ လဲမယ်'

ထိပ်ထားခင်က သတိပေးစဉ်မှာပဲ ပေါက်ပေါက်လက်ထဲမှာ ကိုင်ထားသော မိုးပျံပူဖောင်းကြိုးက လွတ်သွားပါသည်။

'ပူဖောင်းကြိုး လွတ်သွားပြီ'

ဗွေလေးပေါက်ပေါက်က သူ့လက်မှ ကြိုးလွတ်သွားသွားချင်း အော်ပြောနေပါသည်။

ထိပ်ထားခင်ကတော့ သည်လိုကြိုးလွတ်သွားတာ ဖြစ်တာ တောင်နည်းသေးတယ်ဟု စိတ်ထဲကနေ ပြောနေမိပါသေးသည်။

◆

ထွန်းက ကစားကွင်းခန်းမရှေ့ ကွက်လပ်ကနေ တစ်ယောက်တည်း ရွှေတိဂုံစေတီတော်ကြီးကို ကြည့်လိုက်၊ ရေကန်ထဲက လှေ လှော်သူတွေကို ကြည့်လိုက်နှင့် ရှိနေတုန်း သူ့ရှေ့မှာ မိုးပျံပူဖောင်းကြိုးစတစ်စက လွင့်လာသဖြင့် လက်နှင့်ဖမ်းဆွဲလိုက်သည်။

မိုးပျံပူဖောင်းက လေထဲမှာ သူက ကြိုးစကိုကိုင်ထားသဖြင့် တန်းလန်းတန်းလန်းနှင့် ဖြစ်နေသည်။

ကလေးငယ်တစ်ယောက်က အမျိုးသမီးတစ်ဦးလက်ကို ဆွဲပြီး သူကိုင်ထားသော ပူစီဖောင်းကို လက်ညှိုးထိုးပြနေသည်။

ထွန်း သိလိုက်ပြီ။ ထိုပူစီဖောင်းက လက်ညှိုးထိုးပြနေသော ကလေးငယ်လက်ထဲက လွတ်ကျသွားသော ပူစီဖောင်းပဲဖြစ်ရမည်လို့။

မိုးပျံပူစီဖောင်းကြိုးကို လက်မှာကိုင်ထားရင်း ထိုကလေးနှင့် အမျိုးသမီးရှိရာသို့ သွားလိုက်သည်။

'ဒီ ပူစီဖောင်းက သားသားလက်က လွတ်သွားတာ မဟုတ်လား'



'ဟုတ်တယ် ဦးဦး၊ သားဆော့ရင်း လွတ်သွားတာ'

ကလေးငယ်က စကားသွက်ပုံရသည်။ ချက်ချင်းပြန်ဖြေပါသည်။

'ရော့… သား… ပူစီဖောင်းကြိုးကို သားရဲ့လက်ညှိုးမှာ နှစ်ပတ်သုံးပတ်လောက်ရစ်ပြီးမှ ကိုင်၊ ဒါဆို မလွတ်ဘူး'

ထွန်းက ပြောပြောဆိုဆိုပဲ ကလေးငယ်လက်ညှိုးမှာ ပူစီဖောင်းကြိုးနှင့် နှစ်ပတ်သုံးပတ်ရစ်လိုက်သည်။ ကလေးငယ်က သူ့လက်ညှိုးမှာ ရစ်ထားသော ပူစီဖောင်းကြိုးကို လက်မနှင့် ဖိပြီး ဟိုပြေးဒီပြေး လုပ်နေပါသည်။ ပူစီဖောင်းကြိုးက လေထဲမှာ ဟိုဝေ့ဒီဝေ့နှင့် ထွန့်ထွန့်လူးနေပါသည်။

'ကျေးဇူးပါပဲ၊ ကျွန်မတူလေးရဲ့ ပူစီဖောင်းကိုလာပေးလို့'

'ရပါတယ်'

ကလေးငယ်၏ အနီးအနားမှာရှိသော အမျိုးသမီးက ကျေးဇူး တင်စကားပြောသဖြင့် ထွန်းက ပြန်လည်ပြောရင်းမှ ထိုအမျိုးသမီးကို သတိထားကြည့်မိသောအခါ အံ့အားသင့်သွားပါသည်။

ထိုအမျိုးသမီး မျက်နှာကလည်း သူ့လိုပင် အံ့အားသင့်နေပုံ ပေါ်နေပါသည်။

'သွားပါဦးမယ်'

'ဩော်… ဟုတ်ကဲ့၊ ဟုတ်ကဲ့'

ထွန်း ထိုနေရာကနေ ထွက်ခွာလာရင်း မည်သို့မည်ပုံ ခြေလှမ်း တွေ လှမ်းရမလဲဆိုတာကိုတောင် မသိတော့ပါ။ စိတ်ထဲ တစ်ခုခု ထူးခြားသလို ဖြစ်လာပါသည်။ မထူးတော့ဘူးဆိုပြီး Happy World ကလေးကစားကွင်းထဲကနေ ကျော်မင်းကိုထားပြီး ထွက်လာခဲ့ပါသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားခင်တစ်ယောက် မတ်တပ်ရပ်နေရင်းက လက်တွေခြေတွေအေးစက်သလို ဖြစ်လာပါသည်။ ရင်တွေဘာတွေလည်း တုန်လာပါသည်။ ဘယ်လိုဖြစ်သွားမှန်းတောင် မသိပါ။

နောက်ဆုံး တူလေးပေါက်ပေါက်ကို ခေါ်ပြီး နုနုကိုထားခဲ့ကာ အိမ်သို့ အမြန်ပြန်လာပါတော့သည်။

◆

အိပ်မက်တွေက ပစ္စုပ္ပန်မှာ တကယ်ဖြစ်လာတာ ထွင်္ဒမယုံလို့မရတော့ပါ။ လက်တွေ့ဘဝမှာ အိပ်မက်တွေထဲက မြင်းဖြူကြီးကိုစီးသော ထိပ်ထားသခင်မလေးကို အရှင်လတ်လတ်ကြီး မြင်ခဲ့ရပါသည်။ ဝတ်ဆင်ထားသော အဝတ်အစားတွေသာ ပြောင်းသွားသည်။ ရုပ်လက္ခဏာသွင်ပြင်က ဘာမှမပြောင်း။ ဘာတွေရှေ့ဆက်ဖြစ်လာဦးမလဲ မသိပါ။ ထွင်္ဒ ဆက်လက်စောင့်ကြည့်ရပါဦးမည်။

◆

ထိပ်ထားခင်တစ်ယောက် ကြုံတွေ့ခဲ့ရသည့် မြင်ကွင်းအတွက်အိပ်မက်စောင့်နတ်သမီးက ဝှက်ဖဲတစ်ချပ်ကို ပြန်ပေးခဲ့လေသလားမသိပါ။ အိပ်မက်ထဲမှာ ထိပ်ထားခင်နှင့် အပြိုင် ပဟေဠိယှဉ်ပြိုင်ရင်းမှ မေတ္တာပန်းကို ရယူဖို့ ကျန်ခဲ့သည့် လုလင်ပျိုနှင့် ပစ္စုပ္ပန်မှာသူမတွေ့ခဲ့ရသည့် သူက ချွတ်စွတ်တူနေပါသည်။

သည့်အတွက် အနာဂတ်ဇာတ်ဆရာကို ဖုန်းလှမ်းမဆက်တော့ပါ။ ဘာတွေဖြစ်လာမလဲ။ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်လိုက်ပါတော့မည်။

☺



စောင့်နေရတာတွေများလို့
ဒီတစ်ခါတွေ့ရင်တော့
အဲဒီအိပ်မက်ကို
လက်မှာ ပမ်းဆုပ်လိုက်မယ်။

www.burmeseclassic.com

## အခန်း(၆)

'.......... အဲဒါပါပဲကွာ'

ထွဋ်စကားအဆုံး ကျော်မင်းနှင့် အေးသိန်းက အံ့အားတသင့် ဖြစ်ကုန်ကြသည်။ ထွဋ်က ခုံကိုလက်နှင့် ခေါက်လိုက်သည်။

'ဒါဆို ထွဋ် မင်းလိုပဲ ဟိုကလည်း အိပ်မက်ထဲကလို ဖြစ်နေမလား မသိဘူး'

ကျော်မင်းက မေးသောအခါ ထွဋ်က...

'ဒါတော့ငါလည်း မပြောတတ်ဘူး၊ ဒါပေမဲ့ အဲဒီနေ့က ငါ အံ့အားသင့်သလို အဲဒီအမျိုးသမီးရဲ့ မျက်နှာမှာလည်း တစ်ခုခု ထူးခြားသလိုမျိုး တွေ့ရတယ်ကွ'

'ဒီလိုဆို အဲဒီအမျိုးသမီးက ဘယ်သူလဲ၊ ဘယ်မှာနေလဲ၊ မင်းသိရအောင် ကြိုးစားရင်း မေးကြည့်ပါလား'

အေးသိန်းက ပြောသောအခါ ထွဋ်က...

'ဟာ... မေးလို့မဟုတ်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ၊ တော်ကြာ ငါ့ကို တစ်မျိုးထင်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… ထွဋ်ရှ ငါ အတတ်ပြောရဲတယ်၊ အိပ်မက်ထဲက ရုပ်သွင်မျိုး မင်းတစ်ခါမှမမြင်ဖူးတာကို ပြင်ပဘဝမှာ တကယ်မြင်လာရပြီဆိုတော့ သေချာတယ်၊ အဲဒီအမျိုးသမီးဟာ မင်းရဲ့အိပ်မက်ထဲက အမျိုးသမီးဖြစ်ကိုဖြစ်ရမယ်၊ မင်းတို့ချင်းဆုံအောင် ကံဇာတ်ဆရာက ဖန်တီးပေးလိုက်တာဖြစ်မယ်'

'ဒါဆို အေးသိန်း ထွဋ်ရှရဲ့ အိပ်မက်တွေထဲကလို ပညာစမ်းတာတွေ ပဟေဠိဝှက်တာတွေပါလာတော့မှာပေါ့'

ကျော်မင်းစကားအဆုံး ထွဋ်ရှက…

'ဒီရှေ့လျှောက်ဖြစ်လာမယ့် ကိစ္စတွေကို ငါ စိတ်ဝင်စားသွားပြီ၊ ဘာဆက်ဖြစ်လာမလဲဆိုတာ ငါရင်ဆိုင်မယ်၊ ဒီကစားပွဲထဲကို ငါဝင်ပြီး သူလည်း ငါ့လိုပဲ ဝင်လာမလား၊ မလာဘူးလားဆိုတာစောင့်ကြည့်ကြတာပေါ့ကွာ'

ထွဋ်ရှက ခုံကိုလက်ညှိုးနှင့် အဆက်မပြတ်ခေါက်ရင်းမှ ပြုံးနေပါတော့သည်။

♦

နေက ပူသဖြင့် ဒပုံတက္ကသိုလ် ကင်တင်းမှာ လူရှင်းနေပါသည်။ ကျောင်းသားအနည်းငယ်သာ ရှိလို့နေသည်။ သို့သော် နေပူတာကို ဂရုမစိုက်နိုင်အားဘဲ စကားဝိုင်းဖွဲ့မိနေတာကတော့ ထိပ်ထားခင်တို့ သူငယ်ချင်းအုပ်စုပင် ဖြစ်ပါသည်။

'ဟယ်… ဒါမျိုးက ရုပ်ရှင်တွေထဲကလိုပါပဲလား ထိပ်ထားခင်ရယ်'

Happy World ကစားကွင်းထဲမှာ ကြုံခဲ့ရသည့် အဖြစ်အပျက်



ကို ထိပ်ထားခင်က ရှင်းပြလို့ အဆုံးမှာ ခင်ပြုံးရီက အံ့အားတသင့်ဖြင့်ပြောပါသည်။

'ငါကတော့ ဒင်းကို ရှာမတွေ့လို့ ဒေါသဖြစ်နေတာ ဒင်းက ဒါကြောင့် အိမ်ပြန်သွားတာကိုး'

နုနုက ထိပ်ထားခင်ကို ကြည့်ရင်းမှ ပြောပြန်ပါသည်။

'ထိပ်ထားခင် နင်တို့အဖြစ်က ထူးခြားနေပြီ၊ ဇာတ်လမ်းက အခုမှစမှာဟ၊ ငါတို့တော့ စိတ်ဝင်စားလာပြီ'

စန်းစန်းတင့်ကလည်း ရှေ့ဘာဆက်ဖြစ်လေမလဲ သိချင်စိတ်အမူအရာမျိုးဖြစ်နေပါသည်။

'အေးပါဟယ်၊ ငါလည်း တိုက်ပဲတိုက်ဆိုင်လွန်းတယ်လို့ ကျန်တာတွေ အသာထားဦး၊ အခုဟာက အိပ်မက်ထဲက ရုပ်ရည်မျိုးနဲ့ တစ်ပုံစံတည်းတူနေတာဟ'

'ဟဲ့… ရုပ်ကကော ချောလား'

ခင်ပြုံးရီက ထိပ်ထားခင် လက်မောင်းကိုကိုင်ပြီး မေးပါသည်။

'တစ်ခါတည်းတွေ့တာဆိုတော့ ငါက ဘယ်အကဲခတ်တတ်မလဲ၊ ဒါပေမဲ့ ယောကျ်ားပီသတယ်ဟ၊ ပြီးတော့ ပျော်တတ်မယ့်ပုံပဲ'

'ဒီလိုဆို နင်နဲ့ရှေ့သွားနောက်လိုက်ညီပြီပေါ့ဟာ၊ နင်ကလည်း ချောတာဆိုတော့ ဟိုက အိပ်မက်ထဲကလိုမဟုတ်ဘဲ မျက်နှာပြောင်တဲ့သူဆိုရင် ဘယ်လိုလုပ်မလဲ'

'နုနုပြောတာ ဟုတ်တယ်၊ တော်ကြာ အိပ်မက်ထဲကလို ပဟေဠိတွေ ပညာစမ်းတာတွေ မလုပ်ဘဲ ကဲတဲ့ယောကျ်ားလေးမျိုးဖြစ်နေရင်ကော'

www.burmeseclassic.com

www.burmeseclassic.com



စန်းစန်းတင့်စကားအဆုံး ထိပ်ထားခင်က ထိုင်နေသည့်စားပွဲဝိုင်းကနေ ကင်တင်းအပြင်ဘက် လမ်းမဆီသို့ ကြည့်လိုက်သည်။

'အိပ်မက်ထဲကလို ဖြစ်လာတာ မဖြစ်လာတာ အသာထားပေါ့ဟာ၊ ငါထင်တယ် အဲဒီလူနဲ့ ငါထပ်ပြီးဆုံကိုဆုံရဦးမယ်လို့၊ အဲဒီအခါ ဘာဆက်ဖြစ်မလဲ ငါသိပ်ကိုသိချင်နေတာကတော့ အမှန်ပဲ'

'ထိပ်ထားခင် ဒါဆိုလည်း နင်က အိပ်မက်ထဲမှာပဲ တွေ့နေရအောင်နေရဆိုတော့ ဒီတစ်ခါ ပစ္စုပ္ပန်မှာ ထပ်တွေ့ရင် အဲဒီလူ ထွက်ပြေးမသွားအောင် နင်က လက်မှာရုပါဂလူးကော်ကပ်ပြီး ဘယ်မှ မသွားရအောင် မလွှတ်တမ်းဆွဲထားပေတော့'

ခင်ပြုံးရီ စကားအဆုံး သူငယ်ချင်းနှစ်ဦးက ဝိုင်းရယ်ပေမယ့် ထိပ်ထားခင်ကတော့ မရယ်ဘဲ ပြုံးရုံလေး ပြုံးနေပါသည်။

◆

ညနေခင်းသည် တိမ်ရောင်စုံတို့ဖြင့် လှပလို့နေသည်။ ဥယျာဉ်တော်ခြံဝင်းထဲရှိ သစ်ပင်ပန်းမာန်များတွင် ပွင့်ဖူးနေသော ပန်းပွင့်ရောင်စုံတွေကလည်း ညနေလေပြည်ညင်းနှင့်အတူ လှပဝေဆာလို့နေသည်။ ပန်းပွင့်တွေပေါ်မှာ ပျားပိတုန်းလိပ်ပြာတွေကလည်း ဟိုဒီဝဲပျံနေကြသည်။

ဥယျာဉ်တော်အတွင်းရှိ စံအိမ်တော်ထဲကနေ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော ထိပ်ထားသခင်မလေးက ကျောက်ဖြူစားပွဲခင်းထားသော နေရာဆီသို့ လှမ်းလာနေသည်။ ထိုကျောက်ခုံစားပွဲတွင် လုလင်ပျိုတစ်ဦးက ထိုင်ရင်း ကောင်းကင်ကြီးကို မော့ကြည့်နေသည်။



'ထိပ်ထားနှမကို စောင့်နေရတာ စိတ်တော်များညစ်နေပါသလား'

ထိပ်ထားသခင်မလေးက လုလင်ပျိုနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ရင်းက မေးပါသည်။

'မညစ်နွမ်းပါဘူး နှမတော်၊ ညနေခင်း ဆည်းဆာအလှကို ကြည်နူးနေလို့ နှမတော်နဲ့ ပညာယှဉ်ပြိုင်ပဟေဠိဖွက်မယ့်ကိစ္စကိုတောင် မေ့တော်မူနေပါရောလား'

ထိပ်ထားသခင်မလေးက လုလင်ပျိုစကားကြောင့် ပြုံးလိုက်သည်။

'ဟုတ်ပါရဲ့၊ မောင်တော်နဲ့ နှမတော် ပညာယှဉ်ပြိုင်ပဟေဠိဖွက်နေကြတာ ဒီနေ့ထိ မည်သူမှ အနိုင်မရဆိုတော့ ပြိုင်ပွဲကို ဆက်ရဦးမှာပါပဲလေ'

လုလင်ပျိုက ဘာစကားတစ်ခွန်းမှ မဟဘဲ ထိပ်ထားသခင်မလေး အရိပ်အခြေအနေကိုသာ အကဲခတ်နေပါသည်။

ထိုအချိန်မှာပဲ ဥယျာဉ်တော်အတွင်းရှိ စံအိမ်တော်ခေါင်မိုးပေါ်ကနေ လင်းယုန်ငှက်နှစ်ကောင်က အိပ်တန်းတက်ဖို့ ဖြတ်ပြန်သွားသည်ကို လုလင်ပျိုကော ထိပ်ထားသခင်မလေးပါ လှမ်းမြင်လိုက်ရသည်။

'ကဲ... မောင်တော့်ကို မေးမယ်၊ ဆည်းဆာရောင်ပြန်ဆိုတာ ဘာလဲ'

ထိပ်ထားသခင်မလေး၏ မေးခွန်းစကားအဆုံး လှပနေသော ကောင်းကင်မှာ ရဝေ်တရက် မည်းမှောင်လာပြီး လျှပ်စီးတွေလက်ကာ မိုးခြိမ်းသံတွေက ညံစီလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျို့နှင့် ထိပ်ထားသခင်မလေးတို့ ထိုင်ရာကနေ ဘာလုပ်ရမှန်းမသိ။ မှောင်အတိကျလာပြီး ဘာကိုမှမမြင်ရ။ ဘာမှမသဲကွဲ။

☺



မသဲကွဲတဲ့
အိပ်မက်လား
ပစ္စုပ္ပန်သူရဲ့ကောင်းက
ကမ္ဘာဆန်တဲ့စီဒီပွင့်ရင်း
ရယ်မောပြေရှင်းနေလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဆက်လက်မမက်တော့ဘူးဟု ထင်ထားသော အိပ်မက်က ပြန်ပြီးဆက်မက်သဖြင့် ထိပ်ထားခင် ဘယ်လိုဆင်ခြင်စဉ်းစားဆုံးဖြတ်ရမှန်းမသိပါ။ သည်တစ်ခါမက်သည့် အိပ်မက်က အရင်ကလိုပါပဲ။ အိပ်မက်ထဲက ထိပ်ထားသခင်မလေးက သူမကိုယ်တိုင်ထပ်ဖြစ်နေပြီး အိပ်မက်ထဲမှာ ပဟေဠိယှဉ်ပြိုင်သည့် လုလင်ပျိုကလည်း အရင်သူမမက်နေကျ အိပ်မက်ထဲက လုလင်ပျိုရုပ်သွင်ဖြစ်ရုံသာမက တစ်နေ့က တွေ့ခဲ့သည့် လူနှင့်လည်း ထပ်တူ တူညီနေပါသည်။ အိပ်မက်ထဲမှာ ထိပ်ထားသခင်မမေးသော မေးခွန်းကို လုလင်ပျိုက ဘယ်လိုဖြေသလဲဆိုတာ မသိလိုက်ရဘဲ အိပ်မက်က လန့်နိုးလာတာကိုပဲ ထိပ်ထားခင်က ယူကျုံးမရဖြစ်နေမိပါသည်။

အိပ်မက်အချို့သည် အိပ်မက်မက်သူတို့ကို တို့လိုးတန်းလန်းထားခဲ့ဖို့ ဘယ်သူက ကျိန်စာတိုက်ခဲ့လေသလဲကွယ်။

♦

## အခန်း(၇)

'ထိပ်ထားခင်... ငါ့ဘဝမှာ ဒါမျိုးတစ်ခါမှ မကြုံဘူး၊ ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာလည်း မဖတ်ဖူး မမြင်ရဘူးဟာ'

ညက အိပ်မက်အကြောင်းကို ကျောင်းရောက်တော့ ကင်တင်းမှာ ထိပ်ထားခင်က ပြောပြသောအခါ နုနုက သောက်လက်စ အအေးပုလင်းကို ချလိုက်ရင်းမှ အံ့အားတသင့် ပြောပါသည်။

'နင့်ရဲ့ မမက်တာကြာတဲ့ အိပ်မက်ကို အိပ်မက်ထဲက လုလင်ပျိုနဲ့တူတဲ့ လူနဲ့ ပြင်ပဘဝမှာ ပြန်ဆုံပြီးမှ မက်တာဆိုတော့ ကြေနှင်တို့မှာ မသိနိုင်လောက်တဲ့ ဟိုးဘဝများစွာက အကြောင်းတွေရှိလို့ ရေစက်မဆုံလို့လာတွေ့ဖို့ အိပ်မက်တွေကို နတ်သိကြားတွေက လှုံ့ဆော်ပေးတာလားမှ မသိတာ'

ခင်ပြုံးရီက မှတ်ချက်ချပါသည်။

'ငါသာ ထိပ်ထားခင်နေရာမှာဆို အဲဒီလူကို ပုဆိုးကိုင်ပြီး မေးလိုက်မယ်၊ ရှင်ကော ကျွန်မလို အိပ်မက်တွေ မက်လားလို့'

www.burmeseclassic.com

www.burmeseclassic.com



'စန်းစန်းတင့်ရယ် ဒါက ငါကသာ ငါ့အဖြစ်ပြောနေတာ၊ အဲဒီလူကတော့ ငါ့လိုမျိုး အိပ်မက်တွေမက်သလား မမက်ဖူးလား ဘယ်မှာနေလဲ ဘာလဲ ဘာမှမသိတာ၊ ပြီးတော့ အဲဒါကြီးမေးဖို့မှ မကောင်းတာ၊ ကဲပါ အဲဒါတွေ မေ့လိုက် စားစရာရှိတာသာ စားပါဟာ'

ထိပ်ထားခင်က စန်းစန်းတင့်ကို ဖြေရှင်းချက်ပေးရင်း နေ့လည်ခင်းထမင်းစားချိန်မို့ ဗိုက်က စကားပြောလာတာများသဖြင့် ဆာလာတာ စကားကိုရှေ့ဆက်မပြောတော့ဘဲ ထမင်းကိုသာ စားနေမိပါသည်။

♦

အတန်းချိန်က အခုမှပြီးသဖြင့် ထွဋ် ဗိုက်တော်တော်ဆာနေပြီ။ ကျော်မင်းနှင့်အေးသိန်းတို့ စာသင်ခန်းဘက်ကို သွားတော့ သူတို့နှစ်ယောက်နှင့် လမ်းမှာဆုံပါသည်။ သူတို့နှစ်ယောက်က စကားကောင်းနေကြတာ ထွဋ်ကိုတောင် သတိမထားမိ။ သည်နှစ်ယောက် ဘာတွေပြောနေကြသလဲမသိ။

'ကမ္ဘာကြီး ဘာဖြစ်သွားမှာမို့လို့ ငါ့ကို မတွေ့လောက်အောင် မင်းတို့ ဆွေးနွေးနေကြတာလဲ'

ထွဋ်က ကင်တင်းသို့ရောက်ခါနီးမှာ ကျော်မင်းနှင့်အေးသိန်းကို မေးလိုက်ပါသည်။

'ကျော်မင်းပေါ့ကွာ၊ သူ့အဘိုးပေါက်ကွဲတဲ့အကြောင်းကို ပြောနေတာ၊ တစ်မနက်လုံး အိမ်မှာ အဲဒီအကြောင်းကိုပဲ ပေါက်ပေါက်ဖောက်နေလို့ နားငြီးလို့တဲ့ဟ'



ကျော်မင်း အစား အေးသိန်းက ရှင်းပြပါသည်။

'ဒါဆိုလည်း ကင်တင်းရောက်မှ ငါ့ကိုပြောစမ်းပါဦးကွာ၊ နားဆင်ရတာပေါ့'

'နေပါဦး ထွဋ်ရ၊ အရင်တုန်းက မင်းက ဒီသိပ္ပံဆောင်တွေဘက်က ကင်တင်းကို မလာပါဘူး၊ အခုမှ ဘယ်လိုဖြစ်ရတာလဲ'

ကျော်မင်းကမေးသည့်အခါ ထွဋ်က…

'ဒါကတော့ကွာ၊ ငါတို့ဝိဇ္ဇာဆောင်တွေဘက်က ကင်တင်းမှာ စားနေရတာ ရိုးနေပြီလေကွာ၊ အပြောင်းအလဲဖြစ်အောင်ပေါ့ကွာ၊ လာစမ်းပါ'

ထွဋ်က ရှေ့ကနေ ဦးဆောင်ပြီး စားသောက်ဆိုင်ထဲ ဝင်လာခဲ့သည်။ မိန်းကလေးလေးယောက် ထိုင်နေသော စားပွဲဝိုင်းနှင့်ကပ်လျက်ရှိသော စားပွဲဝိုင်းတွင် ထွဋ်က ကျောပေးဝင်ထိုင်လိုက်သည်။ ကျော်မင်းနှင့် အေးသိန်းကလည်း ခုံတစ်ယောက်တစ်လုံးဆွဲပြီး ထိုင်ရင်းက မှာစရာရှိတာများကို မှာလိုက်သည်။

♦

ထိပ်ထားခင် ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ကင်တင်းက စားသောက်ဆိုင်ထဲကို ဝင်လာပြီး ကျောပေးထိုင်လိုက်သူက သူမကို မမြင်။ သူမက သူ့ကိုမြင်ကတည်းက Happy World ကလေးကစားကွင်းမှာ တွေ့ခဲ့သူ။ ပြီးတော့ အိပ်မက်ထဲက လုလင်ပျို။ ထိုလူက သည်ဒဂုံတက္ကသိုလ်မှာ ကျောင်းတက်နေသူပါပဲလားဟု သူမ တွေးလိုက်မိသည်။

'ထိပ်ထားခင်… ဘယ်လိုဖြစ်လို့ နှင့်ပုံစံက မဟုတ်မလှုပ်ဖြစ်သွားတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရှူး… ရှူး'

ထိပ်ထားခင်က နှုတ်ခမ်းကို လက်ညှိုးနှင့်ဖိရင်းမှ စကားတိုးတိုးပြောဖို့ နုနုကို အမူအရာနှင့်ပြလိုက်သည်။ ပြီးတော့ ချထားသော ကျောပိုးအိတ်ထဲက Note Pad စာအုပ်ကို ထုတ်လိုက်ပြီး စာရွက်တစ်ရွက်ကိုဖြဲကာ ဘောပင်နှင့်ချရေးလိုက်သည်။

'ငါ့အိပ်မက်ထဲက လုလင်ပျိုက
ငါတို့ဘေးနားက ဝိုင်းမှာ
ကျောပေးထိုင်နေတယ်
နင်တို့ဘာမှမပြောနဲ့
အကဲခပ်နေ သိလား'

ထိပ်ထားခင်က Note Pad စာရွက်ကို နုနုကို ကမ်းပေးလိုက်သည်။ နုနုကဖတ်ကြည့်ပြီး ဘေးနားကဝိုင်းကို မသိမသာကြည့်လိုက်ပြီး Note Pad စာရွက်ကို ခင်ပြုံးရီတို့ဆီ လက်ဆင့်ကမ်းလိုက်ပြန်ပါသည်။ ခင်ပြုံးရီကလည်း ဖတ်ပြီး စန်းစန်းတင့်ကို ပေးပြန်ပါသည်။ စားပွဲဝိုင်းတစ်ဝိုင်းလုံး အကြောင်းစုံ သိရှိသွားသောအခါ စကားကို ကျယ်ကျယ်တောင် မပြောတော့ဘဲ ကပ်လျက် စားပွဲဝိုင်းကိုသာ မသိမသာနှင့် ကြည့်လိုက် နားစွင့်လိုက် လုပ်နေပါတော့သည်။

♦



'ကျော်မင်း လုပ်စမ်းပါဦး၊ မင်းရဲ့အဘိုး ပေါက်ကွဲတယ်ဆိုတာ'

ထွဋ်က ခေါက်ဆွဲကြော်ကို ဇွန်းနှင့်ဆွနေရင်းမှ ကျော်မင်းကိုမေးလိုက်သည်။ ကျော်မင်းက စားလက်စဇွန်းကို ပန်းကန်ထဲပြန်ချထားလိုက်ပြီး…

'ဘာဖြစ်ရမှာလဲကွ၊ ငါ့အဘိုးက သူ ညွှန်မှူးဘဝက လာလိုက်တဲ့ဧည့်သည်တွေဆိုတာ ပေးလိုက်တဲ့လက်ဆောင်ပစ္စည်းတွေ၊ လူတိုင်းက ဆရာ ဆရာနဲ့တဲ့၊ သားသမီးတွေကလည်း ဒယ်ဒီမှ ဒယ်ဒီတဲ့၊ ဟော အခုအငြိမ်းစားယူလာတာ ဆယ်နှစ်လောက်လည်းကျရော ဧည့်သည်လည်း မလာ၊ သားသမီးတွေကလည်း မလေးစားဘူးတဲ့၊ တပည့်တွေကတောင် လမ်းမှာတွေ့ရင် မတွေ့ချင်ယောင်ဆောင်တယ်တဲ့၊ အဲဒါကို နေ့တိုင်းပြောနေတာပဲကွာ'

ထွဋ်က ကျော်မင်းစကားနားထောင်နေရင်းက ခေါက်ဆွဲကြော်ကို စားနေပါသည်။ ဇွန်းနှင့် သုံးလေးဇွန်းစားပြီးတော့မှ…

'ကျော်မင်းရာ အဲဒါက မင်းအဘိုးလည်း ခေတ်ပညာတတ်တစ်ယောက်ပဲဟာ၊ လောကနိယာမကို သူ မသိချင်ယောင်ဆောင်ရင်းသူ့လိုအင်တွေမပြည့်လို့ ဖြစ်နေတာပါ၊ ဒါက အင်္ဂလိပ်လိုပြောရရင် After Glow လို့ခေါ်တယ်၊ မြန်မာလိုဆိုရင်တော့ ဆည်းဆာရောင်ပြန်ပေါ့ကွာ၊ မနက်အာရုဏ်တက်ဆည်းဆာရဲ့အလှကို ဘဝရဲ့တစ်နေ့တာစာမျက်နှာသစ်ဖွင့်ဆိုခဲ့တယ်လို့ ပြောရမယ်ဆိုရင် ညနေဆည်းဆာဟာ ဘဝရဲ့နေဝင်ချိန်ပေါ့ကွာ'

'ထွဋ် မင်းရဲ့စကားကို ရှင်းပါဦးကွ'

ကျော်မင်းက ထွဋ်၏စကားကို စိတ်ဝင်စားသွားသဖြင့် ထပ်ရှင်းခိုင်းပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီ After Glow ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ နေဝင်ပြီးတဲ့နောက် ကောင်းကင်မှာ တိမ်တောက်ပြီးကျန်ရစ်တဲ့အလင်းရောင်ပေါ့ကွာ၊ ကြည်နူးဆွတ်ပျံ့ခဲ့တဲ့ အတိတ်ကိုပြန်ပြောင်းသတိရခြင်းလို့လည်း ဖွင့်ဆိုကြတယ်၊ တို့လို လူတွေရဲ့ဘဝမှာ ဆည်းဆာရောင်ပြန်တွေရှိကြတာပေါ့၊ လူဟာ ကိုယ်ဇရာရောက်လာတဲ့ အခါမှာ ဒီဆည်းဆာရောင်ပြန်ကို ဆင်ခြင်နိုင်ရမယ်၊ မင်းတို့ကို ငါဥပမာပြောပြမယ်၊ အီရတ်က ကူဝိတ်နိုင်ငံကို ကျူးကျော်တုန်းက သဲကန္တာရမြေခွေးလို့ ခေါ်တဲ့ စစ်ဆင်ရေးကို ကုလသမဂ္ဂတပ်တွေနဲ့ ပူးပေါင်းပြီး အမေရိကန်ကလည်း ဝင်တိုက်တယ်၊ အဲဒီအချိန်မှာ ကန္တာရမြေခွေးစစ်ဆင်ရေးတပ်တွေရဲ့ စစ်သေနာပတိချုပ်က ရွှန်းကော့ဖ်ဆိုတဲ့ စစ်ဗိုလ်ချုပ်ကြီး၊ အဲဒီစစ်ဗိုလ်ချုပ်ကြီးက အဲဒီစစ်ပွဲတွေပြီးလို့ အငြိမ်းစားယူတဲ့အခါ သူ့ကို အင်တာဗျူးတယ်၊ ဗိုလ်ချုပ်ကြီး စစ်သည်ငါးသိန်းကို အုပ်ချုပ်ပြီး သေနင်္ဂဗျူဟာဆင်ပြီး တိုက်ပွဲနွှဲခဲ့တာ အခုအငြိမ်းစားယူချိန်မှာ ဘယ်လိုခံစားရပါသလဲတဲ့၊ ဒီအခါ အငြိမ်းစားယူတဲ့ဗိုလ်ချုပ်ကြီးက ဟာဗျာ… အခုတော့ ပြောကိုမပြောချင်တော့ဘူး၊ အိမ်မှာ ရေပိုက်ပျက်လို့ ရေပိုက်ပြင်သမားခေါ်တာ လွယ်လွယ်နဲ့တောင်မရပါဘူးဗျာတဲ့၊ အဲဒါ လောကခံတစ်ခုလို့ ပြောပြော ဘဝသင်ခန်းစာတစ်ခုပဲဆိုဆို ဆည်းဆာရောင်ပြန်ပဲပေါ့ဗျာ၊ ကျော်မင်းရဲ့အဘိုးက အဲဒါမျိုး ဆင်ခြင်မိရင် လောကခံဆည်းဆာရောင်ပြန်ကို နားလည်လိမ့်မယ်'

ထွဋ်၏ ရှင်းပြသည့်စကားအဆုံး ကျော်မင်း၏ မျက်နှာက ဝင်းပသွားပြီး အားရဝမ်းသာဖြင့်…

'ထွဋ်… အိမ်ရောက်ရင် ငါ့အဘိုးကို ငါ အခုမင်းပြောတဲ့အတိုင်း ရှင်းပြမယ်၊ အဘိုးက ဒါဆို သူလည်းသဘောပေါက်ဆင်ခြင်မိမှာပဲ'



ထွဋ်က ဘာမှမပြောဘဲ စားလက်စလက်ကျန်ခေါက်ဆွဲကြော်ကို ဆက်စားလိုက်ပါသည်။ အေးသိန်းက ထွဋ်ကိုကြည့်ရင်း…

'ထွဋ်ရာ… မင်းကိုပြောလို့ပြောတာမဟုတ်ဘူး၊ မင်းက ဗဟုသုတလည်းရှိတယ်၊ စာဖတ်အားလည်းကောင်းတယ်၊ အရာရာကိုဖြေရှင်းတဲ့နေရာမှာလည်း ဇနစ်ကျတယ်၊ တော်တယ်ကွာ'

'တော်ပါတော့ အေးသိန်းရာ၊ ငါ့ကို မချီးကျူးနဲ့၊ ကဲ… စားကွာ၊ စားပြီးသောက်ပြီးရင် အတန်းဘက်ပြန်သွားမယ်'

ထို့နောက်တော့ စားစရာရှိတာများကို ထွဋ်တို့ စားသောက်ပြီး ကျသင့်ငွေရှင်းကာ ကင်တင်းကနေ အတန်းရှိရာသို့ ထွက်လာခဲ့သည်။

◆

စားပွဲဝိုင်းမှာ ထိုင်နေသော ထိပ်ထားခင်နှင့် သူငယ်ချင်းသုံးဦး တစ်ယောက်မျက်နှာတစ်ယောက်ပြိုင်တူကြည့်လိုက်ကြသည်။ သူတို့တစ်တွေမျက်နှာမှာ အံ့အားသင့်မှုတွေက မပျယ်သေးပါ။

'ဟယ်… ငါတော့ ကြားနေရင်းက ကြက်သီးတောင်ထတယ် ထိပ်ထားခင်၊ နင်က ညကအိပ်မက်ထဲမှာ ဆည်းဆာရောင်ပြန်ဆိုတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး အိပ်မက်မက်တယ်ပြောတယ်၊ ဟော အဲဒီထွဋ်ဆိုတဲ့လူကလည်း သူ့သူငယ်ချင်းကို ရှင်းပြနေတာကလည်း အဲဒီအကြောင်းပဲဖြစ်နေတယ်'

'ဟုတ်တယ် နုနု၊ အိပ်မက်နဲ့တကယ့်ဘဝဆိုတော့ ဒီလောက်တော့ကွဲလွဲချက်ရှိမှာပေါ့'

'စမ်းစမ်းတင့် နင် ကြားတယ် မဟုတ်လား၊ ထွဋ်ဆိုတဲ့လူက ဘယ်လောက်တော်ကြောင်း သူ့သူငယ်ချင်းက ချီးမွမ်းနေတာ၊ ပြော

www.burmeseclassic.com

www.burmeseclassic.com



မယ့်သာပြောတာ ထွန့်ဆိုတဲ့လူက ယောက်ျားတော့ပီသသားဟ၊ ငါတို့ ဝိုင်းဘက်ကိုတောင် လှည့်မကြည့်သွားဘူး၊ ကြည့်မိလို့ ထိပ်ထားခင်ကို မြင်သွားရင် ဘယ်လိုဖြစ်မလဲ မသိဘူး'

ခင်ပြုံးရီက သူ့အမြင့်ကို ပြောဆိုလို့ အပြီး ထိပ်ထားခင်က

'အဲဒီလိုမမြင်သေးတာကိုက ရှေ့ဆက်ဘာကြုံတွေ့ရမလဲဆိုတာ ခံစားလို့ကောင်းတာပေါ့ဟာ၊ နို့မို့ဆို ဇာတ်လမ်းက ပြီးသွားမှာ'

'ထိပ်ထားခင် နင်တို့အိပ်မက်ထဲက ဘဝဟောင်းက ဇာတ်လမ်းမပြီးသေးဘူး၊ ငါလောင်းရဲတယ်၊ ရှေ့ဆက်ဖြစ်လာဦးမှာ'

နုနုကပြောလိုက်သည့် စကားကို ကျန်သည့်သူတွေက လက်ခံသည့်အလား နှုတ်ဆိတ်နေပေမယ့် ထိပ်ထားခင်ကတော့ ကင်တင်းအပြင်ဘက်ကိုသာ ငေးမောကြည့်နေလို့နေပါသည်။

သူမ စဉ်းစားနေတာက ဆက်မက်နိုင်သည့် အိပ်မက်ထဲမှာ ထိပ်ထားသခင်မလေးနှင့်လုလင်ပျိုမည်ကဲ့သို့ အဖြစ်အပျက်တွေ ဆက်ဖြစ်လာလေဦးမလဲဆိုတာပဲဖြစ်ပါသည်။

♦

ဈေးနေ့မို့ စည်ကားနေသည်။ နွားလှည်းတွေ၊ မြင်းလှည်းတွေ၊ ဆိုင်းထမ်းတွေကော ဝယ်သူရောင်းသူ အသံဗလံတွေနှင့် ဆူညံနေသည်။ အဝတ်အထည်စများ၊ လယ်ယာသုံး ပစ္စည်းများ၊ အသီးအနှံ ဟင်းသီးဟင်းရွက်များကလည်း လမ်းဘေးဝဲယာတစ်လျှောက်မှာ ခင်းကျင်းလို့ ထားသည်။



ဈေးနှင့်ခပ်လှမ်းလှမ်းရှိ ညောင်ပင်ကြီးအောက်က ဝါးခုံတန်းလျားမှာ အဖြူရောင်ဝတ်စုံနှင့် ထိပ်ထားသခင်မလေးက ထိုင်နေတော်မူသည်။ သူမနှင့်မလှမ်းမကမ်းမှာ လုလင်ပျိုက ဝယ်သူရောင်းသူများနှင့် စည်ကားနေသော မြင်ကွင်းကို မျက်တောင်မခတ်ဘဲ အကဲခတ်နေသည်။

'ဘယ်လိုလဲ မောင်တော်ရဲ့၊ အဘယ်ကြောင့် မျက်တောင်များပင်မခတ်အားဘဲ ကြည့်နေရပါသလဲ၊ ဘာလဲ နှမတော်နဲ့မောင်တော် ပညာယှဉ်ပြိုင်ခဲ့ကြတာ အနိုင်အရှုံးမပေါ်သေးလို့ မောင်တော်က သည်တစ်ခါမေးခွန်းမေးရမယ့်အလှည့်ဆိုတော့ နှမတော်မဖြေနိုင်အောင် မေးခွန်းမေးဖို့ စဉ်းစားနေတာလား'

ထိပ်ထားသခင်မလေး စကားကြောင့် လုလင်ပျိုက သူ့အကြည့်တွေကို ထပ်ထားသခင်မလေးထံသို့ ပြောင်းလိုက်သည်။

'မဟုတ်ရပါဘူး နှမတော်၊ လူတွေပြုမူပြောဆိုရောင်းဝယ်နေကြတဲ့ အမူအရာသွင်ပြင်လက္ခဏာရပ်တွေကိုကြည့်ပြီး သူတို့ရဲ့ ခေ့ စရိုက်တွေ ဘယ်လိုရှိလိမ့်မလဲဆိုတာ စိတ်ကူးထဲမှာ တွေးနေမိတာပါ'

လုလင်ပျိုက ထိုသို့ပြောလိုက်စဉ်မှာပင် သူတို့နှစ်ဦးသားအနီးအနားကနေ တောင်ဝှေးကို အားပြုပြီး အဘိုးအိုတစ်ဦးက ဖြတ်လျှောက်သွားသည်။ အဘိုးအိုခမျာ ခရီးဝေးက လာရလို့လားမသိ။ မောပန်းလို့နေပုံရသည်။ ခြေလှမ်းတွေကို မသယ်ချင်သယ်ချင် သယ်နေပုံရသည်။

'ကဲ… နှမတော်ကို မေးခွန်းမေးပါ့မယ်၊ ခုနက ဖြတ်သွားတဲ့ အဘိုးအိုကို မြင်ပါစ'

'မြင်တယ်လေ မောင်တော်ရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ နှမတော် ဇရာအရွယ်အသက်ကြီးရင့်ခြင်းကို ဘယ်လို ဖွင့်ဆိုပါသလဲ၊ ပျော်စရာလား ဝမ်းနည်းစရာလား'

'ဒါလား'

လုလင်ပျို့မေးခွန်းကို နားထောင်ပြီး ထိပ်ထားသခင်မလေး၏ ပြန်ဖြေဖို့စကားမဆုံးခင်မှာပင် မိုးတွေအဆက်မပြတ် ရွာသွန်းချလိုက်ပါသည်။ မိုးရေစက်တွေက လုလင်ပျို့ကော ထိပ်ထားသခင်မလေးပါ ရွှဲရွှဲစို ရွှဲရွှဲစိုနေလို့…။

☺



အိပ်မက်နဲ့
ပြင်ပ ပစ္စုပ္ပန်လက်တွေ့
နည်းနည်းတော့ကွာရဲ့၊

www.burmeseclassic.com

www.burmeseclassic.com

*သည်တစ်ခါ အိပ်မက်ပြန်မက်သဖြင့် ထွန်းခမျာ အိပ်ဖန်စောင့် နတ်သမီးကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပါသည်။ ဘာဖြစ်လို့လဲဆို အိပ်မက်မမက်တာ တော်တော်ကြာနေလို့ ဖြစ်သည်။ သည်တစ်ခါ မက်သည့်အိပ်မက်မှာ ထူးခြားတာက သူက မေးခွန်းပုစ္ဆာပြန်မေးရသူဖြစ်နေပြီး ထိပ်ထားသခင်မလေးဆိုသူကလည်း ယခင် မက်နေကျ အိပ်မက်ထဲက ရုပ်သွင်မျိုးဖြစ်ရုံမက Happy World ကလေးကစားကွင်းမှာတွေ့ခဲ့ရသည့် အမျိုးသမီးရုပ်သွင်နှင့်လည်း တူနေပါသည်။*

*ထွန်း ယုံပါသည်။ သည်တစ်ခါမက်သော အိပ်မက်တွေနှင့် ပတ်သက်ပြီး တစ်ခုခုတော့ ထူးခြားလာပါဦးမည်ဟု...။*

◆

## အခန်း(၈)

သည်နေ့ ကျောင်းပိတ်သဖြင့် ထိုင်နေကျ ဦးဘတုတ်၏ လက်ဖက်ရည်ဆိုင်သို့ ထွန်းထွက်လာခဲ့သည်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း ကျော်မင်းနှင့် အေးသိန်းတို့ လာလျှင် ညကမက်သည့် အိပ်မက်အကြောင်း ပြောပြရမည်ဟု ဆုံးဖြတ်ထားသည်။

လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ လက်ဖက်ရည်ဆိုင် ကောင်တာစားပွဲခုံတွင် ဦးဘတုတ်တစ်ယောက် စိတ်ပျက်လက်ပျက် အမူအရာမျိုးနှင့် ထိုင်နေပါသည်။ ထူးခြားသည်က ခါတိုင်းကောင်တာနောက်မှာ ချိပ်ထားသော ဆိုင်းဘုတ်မရှိတော့ဘဲ ဆိုင်းဘုတ်အသစ် ပြောင်းချိတ်ထားသဖြင့် ထွန်းက ဖတ်ကြည့်လိုက်မိသည်။

**ကံကိုယုံပြီး ဆူးပုံ မနင်းပါနှင့်...**

www.burmeseclassic.com

www.burmeseclassic.com



ထွဋ် ခေါင်းစားသွားပါသည်။ ဘယ်လိုသော ရည်ရွယ်ချက်ကြောင့် ဆိုင်းဘုတ်ပြောင်းသွားသလဲလို့။ ထွဋ်က လက်ဖက်ရည်လှမ်းမှာလိုက်ပြီး လက်ဖက်ရည်လာချပေးသောအခါ လက်ဖက်ရည်ခွက်တစ်ဝက်ခန့်သောက်လိုက်သည်။ ပြီးမှ ကောင်တာမှာ ထိုင်နေသော ဦးဘတုတ်ရှိရာသို့ ကြည့်ရင်းက…

'ဦး ပျင်းနေရင် ဒီလာပါလား၊ ကျွန်တော် မေးစရာရှိလို့'

'ဘာမေးမှာလဲ ငါ့တူရာ၊ ဒီမှာ စိတ်ညစ်ပြီး ဘယ်သူ့ကိုမှ ရင်မဖွင့်ရဲလို့ဟ'

ဦးဘတုတ်က ဆိုင်ထဲ ဟိုကြည့်ဒီကြည့်ကြည့်လိုက်ရင်းက ပြောလိုက်သဖြင့် ထွဋ်က…

'လာပါ ဦးရာ၊ ကျွန်တော့်ကို ရဲရဲသာရင်ဖွင့်၊ ကျွန်တော် အကြံပေးလို့ရလည်း ပေးတာပေါ့'

ဦးဘတုတ်က ထွဋ်ရှိသော စားပွဲသို့ရောက်လာပြီး လွတ်နေသော ခုံမှာ ဝင်ထိုင်ပါသည်။

'ကဲ… ဦး ရင်မဖွင့်ခင် ကျွန်တော်က အရင်မေးရဦးမယ်၊ ဘယ်လိုဖြစ်လို့ ကောင်တာနောက်က ဆိုင်းဘုတ်က စာသားပြောင်းသွားတာလဲ'

ထွဋ်က မေးလိုက်သောအခါ ဦးဘတုတ် မျက်နှာက ရုတ်ခြည်းဆိုသလို ဒေါသထွက်ဝမ်းနည်းယူကျုံးမရသည့် အမူအရာမျိုး တစ်ခုပြီးတစ်ခု ပြောင်းလဲသလိုဖြစ်သွားပါသည်။

'လူမသိစေချင်ဘူးဆိုတာ အဲဒီဆိုင်းဘုတ်နဲ့ ပတ်သက်နေတာပေါ့ကွာ၊ ငါ့တူကို ပြောဖူးတယ်မဟုတ်လား၊ ကံတရားကြောင့် ဦးက ဦးထက် အသက်သုံးဆယ့်ခုနစ်နှစ်လောက်ငယ်တဲ့ ကောင်မလေးကို မိန်းမဆိုးလို့ ထပ်ယူတယ်လို့ ပြောခဲ့ဖူးတယ်လေ'

'ဟုတ်တယ်၊ အဲဒီတုန်းက ဦးရဲ့မျက်နှာက လန်းနေတာပဲဟာ၊ ဘာဖြစ်လို့လဲ'

'ဖြစ်တာပေါ့ကွာ၊ ဦးက သူလေးကို သိပ်ချစ်လွန်းလို့ လက်ဝတ်လက်စား ရွှေတစ်ဆယ်သား ဆင်ထားပေးတာ၊ အခု သူလေးက သူ့ရည်းစားဟောင်း မလေးရှားကပြန်ရောက်လာလို့ဆိုပြီး လိုက်ပြေးသွားပြီလေ၊ မရှာပါနဲ့တဲ့၊ လက်ဝတ်လက်စားတွေပါ အကုန်ယူသွားတယ်၊ လိုက်ရှာလို့တွေ့ရင်လည်း ဦးနဲ့ပြန်မပေါင်းဘူး အဆိပ်သောက်သေပစ်မယ်တဲ့ကွာ၊ ဒါကြောင့် ပထမတော့ ကံတရားကြောင့် ကံကိုယုံလို့ ကံသာလျှင် အမိ၊ ကံသာလျှင်အဖလို့ ဦးက ခံယူခဲ့တာ၊ အခု ကံကိုယုံပြီး ဆူးပုံတက်နင်းမိတာ ငါးပါးမှောက်ပါရောလားကွာ'

ထွဋ်တစ်ယောက် ဦးဘတုတ်ကိုခေါ်ပြီး စပ်စုမိတာမှာ မှားများ မှားသွားပြီလားမသိပါ။ ဦးဘတုတ်ကြီးက ပြောရင်းကနေ ငိုတော့မည့်ပုံစံမျိုး ဖြစ်နေပါသည်။

'ဦးက ဆူးပုံကို မွေ့ယာခင်းထင်ပြီး တက်ထိုင်မိတာကိုး၊ ဆူးဒဏ်ရာတော့ ခံရမှာပေါ့ ဦးရာ'

'ခံရတာကမှ ဘယ်သူ့မှဖွင့်မပြောရဲအောင်ပါပဲကွာ၊ သူလေး လုပ်ချသွားတာ'

ထွဋ် ကျေးဇူးတင်သွားပါသည်။ ဘာဖြစ်လို့လဲဆို ကျော်မင်းနှင့် အေးသိန်းက လက်ဖက်ရည်ဆိုင်ဆီသို့ လာနေလို့ဖြစ်ပါသည်။ သူတို့နှစ်ယောက် ရောက်လာလို့ ဦးဘတုတ်က သူ့ရင်တွင်းခံစားချက်တွေ ထမ်းနောက်ကြောင်းပြန်လျှင် မိုးချုပ်သွားနိုင်သည်။

'ဦး ဟိုမှာ ကျွန်တော့်သူငယ်ချင်းတွေလာနေပြီ၊ သူတို့လာလို့



www.burmeseclassic.com

www.burmeseclassic.com



မေးရင် ဦးလှူသိမခံချင်တဲ့ကိစ္စ ရပ်ကျော်ရွာကျော်ဖြစ်သွားမယ်၊ သူတို့က မျိုးနဲ့ရိုးနဲ့အတင်းပြောတာ၊ ဦးအကြောင်းတစ်ရပ်ကွက်လုံး သတင်းပျံ့သွားမယ်'

'ဟုတ်လား၊ အေး… အေး… ဦး သွားမယ်'

ဦးဘတုတ်က ထိုင်ရာကနေ ခပ်သုတ်သုတ်ထကာ ကောင်တာဆီသို့ ပြန်သွားပါသည်။ ထွန်းကတော့ ဟိုနှစ်ယောက်ကို အသုံးချလိုက်ရသည့်အတွက် ရယ်တောင်ရယ်ချင်မိသွားပါသည်။ သူငယ်ချင်းနှစ်ယောက်က သည်ကိစ္စကို မသိရေးချ မသိ။

ကျော်မင်းနှင့် အေးသိန်းက ထွန်းများတွင်လာထိုင်သောအခါ ထွန်းက လက်ဖက်ရည်နှစ်ခွက် လှမ်းမှာပေးလိုက်ပြီး ညက မက်သောအိပ်မက်အကြောင်းကို အစအဆုံးပြောပြပါသည်။

'ထွန်း ငါတစ်ခုအကြံပေးမယ်၊ မင်းတကယ်လို့ အိပ်မက်ထဲက ထိပ်ထားသခင်မလေးနဲ့တူတဲ့ အမျိုးသမီးနဲ့ အပြင်မှာပြန်တွေ့ခဲ့ရင် မင်းရဲ့အိပ်မက်အကြောင်းတွေ ဘာမှမပြောနဲ့၊ သူ့ဘက်ကလည်း မင်းလိုပဲ ဖြစ်သလားမဖြစ်သလား ရေရေရာရာမှ မသိသေးတာ'

'ကျော်မင်းပြောတာ ဟုတ်တယ်၊ ကိုယ့်ဘက် တစ်ကွက်ချန်ထား၊ အိပ်မက်တိုင်း ဟုတ်မဟုတ်လေကွာ'

အေးသိန်းက လက်ဖက်ရည်တစ်ကျိုက်မော့သောက်လိုက်သည်။

'ငါ ယုံတာတစ်ခုကတော့ အဲဒီ Happy World မှာ တွေ့ခဲ့တဲ့ အမျိုးသမီးဟာ ငါ့အိပ်မက်နဲ့ ပတ်ကိုပတ်သက်နေရမယ်ဆိုတာပဲ'

ထွန်း စကားအဆုံး သူငယ်ချင်းနှစ်ယောက် ဘာမှပြန်မပြောတော့ဘဲ လက်ဖက်ရည်ကိုသာ သောက်နေပါသည်။



ထွန်း အခုမှကြည့်မိပါသည်။ ဦးဘတုတ်၏ လက်ဖက်ရည်ဆိုင်ရှေ့မှာ ဘယ်တုန်းက ပန်းအိုးနှင့်ပန်းပင်စိုက်ထားသလဲမသိ။ ပန်းပင်အိုးထဲမှာ နှင်းဆီဖူးလေးတွေ မြင်နေရလို့ပါ။

ထွန်းက ဦးဘတုတ်ကို စိတ်ထဲကနေ ချီးကျူးမိပါသည်။ သည်လိုကြတော့လည်း ဦးဘတုတ်ကြီးက အပင်တွေချစ်တတ်သူ တစ်ယောက်ဖြစ်နေပါလားလို့…။

◆

ထွန်းကျောင်းကိုရောက်လာတော့ ကျော်မင်းနှင့်အေးသိန်းတို့ အတန်းဘက်ကို အရင်သွားမိသည်။ သူတို့အတန်းမှာ ကျူတိုရီယယ်ဖြေနေသည်။ ထွန်းတို့ အတန်းမှာကြတော့ သည်နေ့အချိန်နှစ်ချိန်က လွတ်နေသည်။ မထူးပါဘူးဆိုပြီး ကင်တင်းမှာ လက်ဖက်ရည်သောက်မည်ဟု ထွက်လာရင်းမှ မထင်မှတ်ဘဲ သတိရသွားသည်။

ကျောင်းလခ မသွင်းရသေးသဖြင့် သွားသွင်းဦးမည်ဟု ဆုံးဖြတ်ရင်းက ဒုတိယတက္ကသိုလ်ငွေစာရင်းဌာနသို့ ထွက်လာခဲ့သည်။

သည်နေ့ကြမှပဲ ငွေစာရင်းဌာနမှာက ကျောင်းလခသွင်းသူတွေက များနေပါသည်။ ကျောင်းသားတွေက တန်းစီနေကြသည်။

ထွန်း စဉ်းစားမိပါသည်။ ကမ္ဘာဆန်သောကာလကြီးမှာတောင် ထွန်းတို့ဆီမှာက အစဉ်လာမပျက်အောင်လို့ တန်းစီးစောင့်ရသည့် စနစ်ကို အခုထိ ဆက်လက်ထိန်းသိမ်းထားပါလားဆိုပြီး ပြုံးတောင်ပြုံးမိပါသေးသည်။ ထွန်းက ကျောင်းသူတစ်ဦးနောက်ကနေ တန်းစီလိုက်ပါသည်။ နောက်ထပ်ကျောင်းသားနှစ်ယောက်ကလည်း ထွန်းအနားမှာ တန်းဝင်စီပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွဋ်က အင်္ကျီအိပ်ကပ်ထဲမှ ငွေစက္ကူတစ်ထောင်တန်နှစ်ရွက်ကို ဆွဲအထုတ်မှာ ထွဋ်၏ တံတောင်ဆစ်က ရှေ့မှာတန်းစီနေသော ကျောင်းသူကို ထိမိသွားပါသည်။ ထိုကျောင်းသူက သူ့အသားကို ထိမိသဖြင့် လှည့်ကြည့်သည်။

'ဆောရီးဗျာ ပိုက်ဆံထုတ်တာ မတော်လို့ထိမိတာပါ'

'ရပါတယ်၊ ဩော်… ရှင်… ရှင်'

'ခင်ဗျား… ခင်ဗျားကို'

ထွဋ်၏ ရှေ့မှာတန်းစီးနေသော ကျောင်းသူထံမှ ထိုကဲ့သို့ အာမေဋိတ်သံတွေသာ ထွက်လာပါသည်။ ထွဋ် ဘယ်လိုမှ မထင်ထားပါ။

ထွဋ်၏ ရှေ့က တန်းစီးနေသော ကျောင်းသူမှာ တစ်ခါ Happy World ကလေးကစားကွင်းမှာ တွေ့ခဲ့သော အမျိုးသမီးဖြစ်နေပြီး ထွဋ်၏ အိပ်မက်တွေထဲက ထိပ်ထားသခင်မလေးဖြစ်နေလို့ပါ။

ဘာတွေဘယ်လိုဖြစ်ကုန်သလဲ မသိတော့ပါ။

'ခင်ဗျားရဲ့ ကျောင်းသားကဒ်နဲ့ ပိုက်ဆံပေး၊ ကျွန်တော် သွင်းပေးမယ်၊ ခင်ဗျား ဟိုနားကနေ စောင့်နေ'

'ရပါတယ် အားနာစရာကြီး'

'မဟုတ်တာဗျာ၊ ပေးမှာသာ ပေးပါ'

ထိုအမျိုးသမီးက ငြင်းပါသေးသည်။ နောက်ဆုံးတော့ ထိုကျောင်းသူက ကျောင်းသားကဒ်နှင့် ပိုက်ဆံ ထွဋ်ကိုပေးပါသည်။

'ဘယ်မေဂျာကလဲ'

'ကျွန်မက ရူပဗေဒကပါ'

'ကျွန်တော်က အင်္ဂလိပ်စာကပါ၊ နာမည်က ထွဋ်တဲ့'

'ကျွန်မ နာမည်က ထိပ်ထားခင်ပါ'



'ဗျာ… ထိပ်ထားခင် ဟုတ်လား'

'ဟုတ်တယ်၊ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး'

ထွဋ်၏ နည်းနည်းတောင် တုန်လှုပ်သွားပါသည်။ အိပ်မက်ထဲက နာမည်နှင့်အနည်းငယ်ဆင်နေသောကြောင့်ဖြစ်ပါသည်။ ထိပ်ထားခင် မရိပ်မိအောင် မှုသာဝါဒ အနည်းငယ်သုံးလိုက်ရပါသည်။

'ဒီမှာ ရှေ့က အစ်ကိုနဲ့ညီမ အမျိုးစပ်ချင်ရင် နောက်မှစပ်၊ ရှေ့ကတိုးလို့ ရှေ့ရောက်နေပြီ၊ စစ်ကြီးအတွင်းက ကွဲသွားလို့ အခုမှ တွေ့ရတဲ့အတိုင်းပဲ'

ထွဋ်နောက်က ကျောင်းသားက လှမ်းပြောလိုက်သဖြင့် ထွဋ်က နောက်လှည့်ကြည့်ရင်းက ပြုံးပြရင်း…

'ဆောရီးဗျာ ဟဲ… ဟဲ'

'မရယ်ပြနဲ့ သွားတိုက်ဆေးရောင်းနေတာမဟုတ်ဘူး၊ ဓာတ်လမ်းနော် ဓာတ်လမ်း'

ထွဋ်က ပြုံးပြပြီးပြောတာကို ထိုကျောင်းသားက အတည်ပေါက်ပြန်နောက်ပါသည်။ ထွဋ်လည်း ကျောင်းလခသွင်းသည့်နေရာသို့ တရွေ့ရွေ့လှမ်းရင်း ကျောင်းလခနှစ်ယောက်စာသွင်းပြီး ထိပ်ထားခင်ရှိရာလာရင်းက ကျောင်းသားကဒ်နှင့် ကျောင်းလခဖြတ်ပိုင်းကို ပေးလိုက်ပါသည်။

'ကျေးဇူးတင်ပါတယ်'

'ရပါတယ်ဗျာ၊ ဒါနဲ့အချိန်ရရင် လက်ဖက်ရည်လေးဘာလေး လိုက်သောက်ပါလား၊ တစ်မျိုးမထင်နဲ့နော်၊ မိတ်ဖြစ်ချေဖြစ်ပေါ့'

'ရပါတယ်၊ တက္ကသိုလ်နယ်မြေထဲမှာ ဒါမျိုးက ဆန်းမှမဆန်းတာ သွားလေ'

www.burmeseclassic.com

www.burmeseclassic.com



ထွင့်နှင့် ထိပ်ထားခင်တို့ နှစ်ယောက် သိပ္ပံအဆောင်တွေနားက ကင်တင်းသို့ လာခဲ့ကြသည်။

'ဒီက မထိပ်ထားခင် ဘာသောက်မှာလဲ'

'လက်ဖက်ရည်ပဲပေါ့၊ ဒါနဲ့ ကျွန်မကို မထိပ်ထားခင်လို့ မခေါ်ပါနဲ့၊ ထိပ်ထားခင်လို့ ခေါ်ရင်ရပါတယ်၊ ရှင်နဲ့ ကျွန်မနဲ့က အသက်ကွာတာမှမဟုတ်တာ'

'ဟုတ်ကဲ့၊ ကျွန်တော့်ကိုလည်း ထွင့်လို့ပဲ ခေါ်ပါ၊ သူငယ်ချင်းတွေကလည်း ဒီလိုပဲ ခေါ်တာ'

ထိပ်ထားခင်က ခေါင်းညိတ်ပြပါသည်။ ထွင့်က လက်ဖက်ရည်နှစ်ခွက်မှာလိုက်ပါသည်။

'အေးဗျာ၊ ထိပ်ထားခင်နဲ့ ဆုံချင်လို့ ပြောပါရဲ့၊ ကျွန်တော့်သူငယ်ချင်းနှစ်ယောက်က ကျူတိုရီယယ် ဖြေနေ၊ ကျွန်တော်က လက်ဖက်ရည်သောက်ချင်လို့ ကင်တင်းကိုလာရင်း ကျောင်းလခသွင်းဖို့ သတိရလို့ လာသွင်းရင်းတွေ့တာ၊ ဒါနဲ့ ထိပ်ထားခင်ရဲ့ တူလေးကော ဆော့တုန်းပဲလား'

'ဆော့တာတော့ ပြောမနေနဲ့တော့၊ မျောက်ရှုံးတယ်'

'ကလေးဆိုတာ ဒီလိုဆော့မှ ကျန်းမာတာ ဆော့ပေါ့'

ထွင့်နှင့် ထိပ်ထားခင်တို့နှစ်ယောက် အချိန်တိုတခဏအတွင်းမှာပဲ မှာထားသော လက်ဖက်ရည်ကိုသောက်လိုက် စကားကောင်းလိုက်နှင့် ရှိနေကြပါသည်။

♦



'ဟဲ့… ထိပ်ထားခင် ကြည်စမ်း၊ နင်က…'

'ဟမ်'

ထွင့်နှင့် ထိပ်ထားခင်တို့ စကားကောင်းနေတုန်း ထိပ်ထားခင်၏ သူငယ်ချင်းတွေရောက်လာရင်းက ရန်တွေ့မလို့လုပ်နေတုန်း ထွင့်ကိုမြင်သွားသဖြင့် အံ့အားသင့်သလိုဖြစ်သွားပါသည်။ ထိပ်ထားခင်က မသိမသာ မျက်နှာရိပ်မျက်နှာကဲ ပြရင်းက စားပွဲဝိုင်းမှာ ဝင်ထိုင်ခိုင်းပြီး ထွင့်နှင့်မိတ်ဆက်ပေးပါသည်။

'နေစမ်းပါဦး၊ နုနု နင်တို့က အတန်းမှာမရှိဘဲ ဘယ်သွားနေတာလဲ'

'ဟဲ့… ငါတို့ကို အပြစ်တင်မနေနဲ့၊ ဒီမှာ ကုသိုလ်ရေးတွေလုပ်နေတာ၊ ခင်ပြုံးရီ ပြလိုက်စမ်း'

နုနုက ထိပ်ထားခင်ကို မျက်စောင်းထိုးပြောဆိုရင်းမှ ခင်ပြုံးရီကို လှမ်းပြောပါသည်။

ခင်ပြုံးရီက School Bag အိတ်ထဲကနေ ဘောင်ချာစာအုပ်တစ်အုပ်ထုတ်လိုက်ပါသည်။

'ဟောဒီမှာ တွေ့လား၊ ဒါ ငါတို့ရပ်ကွက်မှာရှိတဲ့ နှမ်းပါးတဲ့ လူကြီးသူမတွေကို ပူဇော်လှူဒါန်းပွဲလုပ်ဖို့ အလှူငွေလိုက်ကောက်နေတာ၊ နင်လည်း လှူဦး၊ ပြီးတော့ ဒီနေ့မှ မိတ်ဆွေဖြစ်ရတဲ့ ဒီက ထွင့်ဆိုတဲ့ ရှင်ဟော လှူနော်'

'လှူရမှာပေါ့ဗျာ၊ နှစ်ထောင်လှူမယ်'

ထွင့်က အင်္ကျီအိတ်ထဲကနေ ငွေတစ်ထောင်တန်နှစ်ရွက်ကို ယူပြီး ခင်ပြုံးရီကို ပေးလိုက်ပါသည်။ ခင်ပြုံးရီက အလှူခံစာအုပ်မှာ ရေးပြီး အလှူခံဖြတ်ပိုင်းဖြတ်ကာ ထွင့်ကို ပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ဧည့်သည်ကတော့ ဟုတ်သွားပြီ၊ ထိပ်ထားခင် နင်က ကော'

'လှူပါ့မယ်ဟာ၊ နင်တို့ကလည်း ဓားပြတိုက်တာကျနေတာပဲ'

ထိပ်ထားခင်ကလည်း ပိုက်ဆံအိတ်ဖွင့်ပြီး ငွေတစ်ထောင်တန် နှစ်ရွက်ကို ယူကာ ခင်ပြုံးရီကို ပေးပါသည်။

'ဟဲ့… ဘာလဲ နင်က ဧည့်သည်နဲ့ ညီလှူတာလား'

'ခင်ပြုံးရီရယ် သဒ္ဓါသလောက်လှူတာကို နင်က ဘာဖြစ်လို့ ငရဲပေးမှာလဲ'

စန်းစန်းတင့်က ခင်ပြုံးရီအား လှမ်းဆူပါသည်။

'ခင်ပြုံးရီရယ် ငါကတော့ နင်အခုလို မရှိနွမ်းပါးတဲ့ အသက်ကြီးတဲ့သူတွေကို လှူဖို့ အလှူခံတဲ့ကိစ္စနဲ့ပတ်သက်ပြီး အသက်ကြီးလာမှာတောင် ကြောက်လာပြီ၊ အသက်ကြီးလို့ အဲဒီလိုမျိုးတော့ ဖြစ်ရင် ပြီးရောပဲ၊ ဟဲ့… ထိပ်ထားခင် နင်ကော ဇရာအရွယ်ရောက်လာမှာ မကြောက်ဘူးလား၊ နင့်အမြင်ကို ပြောစမ်းပါဦး'

မြင်ကွင်းကို ဘာစကားတစ်ခွန်းမှမဆိုဘဲ ထွဋ်က အကဲခပ်နေပါသည်။ သူ့အတွေးထဲမှာ သူမက်ခဲ့သော အိပ်မက်က ယခုပစ္စုပ္ပန်ကာလနှင့်လာရောက်တူနေပါလားလို့…။

'ဇရာဆိုတာ ဘယ်သူမှရှောင်လို့ရတာမှ မဟုတ်တာ၊ ဇရာရောက်လို့ ဆင်းရဲနွမ်းပါးတာကို ချမ်းသာစွာနဲ့ နေရတာတို့ကတော့ အတိတ်ကံနဲ့ဆိုင်တယ်ပေါ့လေ၊ စိတ်ပညာရှင်တွေရဲ့ ဖွင့်ဆိုချက်ကတော့ အသက်ကြီးတာကို ဂုဏ်ယူပါ၊ ဇရာအရွယ်ရောက်လို့ အိုမင်းတယ်ဆိုလည်း စွမ်းဆောင်နိုင်တဲ့ အရာတွေရှိပါတယ်တဲ့၊ အသက်ကြီးရင် အိုတတ်ပါလို့ ဖွင့်ဆိုကြတယ်'



'ဒါဆို နင်က ဇရာအရွယ် အသက်ကြီးရင့်တာကို ဘယ်လို ဖွင့်ဆိုသလဲ'

စန်းစန်းတင့်က ထိပ်ထားခင်၏ ထင်မြင်ချက်ကို မေးလိုက်ပါသည်။

'ဇရာအရွယ်နဲ့ ပတ်သက်လို့ သီအိုရီနှစ်ခုရှိတယ်၊ ပထမသီအိုရီက လှုပ်ရှားတက်ကြွမှု သီအိုရီ၊ ဒုတိယသီအိုရီက ငြိမ်းချမ်းစွာရှောင်ခွာမှုသီအိုရီ၊ ပထမသီအိုရီအရ လူဟာ အသက်ခြောက်ဆယ်ကျော်ပြီဆိုရင် အလုပ်မှာပဲဖြစ်ဖြစ်၊ မိသားစုမှာပဲဖြစ်ဖြစ် လူ့အဖွဲ့အစည်းက ကိုယ့်ကို အနားပေးတော့မယ်လို့ သတ်မှတ်ရမှာပဲ၊ ဒါကို စိတ်ဓာတ်ကျစရာမလိုဘူး၊ ကိုယ်က အသက်ခြောက်ဆယ်မကျော်ခင်ကတည်းက ပတ်ဝန်းကျင်အသစ်၊ အပေါင်းအသင်းအသစ်ကို ကြိုရှာထားရမယ်၊ အသက်ခြောက်ဆယ်မတိုင်ခင်က ကိုယ်က အတင်းပြောတာ အဝတ်အစားဝတ်တာ၊ ရုပ်ရှင်ကြည့်တာ၊ အမျိုးသားဆိုလည်း ဂေါက်ရိုက်၊ ဘောလုံးပွဲကြည့်၊ လက်ဖက်ရည်ဆိုင်ထိုင် စတဲ့နေရာတွေမှာ အခြားလုပ်စရာအသစ်တွေက အစားထိုးလာလိမ့်မယ်၊ ဥပမာ လမ်းလျှောက်ကာတို့ အပင်စိုက်တာတို့ စာဖတ်တာတို့ ပြီးတော့ ရပ်ကွက်ထဲက ကိုယ်နဲ့သက်တူရွယ်တူတွေနဲ့ပေါင်းမယ်၊ မြေးတွေတူ၊ တူမတွေနဲ့ ပျော်ပျော်ပါးပါး တီဗွီလေးကြည့်လိုက် ဘာလုပ်လိုက် ညာလုပ်လိုက်နဲ့ ဘဝဟာ အိုပေမယ့် ကျေနပ်ဖို့ကောင်းသွားမယ်'

ထွဋ်က ထိပ်ထားခင်၏ ရှင်းပြချက်ကို နားထောင်နေရင်းကနေ ထိပ်ထားခင်တစ်ယောက် ဉာဏ်ရည်ဉာဏ်သွေးကမြင့်မြင့်ကြောင်း သတိထားမိသွားပါသည်။

'ဒုတိယသီအိုရီက ပထမသီအိုရီနဲ့ မတူဘူး၊ ကိုယ်က

www.burmeseclassic.com

www.burmeseclassic.com



အသက်ခြောက်ဆယ်ကျော်လို့ ဇရာအရွယ်ရောက်ရင် ကိုယ်ကျင်လည်လှုပ်ရှားရုန်းကန်တဲ့ ကိုယ့်ရဲ့ လူ့အဖွဲ့အစည်းက အဆက်ဖြတ်သလို ကိုယ်ကလည်း အဆက်ဖြတ်ဖို့ ကြိုးစားတယ်၊ ကိုယ်နဲ့လုပ်ငန်းခွင် ပတ်ဝန်းကျင်နယ်ပယ်မှာ ပေါင်းသင်းလာတဲ့လူတွေကို အဆက်ဖြတ်တယ်၊ လူမှုရေးကိစ္စ၊ သားသမီးရေးကိစ္စတွေမှာလည်း ဘာမှဝင်မပါတော့ဘဲ တရားဓမ္မကို မွေ့လျော်လိုက်စားရင်း ကွယ်လွန်ချိန်အထိ အေးအေးလေးနေသွားတာပဲ၊ အခု ငါပြောတာတွေ နင်တို့ အလွတ်ကျက်ထား၊ နင်တို့ဇရာအရွယ်ရောက်ရင် ကျင့်နိုင်တာပေါ့၊ ဇရာအရွယ်ရောက်လာမယ့် ငါ့အတွက် ဖွင့်ဆိုချက်ပဲ'

ထိပ်ထားခင်က စကားအဆုံးမှာ ထွန်ရှိကို ကြည့်ရင်းက…

'ထွန်ရှိတော့ ကျွန်မပြောတဲ့တရားကိုနာရလို့ စိတ်ညစ်သွားပြီလား မသိဘူး'

'မညစ်ပါဘူးဗျာ၊ ဗဟုသုတတောင် တိုးသေးတယ်'

'ဒါဆိုလည်း ကျွန်မကို ချီးကျူးတဲ့အနေနဲ့ ရှင့်ကို ကျွန်မက လက်ဖက်ရည်ဒကာခံပါ့မယ်'

'မဟုတ်တာဗျာ'

'ဘာမဟုတ်ရမှာလဲ၊ နေ ကျွန်မ ရှင်းမယ်'

ထိပ်ထားခင်က စားပွဲထိုးကို လှမ်းခေါ်ပြီး အတင်းပိုက်ဆံရှင်းပါတော့သည်။

ထို့နောက်တော့ ထွန်ရှိက မိန်းမသားတွေ စကားဝိုင်းမှာ နားထောင်သူသက်သက်နှင့် ခေါင်းသာ တွင်တွင်ညိတ်နေရပါတော့သည်။

☺



နောက်ကျသလားမေးတော့
နောက်မကျသေးဘူး
စောသလားဆိုတော့
မစောဘူး
အိပ်မက်တွေကသာ
ကြားကျနေတာ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

'ဒါ တိုက်ဆိုင်မှုတော့ မဟုတ်ဘူးကွ၊ ထူးကိုထူးခြားတာ'

ထွန်းက ထိပ်ထားခင်နှင့် ကြုံတွေ့ခဲ့ရသမျှကို ကျော်မင်းနှင့် အေးသိန်းအား ပြောပြသည့်အခါ အေးသိန်းက အထက်ပါအတိုင်း မှတ်ချက်ချကာ ဆိုပါသည်။

'ထိပ်ထားခင်က ပြောလို့ပြောတာ မဟုတ်ဘူး၊ တော်တော် ထက်မယ့် အမျိုးသမီးကွ၊ ပြီးတော့ သူ့ရဲ့အမူအရာကို အကဲခတ်ခြင်း အားဖြင့် တော်ရုံတန်ရုံလူမျိုးကို သိပ်အထင်ကြီးမယ်ပုံ မပေါ်ဘူး'

'ဒါဆို ဘာဖြစ်လို့ မင်းက လက်ဖက်ရည်ဆိုင်ခေါ်တာ ကျောင်းလခသွင်းပေးတာကို လက်ခံသလဲ၊ မင်းပြောပုံအရဆို သူက ယောကျ်ားလေးဆို အထင်မကြီးဘူးလို့ မင်းပြောတယ်လေ'

ကျော်မင်းက ထွန်းကို ပြန်ပြီးမေးခွန်းထုတ်ပါသည်။

'အဲဒါတော့ ငါလည်း မပြောတတ်ဘူး၊ ထိပ်ထားခင်က လည်း ငါ့လိုမျိုး အိပ်မက်တွေဘာတွေမက်လို့လား၊ ဒါမှမဟုတ် ငါ့ အဖြစ်မျိုးနဲ့ တူလို့လား မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုလည်း မင်းက ဒွဲမေးကြည့်ပါလား၊ ဒါမျိုးဖြစ်ဖူးလား မဖြစ်ဖူးလားလို့'

'မဟုတ်သေးဘူး ကျော်မင်းရ၊ ငါ ရှေ့ဘာဆက်ဖြစ်မလဲ သိပ်သိချင်သေးတယ်၊ ငါထင်တာပြောရရင် အိပ်မက်တွေက ဆက်ကို မက်ဦးမှာပဲ'

သူငယ်ချင်းနှစ်ဦးက ဘာမှပြန်မပြောပါ။

ထွဋ်ကလည်း ရှေ့ဆက်စကားမဆိုတော့ဘဲ ဘယ်လိုအိပ်မက်မျိုးတွေများ ဆက်မက်လေဦးမလဲလို့ တွေးချင်ရာ တွေးနေမိပါသည်။

♦

'ထိပ်ထားခင်ရာ ငါတို့ဖြင့် ရုတ်တရက် နင်က ယောကျ်ားလေးတစ်ဦးနဲ့ ကင်တင်းမှာ နှစ်ယောက်သားထိုင်ဖူးတာ မမြင်ဖူးတော့ အံ့အားသင့်သွားတာ၊ နောက်မှ နင်က မျက်နှာရိပ်မျက်နှာကဲပြမှ အသာလေးလျှိုနေလိုက်ရတာ'

ဟိုတစ်နေ့က ကိစ္စကို နုနုက သည်နေ့ကျမှ ရင်ဖွင့်ပါသည်။

'ငါလည်း ဘယ်လိုကြောင့်လဲတော့မသိဘူး၊ သူက ငါ့ဆီက ကျောင်းသားကဒ်တောင်းပြီး ကျောင်းလခသွင်းပေးတာကော လက်ဖက်ရည်သောက်ဖို့ ခေါ်တာကိုပါ လက်ခံမိတာ၊ ကိုယ့်ကိုယ်ကိုယ်တောင် အံ့အားသင့်နေတာ'

'ဟဲ့... ထိပ်ထားခင်၊ အဲဒါ အတိတ်ဘဝက ရေစက်တွေဖြစ်မှာပေါ့'



ခင်ပြုံးရီက ရယ်မောရင်းမှ နောက်လိုက်သည်။

'ထိပ်ထားခင် နင်သတိထားမိလားတော့ မသိဘူး၊ နင်က ဇရာအကြောင်းပြောနေ ရှင်းနေတဲ့အခါ ထွဋ်က ဘာမှဝင်မပြောဘဲ ကျောက်ရုပ်တစ်ရုပ်လိုမျိုး နင်ပြောတာကို မလှုပ်မယှက်နားထောင်နေတာ၊ ငါသတိထားမိတယ်၊ ဧကန္တ သူလည်း နင့်လိုအိပ်မက်တွေမက်ကိုမက်ရမယ်၊ ဘာဖြစ်လို့လဲဆိုရင် နင့်ရဲ့အိပ်မက်ထဲက လုလင်ပျိုက ထွဋ်နဲ့ချွတ်စွပ်တူတယ်ဆိုတော့ သူကလည်း နင့်ကိုကြည့်တဲ့အကြည့်တွေမှာ အံ့အားတသင့် လျှို့ဝှက်တဲ့ အကြည့်မျိုးတွေ ရှိတာဆိုတော့ နင်တို့နှစ်ယောက်အဖြစ်က ပို့စ်မော်ဒန်ကမ္ဘာစံတဲ့ခေတ်မှာ ထူးနေတယ်'

စန်းစန်းတင့်က မှတ်ချက်စကားဆိုပါသည်။

'ငါကတော့ ငါ့ရဲ့အိပ်မက်တွေကို စိတ်ဝင်စားသထက် စိတ်ဝင်စားလာပြီ၊ ရှေ့ကို ဘာဆက်ဖြစ်မလဲဆိုတာ ထွဋ်ကို အိပ်မက်အကြောင်းတွေ မမေးသေးဘဲနဲ့ သိချင်သေးတယ်'

စကားအဆုံးထိပ်ထားခင်က စာသင်ခန်းအပြင်ဘက်ကို လှည့်ကြည့်တော့ ပါမောက္ခဆရာကြီးက စာသင်ဖို့ အခန်းဝကို ရောက်လာသဖြင့် စကားဝိုင်းကို လက်စသိမ်းလိုက်ရပါတော့သည်။

♦

www.burmeseclassic.com



ဥယျာဉ်တော်ထဲတွင် လေပြည်ညှင်းက ခပ်မှန်မှန်တိုက်ခတ်နေသဖြင့် ပျား၊ ပိတုန်း၊ လိပ်ပြာလေးတွေက သစ်ပင်တွေ ပန်းပင်တွေထက်ဝယ် ဟိုဒီဝဲပျံနေကြသည်။ ပန်းရောင်စုံတို့ကလည်း အလှချင်းပြိုင်နေကြသည်။ ထိုမြင်ကွင်းကို ကြည့်ပြီး ထိပ်ထားသခင်မလေးက ကြည်နူးနေမိသည်။

ဥယျာဉ်တော်ထဲက ကျောက်စားပွဲဝိုင်းမှာ ထိပ်ထားသခင်မလေးနှင့် အပျိုရံရွေတော်သုံးဦးက ဝိုင်းဖွဲ့ထိုင်နေကြသည်။ ကျောက်ဖြူစားပွဲပေါ်မှာတော့ ရာသီအလျောက်သီးသော အသီးအနှံတွေကို ပန်းကန်တွေထဲထည့်ပြီး ပြင်ထားသည်။

'ထိပ်ထားသခင်မလေးနဲ့ လုလင်ပျိုတို့ ထိပ်ထားသခင်မလေးရဲ့ မေတ္တာကို ရဖို့ ပြိုင်ပွဲဝင်တာ ဒီနေ့ထိအနိုင်အရှုံးမရှိကြသေးဘူးဆိုတော့ အချိန်ကာလက မည်ရွေ့မည်မျှကြာဦးမှာလဲ သိပါရစေ'

အပျိုရံရွေတော်တစ်ဦးက မေးလိုက်သဖြင့် ထိပ်ထားသခင်မလေးက ပြုံးလိုက်ပါသည်။

'သူကလည်း ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ဖျတ်လပ်ဆိုတော့ ကိုယ်မေးသမျှ ဖြေဆိုနိုင်တော့ ကြာဦးမယ်ထင်ပ၊ အင်း… ပြိုင်ပွဲကတော့ တစ်စထက်တစ်စ စိတ်ဝင်စားဖို့ကောင်းလာပြီပဲ၊ ကဲပါ အဲဒါတွေထားပါ၊ ကဲ အပျင်းပြေ စိတ်ထဲမှာ ပျော်စရာတွေဖြစ်အောင် ပြောကြဆိုကြရအောင်'

ထိပ်ထားသခင်မလေးက ကျောက်ဖြူစားပွဲပေါ် ပြင်ထားသည့် အသီးအနှံများထဲမှ သစ်သီးတစ်လုံးကို ယူပြီး တစ်ကိုက်ဝါးစားလိုက်သည်။

'အခုချိန်မှာ ကျွန်တော်မျိုးမက အနုသုခမသဘင်ပညာသည်



သာ ဖြစ်မယ်ဆိုရင် ထိပ်ထားသခင်မလေးကို အသုံးတော်ခံ ကပြချင်ပါရဲ့'

'ကျွန်တော်မျိုးမကလည်း ပန္နလက်ဆရာသာ ဖြစ်ခဲ့မယ်ဆိုထိပ်ထားသခင်မလေး အံ့အားသင့်အောင် မျက်လှည့်တွေပြချင်ပါရဲ့'

'ကျွန်တော်မျိုးမကျတော့ အဆိုပါရမီရှိလို့က သခင်မလေးအတွက် သာယာငြိမ့်ငြောင်းတဲ့ တေးသီချင်း သီဆိုပေးချင်ပါရဲ့'

အပျိုရံရွေတော်သုံးဦးက သူတို့ဖြစ်ချင်တာတွေ သူတို့ပြောပြတာကို ထိပ်ထားသခင်မလေးက ပြုံးပြီး နားထောင်နေပါသည်။

ထိုအချိန်မှာပဲ ဥယျာဉ်တော်ထဲသို့ မြင်းစီးပြီးဝင်လာသော လုလင်ပျိုက ကျောက်ဖြူစားပွဲနားအရောက်တွင် မြင်းကိုရပ်တန့်လိုက်ပြီး မြင်းပေါ်က ဆင်းလိုက်ပါသည်။ ပြီးတော့ ထိပ်ထားသခင်မလေးတို့ရှိရာသို့ လှမ်းလာရင်းက လွတ်နေသော ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

'အဘယ်အကြောင်းအရာများ ဆွေးနွေးနေကြပါသနည်း'

လုလင်ပျိုက စကားဆိုသောအခါ ထိပ်ထားသခင်မလေးက

'ဟောဒီက ရံရွေတော်တွေက သူတို့ဖြစ်ချင်တာတွေပြောလို့ ထိပ်ထား နှမ ပြုံးနေတာပါ၊ ဒါနဲ့ မောင်တော်ကကော ဘာများဖြစ်ချင်ပါသလဲ'

'အကျွန်ုပ်ဖြစ်ချင်တာကို ပြောရရင်ဖြင့်'

ထိုအချိန်မှာပဲ အနီးနားတွင် ရှိနေသော လုလင်ပျို၏ မြင်းကြီးက ဟီလိုက်ပြီး ကြိုးဖြည်ထားသဖြင့် ဥယျာဉ်တော်အတွင်း ကဆုန်ပေါက် ပြေးလွှားလိုက်သည်။ လုလင်ပျိုက ထိုင်ရာမှ ကျင်မြန်စွာထကာ မြင်းကြီးကို လိုက်ဖမ်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းကြီးက ပြေး... လုလင်ပျိုကဥယျာဉ်တော်ထဲမှာ မြင်းကို **လိုက်ဖမ်း။** မြင်းကြီးက ပြေး၊ လုလင်ပျိုက ဥယျာဉ်တော်ထဲမှာ လိုက် **ဖမ်း... ဖမ်း...။**

☺



ကိုယ့်အိပ်မက်မှာ
ရယ်စရာမပါဘူးကွယ်။

www.burmeseclassic.com

www.burmeseclassic.com

ညကမက်သည့် အိပ်မက်ကို သူငယ်ချင်းတွေကို ဖွင့်မပြော ဘူးဟု ထိပ်ထားခင်က ဆုံးဖြတ်ထားသည်။ ထိုအိပ်မက်နှင့်ဆက်စပ်ပြီး ဘာတွေဘယ်လိုဖြစ်မလဲ ထိပ်ထားခင် သိချင်လို့ဖြစ်ပါသည်။

ဖြစ်တော့ ဖြစ်ကိုဖြစ်ရမည်ဆိုတာ ထိပ်ထားခင် စိတ်ထဲက သိကိုသိနေပါသည်။

အနာဂတ်ကို ကြုံချင်ပါသေးသည်။

◆

## အခန်း(၁၀)

ထွဋ်ခမျာ သည်နေ့ ကျောင်းသာလာရသည် စိတ်သွားတိုင်းကိုယ်မပါ။ ဖြစ်ပုံကလည်း ကြည့်ဦး။ ထွဋ်တို့မြို့နယ်က ကုလားဘုရားကျောင်းမှာ ဟိန္ဒူနတ်ပွဲ မီးနင်းပွဲ ရှိသည်။ နတ်ပွဲမလှည့်မီ တစ်ရက်ကြို၍ ထမင်းနှင့်ဟင်းသက်သက်လွှတ်ကျွေးသည်။ ပဲဟင်း သိပ်ကြိုက်သော ထွဋ်က မနေနိုင်သဖြင့် စတုဒီသာကျွေးပွဲသို့ သွားစားသည်။ ညတုန်းကတော့ ဘာမှမဖြစ်သေး။ မနက်မိုးလင်းလာမှ ဗိုက်က ရစ်ရစ်ပြီးနာလာသည်။ မနေ့က ပဲဟင်းသိပ်ကြိုက်သဖြင့် စားလိုက်တာများပြီလို့။ သည်မနက် အိမ်သာနှစ်ခါ ကျောင်းမလာခင် တက်ခဲ့ရသေးသည်။

ကျောင်းရောက်တော့ စာသင်ချိန်တစ်ချိန်ပြီးချိန်မှာ ဗိုက်က ထပ်ရစ်ပြီး နာလာပြန်သည်။ မထူးတော့ပါဘူးဟု ဆုံးဖြတ်ရင်း စာဆက်မသင်တော့ဘဲ ကင်တင်းမှာ ဗိုက်ရစ်ရစ်နာတာ ပျောက်အောင် လက်ဖက်ရည်ချိုကျတစ်ခွက်လောက် သောက်ဦးမည်ဟု စိတ်ကို ဆုံးဖြတ်ချက်ချလိုက်သည်။

www.burmeseclassic.com



အရေးထဲ ကင်တင်းသွားပါမည်ဆိုကာမှ အတန်းထဲက သူငယ်ချင်း ကျောင်းသူအချို့က ဖီးထုပ်နှင့်နေကြာစေ့ကို အပြန်ဝယ်ခဲ့ပါဟုမှာလို့ ထွဋ်က အခြေအနေမှန်ကို ဖြေရှင်းပြရသေးသည်။

သူငယ်ချင်းကျောင်းသူတွေက ထွဋ်ကိုကြည့်ပြီး ရယ်ကြပါသေးသည်။

◆

'ဟဲ့… ထိပ်ထားခင် ညက အိပ်မက်မက်သေးလား'

စာသင်ခန်းထဲမှာ စာသင်နေရင်းက အိပ်မက်အကြောင်းကို တစ်လုံးတစ်ပါဒမှ မမေးသော သူငယ်ချင်းမတွေက ကင်တင်းရောက်မှ နနုကမေးပါသည်။ ထိပ်ထားခင်က ဘာမှပြန်မပြောပါ။

'ဘာလဲ ထိပ်ထားခင်၊ အိပ်မက်မမက်လို့လား၊ ဒါမှမဟုတ် နင့်ရဲ့အိပ်မက်ထဲမှာ လုလင်ပျိုက ငါတို့မသိအောင်လို့ ဘာတွေလျှို့ဝှက်ထားတာတွေ လုပ်လို့ အဲဒါကို နင် ကြည်နူးခံစားနေတာ ဖြစ်မယ်၊ ငါတို့သိမှာ စိုးလို့လား'

စန်းစန်းတင့်က အရေးထဲ သူ့စိတ်ထင်ရာတွေ လျှောက်ပြောနေပြန်ပါသည်။

'ဖြစ်နိုင်တယ် စန်းစန်းတင့်ရေ၊ ထိပ်ထားခင် ညက အိပ်မက်မက်ကိုမက်ရမယ်၊ အိပ်မက်ထဲမှာ လူသိမခံတာတွေပါလို့ ထိန်ချန်နေတာ'

ထိပ်ထားခင် သည်ကိစ္စကို မဖြေရှင်းလျှင်ဖြင့် သူငယ်ချင်းမတွေက ထင်ချင်ရာတွေ လျှောက်ထင်ပြီး လိုသလိုဆွဲတွေးနေလျှင် ကိုယ်ကျိုးနည်းပြီလို့…။



'မဟုတ်ဘူးဟေ့၊ ငါက တမင်တကာ မပြောဘဲထားရင် ဘာထူးခြားလာတာလဲ သိချင်လို့ နေနေတာ၊ နင်တို့က နင်တို့ထင်ချင်သလို ထင်နေတော့ နင်တို့ရဲ့ထင်မြင်မှုအောက်မှာ ငါ ဒုက္ခမရောက်ချင်လို့ဟေ့၊ ဒီလို…'

ညက မက်သည့်အိပ်မက်ထဲကအဖြစ်အပျက်ကို ထိပ်ထားခင်က ရှင်းပြရပါသည်။ သူငယ်ချင်းမသုံးဦးက ထိပ်ထားခင်ပြောသမျှကို စိတ်ဝင်တစား နားထောင်လို့နေသည်။

'အင်း…ဘာဆက်ဖြစ်မလဲ မသိဘူးနော်၊ ဆန်းတော့ဆန်းနေပြီ'

နနုက မှတ်ချက်ချရင်းမှ ကင်တင်းဆိုင်ထဲကနေ လှမ်းကြည့်လိုက်ပြီး…

'ဟယ်… ဟိုမှာ ထွဋ်မဟုတ်လား'

'ဟုတ်တယ်၊ ဒီကင်တင်းထဲကို ဝင်လာနေတာ၊ ကေ့ခ်တစ်ခုခု စားမလို့ထင်တယ်၊ ဟဲ့… ထိပ်ထားခင် လှမ်းခေါ်လိုက်'

စန်းစန်းတင့်က ထိပ်ထားခင် လက်ကို လှမ်းပုတ်ရင်းက ပြောလိုက်ပါသည်။

'ဘာလို့ခေါ်ရမှာလဲ၊ သူ့ဘာသာသူ ထိုင်ချင်တဲ့နေရာမှာထိုင်ပေါ့'

'အဲမယ်… နင်က အခုမှ ရတယ်'

ခင်ပြုံးရီက ထိပ်ထားခင်အား မျက်စောင်းထိုးပြောလိုက်ပြီးက…

'ထွဋ်… လက်ဖက်ရည်လာသောက်တာလား၊ လာလေ၊ ဒီမှာ လာထိုင်'

www.burmeseclassic.com

www.burmeseclassic.com



ကင်တင်းထဲ လှမ်းဝင်လာသော ထွင့်က ခင်ပြုံးရီခေါ်သံကြောင့် လှည့်ကြည့်ပြီး ပြုံးပြရင်းက ထိပ်ထားခင်တို့ စားပွဲဝိုင်းဆီသို့ ရောက်လာပါသည်။

'စကားဝိုင်းဖွဲ့နေကြတာလား၊ ပြောပါ၊ ကျွန်တော် တခြားဝိုင်းမှာ ထိုင်ပါ့မယ်'

'ဘာလဲ၊ ရှင်က ဝိုင်းပြောင်းထိုင်တာ ကျွန်မတို့ဝိုင်း ရှင်းမှာ စိုးလို့လား၊ မရှင်းခိုင်းပါဘူး၊ ရှင့်ကို ကျွန်မတို့ လက်ဖက်ရည်တစ်ခွက် မုန့်တစ်ခုလောက်တော့ ကျွေးနိုင်ပါတယ်၊ လာပါ ထိုင်ပါ'

နုနုက ထွင့်အား လှမ်းစလိုက်ပါသည်။

'မဟုတ်ပါဘူး၊ ခင်ဗျားတို့ အေးအေးဆေးဆေး စကားပြောစေချင်လို့ပါ၊ ကျွန်တော်ရှိရင် မကောင်းမှာစိုးလို့ပါ'

'ဘာမှမရှိပါဘူး၊ လာ ဘာသောက်မလဲ'

ခင်ပြုံးရီက လွတ်နေသော ခုံတစ်လုံးယူပြီး ထွင့်ကိုထိုင်နိုင်းကာ စားပွဲထိုးကို လှမ်းခေါ်ပါသည်။

'ချိုကျ၊ ကျကျလေး ရှယ် နော်'

ထွင့်က စားပွဲထိုးအား လှမ်းမှာပါသည်။ ထိပ်ထားခင်က ထိုအချိန်ထိ ဘာစကားမှ မဆိုသေးပါ။ ခင်ပြုံးရီက ထိပ်ထားခင်ကို လှမ်းကြည့်ရင်းက ထွင့် မသိအောင် မျက်နှာရိပ်မျက်နှာကဲပြရင်းက…

'ကဲ… ထိပ်ထားခင် စောစောက စကားကို ပြန်ဆက်မယ်၊ ငါ့ကို ဘာဖြစ်ချင်သလဲမေးရင် ငါ့မှာဖြစ်ချင်တာတစ်ခုရှိတယ်'

'ဟဲ့… နင်ဘာဖြစ်ချင်လို့လဲ'

နုနုနှင့်စန်းစန်းတင့်က ပြိုင်တူမေးပါသည်။

'ငါက ရစ်ဘီးနဲ့ လွှတ်တဲ့စွန့်ဖြစ်ချင်တယ်၊ စွန့်စွန့်ချင်း မြှားဖို့



မဟုတ်ဘူး၊ ကိုယ်က ကောင်းကင်ကြီးထဲမှာ ကြိုးကိုရှည်နိုင်သလောက် ရှည်အောင် စွန့်လွှတ်တဲ့သူကလွှတ်တင်ရင် ငါက ကောင်းကင်အမြင့်ကြီးကနေ လူတွေကော သဘာဝရှုခင်းတွေကော လွတ်လွတ်လပ်လပ် ကြည့်လို့ရမယ်၊ ပြီးတော့ လူတွေက ကိုယ့်ကိုယ်ကိုယ် သိပ်ဟုတ်လှပြီလို့ တိုက်တာကြီးတွေ ဟိုတယ်ကြီးတွေပိုင်ဆိုင်လို့ ဂုဏ်ယူသူကော သာမန်သူတွေကော အမြင့်ကြီးက ကြည့်ရင် ဘာမှ မဟုတ်ပါလား သေးသေးမွှားမွှားလေးပါလားဆိုတဲ့ ဒဿနကို ကောင်းကောင်းခံစားချင်တယ်'

ခင်ပြုံးရီက နုနုအားကြည့်လိုက်ရင်း…

'နုနု နင်ကကော ဘာဖြစ်ချင်သလဲ'

'ငါကတော့ ဘဝမှာ ကမ္ဘာကျော်ချမ်းသာတဲ့လူတွေလို ဂျက်လေယာဉ်ပျံကြီးကို ပိုင်ချင်တာ၊ ဒါပေမဲ့ အဲဒါက ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ဒီတော့ ဂျက်လေယာဉ်ပျံကြီးတွေသာ မပိုင်ဆိုင်နိုင်ရင်နေမယ်၊ စျာန်ရဖို့ကတော့ လွယ်တယ်၊ စျာန်ရရင် အဲဒါတွေလိုမှမလိုတာ၊ ဒီတော့ စျာန်ရတဲ့သူဖြစ်ချင်တာ'

'ဟဲ့… တခြားဟာ စဉ်းစားပါဟယ်၊ နင်ကလည်း ရဲကြီးနေပါဦးမယ်'

ခင်ပြုံးရီနှင့် စန်းစန်းတင့်က ရယ်ရင်းကပြောပါသည်။

'စန်းစန်းတင့် နင်ကကော'

'ငါဖြစ်ချင်တာက နုနု နင့်လိုမဟုတ်ဘူး၊ ငါက ထီးကလေးဖြစ်ချင်တာ၊ ဘာဖြစ်လို့လဲဆို ထီးက လူတစ်ယောက်ကို နေဒဏ်မိုးဒဏ် အကာအကွယ်ပေးတယ်၊ လူတစ်ယောက်အတွက် ထီးကလေးက တဒင်္ဂဒုက္ခကို အကာအကွယ်ပေးတယ်၊ ဒီတော့ တဒင်္ဂလူတွေကို

www.burmeseclassic.com



ကူညီပေးတဲ့ ထီးကလေးပဲ ဖြစ်ချင်တယ်'

'အံမယ်··· စန်းစန်းတင့် နင်က နှနေပါလား'

ခင်ပြုံးရီနှင့် နုနုက စန်းစန်းတင့်ကို နောက်လိုက်သည်။ ထိပ်ထားခင်က စန်းစန်းတင့်ကို ကြည့်ရင်း မသိမသာ ပြုံးပါသည်။

ထွဋ်ကလက်ဖက်ရည်ကိုသာ သောက်နေရပေမယ့် တော်တော်ခံစားနေရသည်။ ဗိုက်ထဲက ရစ်သထက် ပိုရစ်လာပြီး အိမ်သာအရမ်းတက်ချင်နေသည်။ ထပြီးသွားလို့ကလည်း ရိုင်းရာကျမည်စိုးသဖြင့် သူတို့ပြောသမျှကို အောင့်အီးပြီး နားထောင်နေရသည်။

'ကဲ··· ငါတို့တွေအလှည့်တော့ ပြီးပြီ၊ ထိပ်ထားခင် နင်ကကော'

နုနုက အားလုံးပြောသမျှကို နားထောင်ပြီး ဘာစကားမှမဆိုသော ထိပ်ထားခင်ကို မေးလိုက်ပါသည်။

'နင်တို့ပြောတဲ့ ဖြစ်ချင်တဲ့ ရည်ရွယ်ချက်တွေက ကောင်းပါတယ်၊ ငါကတော့ နင်တို့လိုမျိုးမဖြစ်ချင်ဘူး၊ ငါဖြစ်ချင်တာက ငါ့ဘဝကို အင်္ဂလိပ်စာလုံး 'အန်'လိုဖြစ်ချင်တာ'

ထိပ်ထားခင်ပြောလိုက်သော စကားကို သူငယ်ချင်းမတွေက နားမလည်သလိုဖြစ်သွားသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

'ဟဲ့··· ငါတို့တော့ စားပြီ၊ ရှင်းပါဦး ထိပ်ထားခင်ရယ်'

နုနုက မေးလိုက်သဖြင့် ထိပ်ထားခင်က School Bag အိတ်ထဲက စာအုပ်တစ်အုပ်ကို ဆွဲထုတ်ပြီး အလယ်စာမျက်နှာကို ဖြကာ ဆော့ပင်ထုတ်ပြီး တစ်စုံတစ်ခုကို ရေးချပြီး စားပွဲပေါ် ချပြလိုက်သည်။





'ဘာတွေလဲ ထိပ်ထားခင်ရယ်၊ အင်္ဂလိပ်စာလုံး 'အန်'မှာ မြားတွေထိုး ဘာတွေထိုးနဲ့ ရှုပ်နေတာပဲ'

စန်းစန်းတင့်က စားပွဲပေါ်မှာ ချထားသော စာရွက်ထဲက စာလုံးကို ကြည့်ပြီး ခေါင်းကဆံပင်ကို မသိမသာ ကုပ်လိုက်ပါသည်။

'လူ့ဘဝဆိုတာ အခု ငါရေးတဲ့ အန်စာလုံးလိုပဲ၊ ဘဝမှာ ကြိုးစားရင်း ကံ၊ ဉာဏ်၊ ဝီရိယကြောင့် တိုးတက်မှုရှိမယ်၊ ပြီးရင် လောကဓံ အရိုက်အပုတ်တွေကြောင့် လူဆိုတာ အထက်ကနေကျရတာ ရှိကိုရှိမှာ၊ အဲဒါကို တွေဝေငေးမောလွမ်းဆွတ်နေဖို့ မလိုဘူး၊ လောကဓံကိုဆင်ခြင်ရင်း လူဟာ ကြိုးစားရင်းက ပြန်ပြီးတိုးတက်မှုကို ရလာမှာပဲ၊ အခု ငါဆွဲပြတဲ့ အန်စာလုံးက မြားတွေဟာ လူ့ဘဝရဲ့ အတက်အကျသဘောတွေပဲ၊ ဒီလို 'အန်'ပုံစံထဲမှာဝင်နေတဲ့ လူတွေဟာ 'အန်'ရဲ့ဖြစ်တည်မှုကို သိရမှာဟ၊ ဒါမှ လူ့ဘဝဟာ နေရကျိုးနပ်မှာ၊ ဒီတော့ ငါကတော့ 'အန်'ပဲဖြစ်ချင်တာ၊ ဒီအတိုင်းပဲ နေတယ်'

ထိပ်ထားခင် စကားအဆုံး သူငယ်ချင်းမသုံးဦးက စာရွက်ပေါ်ကစာလုံးကို ပြိုင်တူထပ်ကြည့်ပါသည်။ ပြီးတော့မှ ရောက်ကတည်းက ဘာမှဝင်မပြောသော ထွဋ်ကိုကြည့်ရင်း နုနုက မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထွင့် ကျွန်မတို့ကတော့ ကိုယ်ဖြစ်ချင်တာ ပြောပြီးပြီ၊ ထွင့်ကကော'

အခုမှ ရှာပတ်ပြီလို့။ ထွင့်က ထိပ်ထားခင် ရှင်းပြတာကို နားထောင်ပြီးလို့ ရှိရင်သည်စားပွဲဝိုင်းကနေထဖို့ကြိုးစားတာ အရေးထဲ ဖွင့်ဆိုချက် ထုတ်နိုင်းလို့ စိတ်တော့ နည်းနည်းညစ်သွားပါသည်။ ဗိုက်ကလည်း ရစ်သထက် ရစ်လာပါသည်။

'ကျွန်တော်က စွန်လည်းမဖြစ်ချင်ဘူး၊ စွန်ဆိုတာမျိုးက စတ္တုသက်မဲ့သဘော၊ ဘာမှခံစားချက်မရှိဘူး၊ လေကြမ်းရင် စွန်က ကိုင်းကန်ချင်ကန်၊ မကန်ရင် လေဒဏ်ကြောင့်ပြဲရ၊ ကြိုးပြတ်ရ၊ ရောက်ချင်ရာ ရောက် ဘဝနဲ့ မဟန်ပါဘူး၊ ထီးကြပြန်တော့လည်း လူဆိုတာမျိုးက လိုအပ်မှ ထုတ်သုံးတာမလိုအပ်ရင် ချောင်ထိုးထား၊ ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် မထင်ဘူး၊ ဈာန်ရဖို့ဆိုတာက လောဘ ဒေါသ မောဟ အတ္တတွေ ရှိတဲ့ ပုထုဇဉ်တွေအဖို့မဖြစ်ရေးချမဖြစ်ပဲ၊ ဒီလိုပဲ အင်္ဂလိပ်စာလုံးတွေဆိုတာက ကိုယ့်ဖွင့်ဆိုချက်နဲ့ကိုယ်ကြိုက်သလိုဖွင့်လို့ရတယ်'

ထွင့် စကားအဆုံး အားလုံးက ထွင့်ကို ဘုကြည့်ကြည့်ပါသည်။ ထိပ်ထားခင်က…

'ဒါဆို ထွင့်က ဘာဖြစ်ချင်သလဲ'

'ဟုတ်ကဲ့၊ အခုအချိန်မှာ ကျွန်တော် အဖြစ်ချင်ဆုံးက ဒီစားပွဲဝိုင်းက အမြန်ထချင်နေပြီ'

'ဘာဖြစ်လို့လဲ'

ထိပ်ထားခင်က တအံ့တသြနှင့် မေးပြန်ပါသည်။

'မနေ့က ပဲဟင်းတွေအစားများလို့ ဒီမနက် ဗိုက်ရစ်ရစ်နာ



း ဝမ်းသွားနေတာ အခုလည်း ခင်ဗျားတို့ခေါ်လို့ထိုင်သာထိုင်ရယ်၊ ဝမ်းကသွားချင်နေတာ၊ ခွင့်ပြုဦးဗျာ၊ ဒီအချိန်မှာ အဖြစ်ချင်းက အိမ်သာတက်ချင်တာပဲ၊ သွားပြီ၊ နောက်မှ ဆွေးနွေးမယ်ပြီဗျို့'

အတော်ကို ချုပ်တည်းမှုမှ လွတ်မြောက်သွားသော လူတစ်းလိုမျိုး ဝမ်းသာအားရနှင့် ထွင့်က ထိပ်ထားခင်တို့ စားပွဲဝိုင်းကနေပ်သုတ်သုတ် ထထွက်သွားပါသည်။

'ဘယ်လိုလဲ ထိပ်ထားခင်၊ နင့်အိပ်မက်မှာ အဲဒါမျိုးကောလား'

စန်းစန်းတင့်က ထိပ်ထားခင်အား ပြောရင်းမှ ရယ်ပါသည်။ ကျန်သည့်နှစ်ယောက်ကလည်း ရယ်ပါသည်။ ထိပ်ထားခင်လည်း နေနိုင်ဘဲ ပြုံးမိရင်းက ဘာမှပြန်မပြော။

သေချာတာကတော့ ယခုချိန်လောက်ဆိုလျှင် ထွင့် တစ်ယောက် သူ ချုပ်တည်းထားရသမျှ အကြီးအကျယ် ပေါက်ကွဲထွက်နေပြီဆိုတာ ထိပ်ထားခင် တစ်ယောက် တွေးဖို့ပင် လိုမည်မထင်တော့ပါ။

♦

သည်ရက်အတွင်းမှာ ထွင့်တစ်ယောက် စားကောင်းသောက်ကောင်းလို့လား မသိ။ ဘာအိပ်မက်မှ မမက်ပါ။ သို့သော် ထွင့်သိပါသည်။ အိပ်မက်ခများ မက်မက်ရလွန်းလို့ ခေတ္တ အနားယူနေတာပဲ ဖြစ်ပါလိမ့်မည်လို့…။

♦

www.burmeseclassic.com



ထိပ်ထားခင်တစ်ယောက်ကိုမျှား အိပ်မက်စောင့်နတ်သမီးက စိတ်ကောက်နေသလား မသိပါ။ ကြည့်ပါဦးလို့။

မကြာခဏမက်တတ်သော အိပ်မက်တွေက အခုတစ်လော လုံးဝ မမက်လို့ ဖြစ်ပါသည်။ ထိပ်ထားခင် သိနေပါသည်။ အိပ်မက်စောင့်နတ်သမီးက စိတ်ကောက်ပြေတော်မူလျှင် အရင်ကလို မက်နေကျ အိပ်မက်တွေ ဖန်တီးပေးဦးမှာလို့။

☺



မင်းချစ်မြတ်နိုးသလို
ကိုယ်လည်း
ချစ်မြတ်နိုးတဲ့အချိန်မှာ
ကိုယ့်ရဲ့အသက်အရွယ်ဟာ
လုပမ္ဘာ ကြီးရင့်လာမှာပါ။

(ဝိလျှမ်းဆမ်းမားဆက်မွန်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

ထွဋ်ကျောင်းက ကင်တင်းမှာထိုင်နေတာ မှာရီဝက်ရှိပြီ။ ကျော်မင်းနှင့် အေးသိန်းတို့ ရောက်မလာသေးပါ။ သည်ရက်တွေမှာ ကျော်မင်းနှင့်သာ အတွေ့များပြီး အေးသိန်းကို သိပ်မတွေ့ရ။ သည်ကောင် ဘာပြဿနာတွေ ရှိနေလို့လဲမသိ။

'ဟော… ထွဋ် တစ်ယောက်တည်းလား'

တွေးချင်ရာတွေးနေတုန်း ထွဋ်အနားကို ထိပ်ထားခင်နှင့်နုနု ရောက်လာရင်းက ထိပ်ထားခင်က မေးပါသည်။

'သူငယ်ချင်းနှစ်ယောက်ကို စောင့်နေတာ၊ မလာသေးလို့၊ လာဗျာ ထိုင် ဘာသောက်မလဲ'

ထိပ်ထားခင်နှင့် နုနုက ထွဋ် အနားမှာ ဝင်ထိုင်ပါသည်။ နုနုက ကြာဇံချက်နှစ်ပွဲလှမ်းမှာလိုက်သည်။ ကြာဇံချက်နှစ်ပွဲ စားပွဲဝိုင်းသို့လာချပေးပြီးနောက် ထိပ်ထားခင်နှင့်နုနုတို့က စားသောက်နေတုန်း တစ်ဝက်လောက်မှာပဲ ကျော်မင်းနှင့်အေးသိန်း ရောက်ချလာပါသည်။

www.burmeseclassic.com



အေးသိန်းမျက်နှာက မကောင်းဘဲ တစ်ခုခုကို ခံစားနေရသလို မျိုး ဖြစ်နေသည်ကို ထွဋ် အကဲခတ်မိသည်။

'အေးသိန်း··· အခုတလော ဘယ်ပျောက်နေတာလဲ၊ မျက်နှာလည်းမကောင်းပါလား'

ထွဋ်က မေးသောအခါ အေးသိန်းက ဘာမှပြန်မဖြေဘဲ ကင်တင်းအပြင်ဘက်သို့ ရီဝေတမ်းတငေးမောစွာဖြင့် ရုပ်ရှင်ဗီဒီယို တွေထဲက မင်းသားလွမ်းသလို အမူအရာမျိုးဖြင့် ကြည့်နေပါသည်။

'မပြောနဲ့ ထွဋ်ရေ၊ ဒီကောင် အရိုန်တက်နေတာ မလွယ်ဘူး ဟ'

'ဘယ်လိုအရှိန် တက်တာလဲ ကျော်မင်းရာ'

'ဒီကောင့်အစား ဒီက ထိပ်ထားခင်တို့ နုနုတို့ရှိလည်း မတတ်နိုင်ဘူး၊ ပြောရမှာပဲ၊ ဒီလိုကွ၊ ဒီကောင်က သူ့လမ်းနောက်လမ်းက သူ့ထက်အသက်နည်းနည်းကြီးတဲ့ အပျိုကြီးမမသက်ကို ကြိုက်နေတာ၊ ဟိုက ပိုက်ဆံကလည်းရှိ၊ လှကလည်းလှ၊ မာနကလည်းကြီးတယ်၊ မောင်တွေလည်းရှိတယ်၊ သူ့အဖေကြီးကလည်း ဘုဂလန့်ကြီး၊ မမသက်က သူ့ကို လက်မခံဘူးဖြစ်နေတယ်၊ ဒီကောင် ကြိုးစားနေတာ ကြာပြီ၊ အခုထိ ဟိုကမတုန့်ပြန်တော့ ဒီကောင့်နှလုံးသားတွေ မခံနိုင်ဘူးပေါ့ကွာ'

'ဟုတ်လား ကျော်မင်းရာ၊ ဒီကောင် ပိရိတယ်ကွာ၊ သူငယ်ချင်းအဖြစ် ပေါင်းနေတဲ့ငါ လုံးဝမသိတာ အံ့အားသင့်ပါရဲ့'

ထွဋ်က ထိုသို့မှတ်ချက်စကားအဆုံးမှာ ထိပ်ထားခင်နှင့် နုနုတို့ကတော့ အေးသိန်းကို ကြည့်ပြီး မသိမသာပြုံးနေပါသည်။

'အေးသိန်းရာ ဒါများဘာခက်လို့လဲ၊ မင်းလုပ်ရဲရင် မင်းသိပ်ချစ်တဲ့ အပျိုကြီးမမသက်ကို ပိုင်ဆိုင်ခွင့်တောင် ရဦးမှာ'



ထွဋ် စကားကြောင့် အေးသိန်းအမူအရာ ရုတ်ခြည်းဆိုသလို ပြောင်းလဲသွားပါသည်။

'ဘယ်လို ထွဋ်၊ မင်းစကားက ငါတော့ သိပ်နားမလည်ဘူး'

ထွဋ်က ရေနွေးကြမ်းခွက်ငှဲ့ပြီး သောက်လိုက်သည်။ ပြီးမှ ဖန်းကန်လုံးကိုချထားလိုက်ရင်း···

'အေးသိန်း မင်းက အပျိုကြီးမမသက် အိမ်ကို အရင်က အဝင်အထွက်ရှိလား'

'ရှိတာပေါ့ ထွဋ်ရ၊ သူ့အဖေနဲ့ငါ့အဖေက မိတ်ဆွေတွေလေ'

'ဟုတ်ပါပြီ၊ မမသက်တို့အိမ်က ခြံနဲ့ဝင်းနဲ့လား'

'ပေလေးဆယ်ခြံထဲမှာ ခြေတံရှည်သစ်သားအိမ်ဆောက်ထားတာကွ၊ ခြံထဲမှာ ပန်းပင်တွေဘာတွေလည်းရှိတယ်၊ ပြီးတော့ အန်းကလေးလည်းရှိတယ်၊ အဲဒီအန်းကလေးမှာ မမသက်က ထိုင်လေ့ရှိတယ်'

'ဒါဆို သူတို့ခြံဝင်းတံခါးက မနက်ဆို ဘယ်အချိန်ဖွင့်လဲ'

'မနက်ဆို ခြံတံခါးကို စေ့ထားလေ့ရှိတယ်၊ မမသက်ရဲ့ အဖေက မနက်ခြောက်နာရီလောက်မထိုးခင် လမ်းလျှောက်တတ်တယ်၊ ငါ့အဖေတောင် လာခေါ်သေးတယ်၊ ပြီးရင် မမသက် မောင်တွေဈေးထဲမှာ ဆိုင်ထွက်ဖို့သွားလေ့ရှိတယ်၊ ခြံတံခါးကို မမသက်မောင်တွေက ဒီအတိုင်းစေ့ထားတာ များတယ်'

'ဟုတ်ပြီ'

ထွဋ်က လက်ဖျောက်တစ်ချက်တီးလိုက်ရင်း···

'အေးသိန်း မင်းက မမသက်ရဲ့အဖေနဲ့ သူ့မောင်တွေအပြင်ထွက်သွားတဲ့အချိန်ကိုစောင့်ပြီးတာနဲ့ မမသက်တို့ခြံတံခါးဖွင့်ပြီး ခြံဝင်းထဲကိုဝင်ပြီးရင် ပြန်ထွက်လာ၊ အေး··· မင်းပြန်ထွက်လာတာ

www.burmeseclassic.com

www.burmeseclassic.com



မမသက်တို့အိမ်ကလူတွေ မသိစေဘဲ ပတ်ဝန်းကျင်က လူတွေမြင်အောင်လုပ်ရမယ်၊ အဲဒါမျိုး ငါးရက်ဆက်တိုက်လုပ်ပေး၊ ပြီးရင် ငါဆက်ပြီး ဘာလုပ်ရမလဲပြောမယ်၊ ဘယ်လိုလဲ လုပ်ရဲရဲ့လား'

'ဘာလို့မလုပ်ရဲရမှာလဲ၊ နက်ဖြန်ကစလုပ်မယ်၊ မမသက်အချစ်ကိုရဖို့ပဲဟာ'

အေးသိန်းက အောင်မြင်ဝင့်ကြွားသော အသံဖြင့် ကတိပေးပါသည်။

ထိပ်ထားခင်ကတော့ ထွန်းကို နားမလည်သလိုအကြည့်မျိုးနှင့် ကြည့်လိုက်ပါသည်။ နုနုလည်း ထို့အတူပါပဲ။

'ထွန်း… ကြည့်လုပ်ဦးကွာ၊ ဒီကောင်ပြဿနာတွေဘာတွေတက်နေဦးမယ်'

ကျော်မင်းက စိုးရိမ်တကြီးနှင့် သတိပေးပါသည်။

'အဲဒီလို ပြဿနာတက်မှ အေးသိန်းကိစ္စက ပန်းတိုင်ကိုရောက်ပြီးလန်းမှာ၊ တစ်ခါတစ်ရံဘဝမှာ ပြဿနာတွေက အောင်မြင်မှုပန်းတိုင်ကို တွန်းပို့တတ်တယ်၊ ဒီလုပသိမ်မွေ့တဲ့ ပြဿနာကို ဖန်တီးသင့်ရင် ဖန်တီးရမယ်'

ထွန်းက ရေနွေးကြမ်းနောက်တစ်ခွက် ထပ်ငှဲ့ပြီး သောက်ချလိုက်သည်။

'ထွန်း… အခုထွန်းပြောတဲ့ အကြံကို ကျွန်မတော့ စိတ်ဝင်စားသွားပြီ၊ ဘာတွေဆက်ဖြစ်မလဲ၊ ကျွန်မတို့ကို ပြောပြနော်'

'ဒါတော့ မပူနဲ့ ထိပ်ထားခင်၊ ကျွန်တော်နဲ့အပျိုကြီးမမသက်အသည်းနှလုံးကို သိမ်းပိုက်ရေးအတွက် ထွန်း မပြောပြရင်နေ ကျွန်တော်က လက်ဖက်ရည်တိုက်ပြီး ပြောကိုပြောပြမယ်၊ နောက်ငါးရက်ကြာရင် ဒီကင်တင်းကို ဒီအချိန်သာလာခဲ့'



'လာမယ် လာကိုလာဦးမှာ'

အေးသိန်းက ဘာဖြစ်လာမည် မသိသေးသော အနာဂတ်အတွက် ကြုံတင်ပြီး စားသောက်သူတွေကို ဒကာတော်ရေမြှုပ်ခြင်းကို ခံယူတော်မူလိုက်သဖြင့် အားလုံးက ဆုတွေဘာတွေတောင်ပေးကြပါသေးသည်။

◆

အပျိုကြီး မမသက်တို့ ခြံရှေ့သို့ အေးသိန်း သစ်ပင်အကွယ်ကနေ အကဲခပ်နေသည်မှာ အဆင်ပြေလို့နေပါသည်။ မမသက်တို့အဖေလည်း လမ်းလျှောက်ထွက်သွားပြီ။ မမသက်မောင်တွေလည်း ဈေးထွက်ဖို့ သွားကြပြီ။ အေးသိန်းက မမသက်တို့ခြံရှေ့သို့ ခပ်သုပ်သုပ် မြေးသွားလိုက်ပြီး ခြံဝင်းထဲသို့ ပြေးဝင်လိုက်သည်။ ခြံထဲသို့ရောက်သောအခါ မမသက်တို့အိမ်ကို အကဲခပ်ကြည့်လိုက်သည်၊ မည်သူမှ မတွေ့ရ။ အိမ်ပေါ်မှာ အိပ်နေကြသလား မသိ။

အေးသိန်းက မမသက်ထိုင်နေကျ ဒန်းမှာ ခဏထိုင်လိုက်သည်။ ဒန်းပေါ်မှာ ထိုင်နေရင်းက လမ်းမဘက်သို့ အကဲခပ်သောအခါ လူတစ်ယောက်စ နှစ်ယောက်စ ဖြတ်သွားဖြတ်လာလုပ်နေသည်ကို မြင်နေရသည်။

ဒန်းပေါ်မှထကာ ခြံရှေ့သို့ ခပ်သုပ်သုပ်သွားလိုက်ပြီး ခြံဝင်းတံခါးကို ဖွင့်ကာ ပြန်ပိတ်ပြီး ပတ်ဝန်းကျင်ကို ဟိုကြည့်ဒီကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် သဘောကျစွာဖြင့် မမသက်တို့အိမ်ရှေ့ကနေ နောက်ကြောင်းပြန်လှည့်လိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com



'ဗျို့… ကိုဖေသက် ခင်ဗျားကို သတိပေးစရာရှိလို့'

လမ်းလျှောက်ပြီး ပြန်လာသော ဦးဖေသက်ကို ခေါင်းရင်းအိမ်နှစ်အိမ်ကျော်မှ ဦးလွန်းမောင်က လှမ်းပြောလိုက်သဖြင့် ဦးဖေသက်က ဦးလွန်းမောင်ရှိရာသို့ သွားလိုက်သည်။

'ဘာကိစ္စများလဲ ကိုလွန်းမောင်ရဲ့'

'ဒီလိုပါဗျာ၊ ဟုတ်တာ မဟုတ်တာတော့ မသိဘူးဗျ၊ ခင်ဗျားရဲ့ ခြံဝင်းထဲကနေ မနက် ခင်ဗျားကလည်း လမ်းလျှောက်ထွက်သွား၊ ခင်ဗျားရဲ့သားတွေကလည်း ဈေးကိုဆိုင်ထွက်ဖို့သွားပြီးပြီဆိုရင် ခင်ဗျားတို့ရဲ့ခြံထဲကနေ ဟိုဘက်လမ်းက ဦးမောင်သိန်းရဲ့သား အေးသိန်းက ခြံထဲကခပ်သုပ်သုပ်ထွက်သွားတာ ငါးရက်လောက်ရှိပြီ၊ ခင်ဗျားရဲ့သမီးအပျိုကြီးမသက်ကိုလည်း မေးကြည့်လိုက်ဦး၊ ကိုယ်က သမီးရှင်နော်'

'ဗျာ… ခင်ဗျားပြောတာ နားထောင်သာ နားထောင်နေရတယ် ဟုတ်ပါ့မလားဗျာ၊ ကျွန်တော့်သမီးက ဒါမျိုးတော့ ဟုတ်မယ်မထင်ဘူး'

'ကိုဖေသက်ရာ အဲဒါက ကျုပ်တစ်ယောက်တည်းမြင်တာ မဟုတ်ဘူး၊ ရှေ့အိမ်က မတင်လှတို့ကလည်း မြင်တယ်၊ အားနာလို့ ခင်ဗျားတို့ကို သတိမပေးတာ'

'အင်း… ကျွန်တော့်သမီးကြီး အပျိုကြီး ဘာတွေလျှောက်လုပ်နေပါလိမ့်ဗျာ'

ဦးဖေသက်တစ်ယောက် မယုံတစ်ဝက် ယုံတစ်ဝက်ပုံစံမျိုးနှင့် ခြံတံခါးကိုဖွင့်ပြီး ပြန်တောင်မပိတ်အားဘဲ ခြေတံရှည်အိမ်ပေါ်သို့ တက်လာခဲ့သည်။

♦



'ဖေဖေ ကော်ဖီသောက်တော့မလား'

ဦးဖေသက် အိမ်ပေါ်ရောက်ရောက်ချင်းမှာ သမီးဖြစ်သူမသက်က လှမ်းမေးလို့ မဆုံးခင်မှာ

'သမီး… သမီး ဘာတွေလုပ်သလဲ အဖေ့ကိုပြောစမ်း'

မသက်တစ်ယောက် ဘာမေးလို့မေးမှန်းမသိ။ ဖခင်စကားကြောင့် နားမလည်သလိုဖြစ်သွားပါသည်။

'ဖေဖေ ဘာမေးတာလဲ၊ သမီး နားမလည်ဘူး'

'သမီးရယ်… ဖေဖေ့ကို ဘာမှမရှက်ပါနဲ့၊ ဒါသဘာဝပဲဟာ၊ အင်း… သမီးက အပျိုကြီးဆိုတော့ တစ်သက်လုံး ထိန်းထားရတာဆိုတော့ ဒီလိုတော့ရှိမှာပေါ့၊ ဒါပေမဲ့ ကိုယ့်ရည်းစားကို ညဘက်ကိုယ့်အခန်းထဲခေါ် မနက်ကြမှ လူရှင်းမှ ပြန်ခိုင်း၊ မဟုတ်သေးပါဘူး၊ သမီးတို့ အဆင့်က နယ်ကျွံနေပြီပဲ၊ ဒီတော့ အချိန်ဆွဲလို့မဖြစ်တော့ဘူး'

မသက်တစ်ယောက် ဖခင်ဖြစ်သူက ဘာတွေလာပြောနေသလဲ စဉ်းစားလို့မရ တွေးလို့မရနှင့် စိတ်တွေရှုပ်လာပါသည်။

'ဖေဖေ… ဖေဖေ… ဘာတွေပြောနေတာလဲ၊ သမီး ဘာမှနားမလည်ဘူး ဘာတွေလဲ'

'ဘာ…ဘာတွေရမှာလဲ၊ ဟိုဘက်လမ်းက ဖေဖေ့သူငယ်ချင်း ကိုမောင်သိန်းရဲ့သားနဲ့ သမီးရည်းစားဖြစ်နေတာ သမီးက အိမ်တွင်းပုန်းအပျိုကြီးဆိုတော့ ရှက်လို့ အပြင်မှာမတွေ့ရဲလို့ ညဘက် ဖေဖေတို့ သမီးမောင်တွေအိပ်တဲ့အချိန်ကျမှ သမီးတို့ချင်း ဒီလို သမီး အခန်းထဲမှာတွေ့တာ၊ အခုပတ်ဝန်းကျင်ကပြောမှ သိရတယ်၊ ကိုမောင်သိန်းရဲ့သားက မနက် ဖေဖေနဲ့ မောင်လေးတွေအပြင်ထွက်သွားပြီးရင် ခြံထဲက

www.burmeseclassic.com



ထွက်ထွက်လာတာ မြင်ရတယ်တဲ့၊ ကဲ… သမီး ဘာပြောမလဲ’

ဦးဖေသက်၏ လေသံက တော်တော်နည်းနည်းမြင့်သွားပါသည်။ မသက်ကတော့ ဘာဆိုဘာမှ မပြောနိုင်သေးဘဲ အေးသိန်းအပေါ် ဒေါသတွေ ထွက်သထက်ထွက်နေမိပါသည်။

‘အဲဒါ မဟုတ်ဘူး ဖေဖေ၊ အဲဒီ အေးသိန်းက သမီးကိုအရမ်းလိုချင်နေတာ၊ သမီးက သမီးထက်အသက်ငယ်တော့ သူ့ကိုဘယ်လိုလုပ် ချစ်လို့ရမှာလဲ၊ ဒါ တမင်တကာ အကွက်ဆင်တာ၊ မဟုတ်ဘူး ဖေဖေ’

‘ဘာမဟုတ်ရမှာလဲ၊ မဟုတ်ရင် ပတ်ဝန်းကျင်က ပြောမလား။ တော်ပြီ တစ်ရက်က နှစ်ရက်အဖြစ်မခံနိုင်ဘူး၊ ဒီကိစ္စကို ကိုမောင်သိန်းနဲ့ အမြန်တိုင်ပင်ရမယ်’

‘ဒုက္ခပါပဲ ဖေဖေရယ်၊ မဟုတ်ဘူးနော်’

‘မသက်တစ်ယောက် ဆက်တီခုံပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်စဉ်မှာပင် လေ့ခါးကနေ အိမ်ပေါ်ထပ်သို့ တက်လာသော ခြေသံတွေကို ကြားရပါသည်။

‘မမသက်… မမသက် ဘယ်လိုလုပ်တာလဲဗျာ၊ ကျွန်တော်တို့တွေ ဈေးထဲမှာ မျက်နှာဘယ်လိုပြရမှန်းကို မသိဘူး’

မသက်၏ အငယ်ဆုံးမောင်ဖြစ်သူ ထွန်းသက်က ဒေါသတကြီးဖြင့်ပြောလို့ မဆုံးခင်မှာ နိုညာဖြစ်သူ လင်းသက်က

‘ဒီနေ့မှ ဒီသတင်းသိရတာ ရှက်တယ်ဗျာ’

‘ဟော့… သားတွေ ဘာဖြစ်လို့လဲ’

ဦးဖေသက်က မေးသည့်အခါ ထွန်းသက်က

‘ဘာဖြစ်ရမှာလဲ အဖေရ၊ ဒီလိုလေ…’



မသက်က မောင်နှစ်ယောက်၏ စကားကို နားထောင်နေရင်းမှ မျက်ရည်တွေကပါးပြင်ကနေ ကျဆင်းလို့လာပါသည်။ အေးသိန်းအပေါ် ဒေါသစိတ်တွေကလည်း ယခင်ကထက်ကို ပေါက်ကွဲထွက်လာပါသည်။

‘အေး… ဖေဖေလည်း ဒီမနက်မှ သိရတာ၊ ဒီလောက်ဆို ပတ်ဝန်းကျင်က တော်တော်သိကုန်ပြီ’

‘ဟုတ်တယ် ဖေဖေ၊ ဘာလုပ်မလဲ၊ ဒီအချိန်ရောက်မှတော့ ဒီထက်ကို ကျွန်တော်တို့ အရှက်ကွဲမခံနိုင်ဘူး၊ ဖေဖေ ဟိုဘက်ကလူတွေနဲ့ သွားသာတွေ့တော့’

‘ဘာတွေ့ရမှာလဲ၊ တွေ့စရာမလိုဘူး၊ ဟုတ်မှမဟုတ်တာ၊ မမပြောတာ ယုံပါ’

‘မယုံဘူး မမ၊ မမက အပျိုကြီးဆိုတော့ အုံမှုန်းပဲဟာ၊ ရှက်တတ်တာ၊ အခုလည်း မမရှက်နေတာ၊ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ပတ်ဝန်းကျင်က တစ်မျိုးထင်ကုန်ပြီ၊ ဟိုကတည်းက အေးသိန်းက မမနဲ့လည်း စကားပြောတယ်၊ ဒီလည်း ခဏခဏလာတယ်၊ မမ ဘာပြောမလဲ’

‘ပြောနိုင်တယ်၊ ငါက သူ့ကို ချစ်မှမချစ်တာ’

‘ဘာ မချစ်တာလဲ၊ မချစ်လို့ဘဲ မမအိပ်ခန်းထဲ ရောက်ပြီး မနက်မှပြန်တာပေါ့’

‘ဟဲ့… ငါ့ကို ဒီလိုမပြောနဲ့’

‘ပြောတယ်ဗျာ၊ ဟုတ်လို့ပြောတာ’

ဦးဖေသက်တို့ အိမ်ထဲမှာတော့ စကားသံတွေက ဝုန်းဒိုင်းကြဲနေပါတော့သည်။ ဆူသံညံသံများကြောင့် အနီးအနားပတ်ဝန်းကျင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိကြသည့် အိမ်နီးချင်းတွေက မသိမသာ အကဲခပ်စပ်စုနေကြပါသည်။

'ကဲ… တော်တော့၊ ဆက်မပြောနဲ့၊ ပတ်ဝန်းကျင်ကလည်း အားလုံးသိကုန်ပြီ၊ ဒီတော့ ကိုမောင်သိန်းတို့အိမ် ဖေဖေ အခုပဲသွားပြီး စီစဉ်စရာရှိတာ စီစဉ်တော့မယ်၊ ဒီကိစ္စကို ဒီမှာတင်ပြီးစေတော့၊ ကိုယ့်ဘက်ကလည်း ပါနေတာ၊ ဘာလုပ်လို့ရမှာလဲ'

ဦးဖေသက်က ပြောပြောဆိုဆိုနှင့် အိမ်ပေါ်ကနေဆင်းသွားပါသည်။ သားဖြစ်သူနှစ်ယောက်ကတော့ စိတ်ချလက်ချနှင့် ခံပြင်းဒေါသဖြစ်နေသော အစ်မဖြစ်သူ အပျိုကြီးမမသက်ကို မကျေမနပ်အကြည့်တွေနှင့် ကြည့်နေပါတော့သည်။

အပျိုကြီး မမသက်ကတော့ စိတ်ထဲကနေ အေးသိန်းကိုသာ မကျေမနပ်နှင့် ကျိန်ဆဲနေပါတော့သည်။

◆

'ပိုင်လှချည်လား၊ ကျွန်မတို့ ထင်တောင်မထင်ဘူး'

ထွဋ် အကြံပေးပြီး ရှစ်ရက်မြောက်နေ့မှာ ကျောင်းသို့ရောက်လာသော အေးသိန်းကို အဖြစ်အပျက်အားလုံးမေးသောအခါ အေးသိန်းက ရှင်းပြပြီးနောက် ထိပ်ထားခင်က ကင်တင်းမှာ မေးခြင်းဖြစ်ပါသည်။

'အပျိုကြီး မမသက်ရဲ့အဖေက သူကြားသမျှဖြစ်ကြောင်းကုန်စင်ကို အိမ်ကမိဘတွေကိုပြောပြ၊ မိဘတွေကလည်း ဒီလိုဆို အပျိုကြီးမမသက်မျက်နှာပျက်စရာဖြစ်လို့မဖြစ်ဘူးဆိုပြီး ငါ့ကိုလည်းဆူတာပေါ့၊ ပြီးတော့ သူတို့ဘာသာသူတို့ ငါနဲ့ မမသက်လက်ထပ်မယ့်ကိစ္စတွေ



ဘာတွေ ညှိကြနဲ့ ဒီလကုန်မယ့်နေ့မှာ မင်္ဂလာဆွမ်းကျွေးမယ်'

'အေးသိန်း ဒါနဲ့ မမသက်ကကော'

ကျော်မင်းက မေးသောအခါ အေးသိန်းက သွားတွေအကုန်ပေါ်မတတ် ရယ်မောရင်းက…

'ငါ့ကို အသားကုန်ကော၊ ဒေါသထွက်၊ စကားလုံးကြမ်းကြမ်းတွေနဲ့ပစ်တာပေါ့ကွာ၊ သူ့သိက္ခာတွေထိန်းသမျှ ငါ့ကြောင့်ကျရတယ်ဘာညာပေါ့၊ ငါ့မျက်နှာကို မကြည့်ဘူး၊ လူကိုသာ ရချင်ရမယ်၊ အသည်းနှလုံးကိုတော့ မရဘူး ဘာညာပေါ့ကွာ၊ ငါက မမသက်ကို တကယ်မြတ်နိုးလွန်းလို့ လက်လွှတ်မခံနိုင်လို့ ပိုင်ဆိုင်ချင်လို့ ဒီလိုအသုံးချရတာပါ၊ မြတ်နိုးမိသူတွေမှာ ကိုယ့်ချစ်သူကို ပိုင်ဆိုင်ချင်လို့တစ်ကြိမ်တော့ မှားခွင့်ရှိပါတယ်၊ ဘာညာနဲ့ သူ့ကိုငါ ဘယ်လိုတန်ဖိုးထားကြောင်း ကြွေပြတော့ ပွဲကသိမ်းသွားတာပဲ'

'ဒါဆို အေးသိန်း မင်းက ထွဋ် အကြံပေးကောင်းလို့ မထင်မှတ်ဘဲ အိုသွားရတာပဲဟေ့'

'မှန်တာပေါ့ ကျော်မင်းရာ၊ နဂိုကတည်းက အပျိုကြီးမမသက်အတွက် ငါက အိုချင်နေတာ၊ ထွဋ် မင်းကိုကျေးဇူးတင်တယ်ကွာ'

ထွဋ်က ပြုံးရင်း…

'မလိုပါဘူးကွာ၊ မင်းနဲ့သူနဲ့ ဖူးစာပါလို့ ရေစက်ဆုံရတာ'

'ထွဋ်… ကျွန်မ မေးပါရစေဦး၊ ဒီအကြံဉာဏ်ကို ဘယ်ကရတာလဲလို့ပါ'

ထိပ်ထားခင်က သိချင်စိတ်ဖြင့်မေးသည့်အခါ ထွဋ်က…

'ဒါက ကျွန်တော့်မိတ်ဆွေတစ်ဦးက သူ့ငယ်ရွယ်က ကိုယ်တွေ့ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြဖူးတယ်၊ အဲဒါ အခုကိစ္စမှာ အေးသိန်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ခွင်ဝင်လို့ အကြံပေးလိုက်တာ၊ တစ်ခါတစ်ရံမှာ ပတ်ဝန်းကျင်ကောလ ဟာလအခြေအနေတစ်ခုက လူတစ်ယောက်ကို အများကြီးပြောင်းလဲ စေတတ်တယ်လေ၊ အခုလည်း ဒီလိုပေါ့၊ အမြဲတမ်း ဒါမျိုးတော့ မကောင်းဘူးပေါ့၊ အခုဟာက စမ်းကြည့်တာ တစ်ခါတည်းတည့်သွား တယ်'

ထွဋ်က သူရှင်းပြသည့် စကားအဆုံး အေးသိန်းကိုကြည့် လိုက်ပြီး…

'ဒီမှာ အေးသိန်း၊ မင်းနဲ့မမသက်တို့ အနာဂတ်ခရီးလမ်းမှာ မင်းကလည်း မမသက်ကို ချစ်မြတ်နိုးမှုတွေပိုလာသလို မမသက်က လည်း မင်းအပေါ် ချစ်မြတ်နိုးမှုတွေက သားသမီးတွေနဲ့တိုးလာခဲ့ရင် မင်းတို့နှစ်ဦးရဲ့ တဖြည်းဖြည်းကြီးရင့်လာမယ့် အချိန်တွေဟာ လုလု ပယနဲ့ တစ်ခါက ငါပြောခဲ့သလို ဆည်းဆာရောင်ပြန်ဖြစ်လာပါစေလို့ ငါ ဆုတောင်းတယ်'

'အိုကေ သူငယ်ချင်း၊ ပေးတဲ့ဆုနဲ့ ပြည့်ပါစေကွာ၊ ကဲ… အားလုံး စားချင်တာစားရင်း လက်ဖွဲ့ဖို့ကို စုထားပေးပါ'

'ပေးရမှာပေါ့ကွာ၊ တိုရီဘာဖူးခွံ၊ ရေခဲသေတ္တာဖူးခွံ၊ အဝတ် လျှော်စက် ဖူးခွံတွေကို လက်ဖွဲ့ဦးမှာ'

ကျော်မင်းစကားအဆုံး အားလုံးက တညီတညာတည်း ဝိုင်း ရယ်ကြဝါတော့သည်။

မထင်မှတ်ထားပါဘဲ ထွဋ် အကြံပေးကောင်းမှုကြောင့် အေးသိန်းတစ်ယောက် ကျောင်းမပြီးခင် အိမ်ထောင်ကျသွားတာကိုပဲ ထွဋ်က နှမြောနေမိပါသည်။

အေးသိန်းကတော့ ဒါကိုမစဉ်းစားမှာ သေချာပါသည်။ သူ့



ဘဝမှာ သူ ပိုင်ဆိုင်ချင်ရတာရလို့ ကျန်တာတွေကို မေ့နေမှာက အမှန်ပါပဲ။

♦

ထိပ်ထားခင်က ဒီတစ်ခါအဖြစ်အပျက်က အိပ်မက်ထဲက အဖြစ်အပျက်မျိုးမဟုတ်ဘဲ သီးခြားဖြစ်ပျက်နေသဖြင့် ဒါလည်းတစ် မျိုးတော့ ဆန်းနေတာပါလားဟု မှတ်ချက်ချလို့ နေမိပါသည်။

♦

လုလင်ပျိုတစ်ယောက် စံအိမ်တော်ထဲက ဥယျာဉ်တော်ရှိရာ သို့ မြင်းကိုစီးနှင်းလာရင်းမှ ကြည့်လိုက်သောအခါ ထိပ်ထားသခင်မ အနီးနားမှာ ယောက်ျားပျိုငါးဦးရှိနေသည်ကို တွေ့ရသည်။ ယောက်ျား ပျို ငါးဦးမျက်နှာတွေက ပျားသကာရည်လောင်းချထားသလို ချိုမြ ရွှင်ပြုံးနေသည်။ ထိပ်ထားသခင်မလေးကလည်း ကျေနပ်သည့်အသွင် မျိုးရှိလို့နေသည်။

'မောင်တော်… အဘယ်ကနေ ပြန်လာပါသလဲ၊ ဒီမှာထိုင် တော်မူပါဦး'

ထိပ်ထားသခင်မလေးက မြင်းပေါ်မှဆင်းပြီး လှမ်းလာသော လုလင်ပျိုကို ခရီးဦးကြိုပြုလိုက်သည်။ ယောက်ျားပျိုငါးဦးက လုလင် ပျိုကို အကဲခပ်နေကြသည်။ လုလင်ပျိုက ထိပ်ထားသခင်မအနီးမှာ ဝင်ထိုင်လိုက်သည်။

'ဟောဒီက အမောင်လုလင်တွေက ထိပ်ထားသခင်မရဲ့ အလှ ဘွဲ့ကို ရတု၊ ကဗျာ၊ တေးတံတျာတွေ သီကုံးဖွဲ့နွဲ့ချင်လို့ပဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော်မူကြတယ်လေ၊ ထပ်ထားသခင်မဟာ ဣတ္ထိယမိန်းမသားဆိုတော့ ကိုယ့်အလှကို ချီးကျူးသပဆိုရင်တော့ ကျေနပ်ရတာပေါ့၊ မကျေနပ်တဲ့သူ အဘယ်ဣတ္ထိယရှိပါ့မလဲ၊ ပြောစမ်းပါဦးမောင်တော်၊ မောင်တော်သာ ဆိုရင်ကော အဘယ်ကဲ့သို့ ထိပ်ထားနှမတော်အလှကို ဖွဲ့ဆိုပါ့မလဲ'

လုလင်ပျိုက ထိုင်ရာမှ ထလိုက်ပြီး ထိပ်ထားသခင်မလေး၏မျက်နှာကို ကြည့်လိုက်သည်။

'မိန်းမသားတစ်ဦးရဲ့ အလှကို ဖွဲ့ဆိုဖို့ဆိုတာက…'

လုလင်ပျိုထံမှ နောက်ဆက်တွဲ ဘာစကားသံမှ ထွက်မလာပါ။ လုလင်ပျိုက ထိပ်ထားသခင်မလေးနှင့် မနီးမဝေးတွင် ရှိနေသော နှင်းဆီပန်းခင်းရှိရာသို့ သွားလိုက်ပြီး နှင်းဆီပန်းတစ်ပွင့်ကို ဆက်ခနဲ ခူးလိုက်သည့်အခါ နှင်းဆီကိုင်းဖျားမှ ဆူးက လုလင်ပျို၏ လက်ညှိုးကို ဆူးမိသွားသည်။ လုလင်ပျို၏လက်ညှိုးမှ သွေးစက်တွေက မြေပြင်ပေါ်သို့ တစ်စက်ချင်း တစ်စက်ချင်းကျ… ကျ… ကျနေလို့။

☺



မိန်းမသားတစ်ဦးရဲ့
အလှဆိုတာ
အမြဲတမ်း
နှင်းဆီပန်းပွင့်တွေချည်းပဲမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

*ညကမက်သော အိပ်မက်က အရင်အိပ်မက်တွေလို တို့လို တန်းလန်းပါပဲ။ သည်တစ်ခါ အိပ်မက်က ခါတိုင်းမက်နေကျ ပုံစံမျိုး မဟုတ်ဘဲ အကြောင်းအရာက နည်းနည်းပြောင်းနေသဖြင့် ပစ္စုပ္ပန်မှာ ဘာတွေဘယ်လိုဆက်ဖြစ်လေဦးမလဲဆိုတာ ထိပ်ထားခင် စောင့်ကြည့်ရပါဦးမည်။*

*အိပ်မက်စောင့်နတ်သမီးက ထိပ်ထားခင်မွေးနေ့အကြို ဘယ်လိုဖန်ဆင်းပြမလဲ မသိ။*

♦

## အခန်း(၁၂)

ဒီနေ့ကျောင်းကို ထိပ်ထားခင်လာတော့ သူငယ်ချင်းမတွေကော အတန်းထဲက ယောကျာ်းလေးသူငယ်ချင်းအချို့ပါ အံ့အားသင့်နေကြသည်။ တစ်ခါဖူးမှသည်နေ့လိုမျိုးအဝတ်အစားဒီဇိုင်းဆန်းဆန်းနှင့် မျက်နှာကိုလှလှပပဖြီးသင်ခြယ်သပြီး ကျောင်းလာတာမျိုး မမြင်ဖူးလို့ပါ။

'ထိပ်ထားခင်… ပြောစမ်း၊ ရုပ်ရှင်ဗီဒီယိုမင်းသမီး သရုပ်ဆောင်မှာမို့ ရှိုင်းလာတာလား၊ နင် ဒီနေ့ တော်တော်လှနေတယ်၊ တစ်ခါဖူးမှ ဒါမျိုးပြင်တာဆင်တာ မရှိပါဘူး'

'နုနုရာ နင်က ဒီလိုမပြောပါနဲ့၊ ထိပ်ထားခင်က မပြင်လည်း နဂိုလှပြီးသားပဲဟာ'

စန်းစန်းတင့်နှင့် နုနုက ထိပ်ထားခင်၏ အလှကို ချီးမွမ်းခန်းဖွင့်နေပါသည်။

'ဟဲ့… ငါ့ကိုမြှောက်မနေနဲ့၊ ဒီနေ့ ငါ့ရဲ့မွေးနေ့၊ ဒါကြောင့် မွေးနေ့ရှင် ငါက လှလှပပဝတ်ရင်း နင်တို့ကိုကျွေးမွေးညှော်ခံမှာမို့လို့ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



‘ဟေး’

‘တကယ် ဟုတ်လား’

‘စားမယ် စားမယ်’

ထိပ်ထားခင် စကားအဆုံး သူငယ်ချင်းမတွေက ဝမ်းသာအားရဖြင့် ဝိုင်းအော်ပါသည်။

‘ထိပ်ထားခင် နင်က နင့်မိန်းကလေး သူငယ်ချင်းတွေပဲလား၊ ငါတို့ယောကျ်ားလေးသူငယ်ချင်းတွေကော မပါဘူးလား’

အရေးထဲအတန်းထဲက အခန့်ဖော်သူငယ်ချင်း ယောကျ်ားလေးအုပ်စုမှ ဝင်းမောင်က မေးလိုက်သဖြင့် ထိပ်ထားခင်က…

‘မပူနဲ့ကျွေးမှာ၊ အဲဒီလောက် ငတ်ကြီးမကျနဲ့’

‘တောက်… နာတယ်ကွာ၊ ထိပ်ထားခင်မွေးနေ့ ဒီနေ့မှန်းကြိုသိလို့က ညကတည်းက ဝမ်းနှုတ်ထားပါတယ်ကွာ၊ နာတယ်ကွာ’

ဝင်းမောင်စကားကြောင့် အားလုံးရယ်လိုက်ကြပါသည်။

‘ကဲ… ဘာမှပြောမနေနဲ့၊ ကင်တင်းကို သွားမယ်၊ ကြိုက်ရာအမုန့်းဆွဲပေတော့’

ထိပ်ထားခင် စကားသံအဆုံး ဝင်းမောင်က…

‘ရဲဘော်တို့ စားဖို့သောက်ဖို့ နောက်မကျဖို့ ချီတက်’

ထိပ်ထားခင်တို့ သူငယ်ချင်းအုပ်စုတွေ စာသင်ခန်းထဲကနေ ပြိုင်တူထွက်သွားကြပါသည်။

ကင်တင်းသို့သွားရာလမ်းတစ်လျှောက်မှာတော့ စကားသံတွေက ပေါက်ပေါက်ဖောက်သလို ဆူညံနေပါတော့သည်။

သည်လိုပျော်ရွှင်မှုမျိုးက တက္ကသိုလ်ကျောင်းသားဘဝမှာသာ ရနိုင်တာပဲ မဟုတ်ပါလား။

♦



ထွဋ်တစ်ယောက် ကျော်မင်းနှင့်အတူ ကင်တင်းသို့လာရာလမ်းတစ်လျှောက်မှာ သူငယ်ချင်းဖြစ်သူ အေးသိန်းမပါသဖြင့် တစ်ခုခုလိုနေသလိုမျိုး ခံစားနေရပါသည်။ အေးသိန်းကတော့ ယခုချိန်မှာ သူနှင့်အပျိုကြီးမမသက်တို့ မင်္ဂလာကိစ္စအတွက် အလုပ်တွေပဲ ရှုပ်နေသလား သို့မဟုတ် သူချစ်သော အပျိုကြီးမမသက်ကို မျက်စိအောက်က အပျောက်မခံနိုင်လို့ အလွှတ်မပေးဘဲ ကြည့်နေသလားမသိပါ။

‘ထွဋ် ဘယ်လိုဖြစ်လို့ ခြေလှမ်းတွေ နှေးသွားတာလဲကွ’

ကျော်မင်းက မေးသည့်အခါ ထွဋ်က…

‘သြော်… အေးသိန်းအကြောင်း စဉ်းစားမိလို့ပါကွာ၊ ခါတိုင်းဆို တို့သုံးယောက်က မခွဲဘဲ အတူတူလေ၊ အခု ဒီကောင်က ကျောင်းတောင်မမှန်တော့ဘူး၊ ရပ်ကွက်ထဲမှာ အတူတူမခွဲဘဲနေကြတာ၊ အခုတော့ ဒီကောင်ပါမလာတော့ တစ်ခုခုလိုနေသလို ဖြစ်နေလို့ပါ’

‘ဒါဆို မင်းသွားစခဲ့တာလေ၊ မင်းအကြံပေးခဲ့တာကိုး’

ကျော်မင်းစကားကြောင့် ထွဋ် ပြုံးမိသွားပါသည်။

‘ငါက အကြံကောင်းပေးတာပါကွာ၊ အခု သူ ဘယ်လောက်ပျော်နေသလဲ’

‘ထွဋ်ရာ မင်းရဲ့အကြံကောင်းကတော့ အသည်းယားစရာကြီးပါပဲလားကွာ၊ အေးသိန်းနေရာမှာ ငါသာဆို မလုပ်ရဲဘူးဟေ့၊ ဒီကောင် သတ္တိရှိလို့’

‘ချစ်တတ်လာရင် အချစ်ကို ရယူပိုင်ဆိုင်ချင်လို့ သတ္တိတွေရှိတတ်ပါတယ်ကွာ’

‘ဒါဆို ထွဋ် မင်းက သတ္တိမရှိသေးလို့ အချစ်ကို ရယူမပိုင်ဆိုင်နိုင်သေးတာပေါ့၊ ဟုတ်လား၊ ငါမေးပါရစေဦး’ ဟု ထိပ်ထားခင်

www.burmeseclassic.com

www.burmeseclassic.com



ကွာ မင်းရဲ့အိပ်မက်ထဲက ထိပ်ထားသခင်မလေးလေ၊ ဘယ်လိုလဲ၊ မင်း မချစ်ဘူးလား၊ မပိုင်ဆိုင်ချင်ဘူးလား'

ကျော်မင်းစကားက သည်တစ်ခါ တော်တော်ထိသည်။ ထွဋ်ချက်ချင်းဘာပြန်ပြောရမှန်းမသိ။ ငြိမ်သွားပါသည်။

'ဒီအကြောင်း ဒီမှာရပ်ကွာ၊ ဗိုက်ဆာပြီ၊ ကင်တင်းရောက်မှ ဆက်ဆွေးနွေးမယ်'

ထို့နောက်တော့ ထွဋ်နှင့်ကျော်မင်း ကင်တင်းဆီသို့ ခြေလှမ်းတွေကို ခပ်သွက်သွက် လှမ်းလိုက်ကြပါသည်။

◆

'မွေးနေ့ရှင်က လှလှပပဝတ်ထားစားထားပြီး စေတနာသန့်သန့်နဲ့ ကျွေးလို့လားမသိဘူးဟော့၊ စားလို့ဘာကောင်းသလဲမမေးနဲ့'

ဝင်းမောင်က ပလုပ်ပလောင်းစားနေရင်းကနေ ထိပ်ထားခင်အား ချီးကျူးစကားဆိုလိုက်သည်။

'ဟဲ့... ဝင်းမောင်၊ စားပြီးမှ မွေးနေ့ရှင်ကိုမြှောက်၊ နင့်ဟာက ပါးစပ်ထဲမှာစားထားတာ ပလုပ်ပလောင်းနဲ့၊ တော်ကြာ ထွက်ကျကုန်ဦးမယ်'

'ခင်ပြုံးရီ မပူနဲ့၊ ဒါမျိုးက ငါက ကျွမ်းပြီးသား'

ဝင်းမောင်က ပြောရင်းကနေ ဇွန်းဖြင့် ကြက်ကုန်းပေါင်ပန်းကန်ထဲမှ ကြက်သားတုံးကို လှမ်းခပ်သည်။

'ထိပ်ထားခင် ဟိုမှာထွဋ်နဲ့ ကျော်မင်းမဟုတ်လား၊ ခေါ်လိုက် လှမ်းခေါ်လိုက်'

နန့က ကင်တင်းဆိုင်အဝင်ဝသို့ လှမ်းကြည့်ရင်း ဆိုင်ထဲဝင်



လာသော ထွဋ်နှင့်ကျော်မင်းကို မြင်သဖြင့် ထိပ်ထားခင်အား လက်ညှိုးထိုးပြလိုက်သည်။

'ထွဋ်၊ ဒီဝိုင်းကိုလာ'

ဆိုင်ထဲသို့ ဝင်လာသော ထွဋ်က ထိပ်ထားခင် လှမ်းခေါ်လိုက်သဖြင့် ကျော်မင်းနှင့်အတူ ထိပ်ထားခင်တို့ရှိသော စားပွဲဝိုင်းဆီသို့ ရောက်သွားသည်။

'ဝိုင်းက စုံပြနေပါလားဗျ'

'စုံပြဆို ထွဋ်ရေ၊ ဟောဒီက ထိပ်ထားခင်က ဒီနေ့မွေးနေ့ရှင်လေ၊ သူကျွေးတာ'

နန့က ဝင်ရှင်းပြလိုက်သဖြင့် ထွဋ်က...

'ကျော်မင်းရေ ဒီနေ့တော့ ကံကောင်းပြီဟေ့'

'ထိပ်ထားခင် ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ ဟင်းပွဲတွေကလည်း အစုံပဲ၊ မရှက်ဘူး စားမှာပဲ စားမှာပဲ'

ကျော်မင်းက လွတ်နေသော ခုံမှာထွဋ်ထက်အရင်ဦးအောင် ဝင်ထိုင်လိုက်ပြီး စားပွဲထိုးအား ပန်းကန်နှစ်ချပ်လှမ်းမှာလိုက်သည်။

'ထွဋ် ဘာရှက်နေတာလဲ ထိုင်လေ'

မတ်တပ်ရပ်နေသော ထွဋ်အား ထိပ်ထားခင်က လှမ်းသတိပေးတော့မှ ထွဋ်က မွေးနေ့ရှင် ထိပ်ထားခင်အား သတိထားကြည့်မိသွားသည်။

သူ့မျက်စိထဲမှာ ထိပ်ထားခင်က သူမက်သော အိပ်မက်တွေထဲက ထိပ်ထားသခင်မလေးထက်တောင် ပိုပြီးတော့ လှနေသလားပေါ့ပါ။

'Happy Birthday ပါ ထိပ်ထားခင်၊ ယနေ့မှစ၍ စိတ်ချမ်းသာ ကိုယ်ချမ်းသာပါစေ'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… နင်တို့စားသာစားတယ်၊ ထွဋ်လို ငါ့ကိုတစ်ယောက်မှ ဆုမတောင်းပေးဘူး၊ မွေးနေ့ရှင်များ ကျေးရကျိုးကိုမနပ်ဘူး'

ထိပ်ထားခင်က မကျေမနပ်သည့် လေသံမျိုးဖြင့် သူငယ်ချင်းတွေကို စလိုက်သည့်အခါ စန်းစန်းတင့်က…

'ဒါကတော့ နင့်အိမ်မက်ထဲက လုလင်ပျိုကိုးဟ၊ စိတ်ချင်းမှာပေါ့'

မထင်မှတ်ဘဲ စန်းစန်းတင့်ထံကနေ ထိုစကားထွက်လာသောအခါ ထိပ်ထားခင်က…

'ပေါက်ကရတွေ ပြောမနေပါနဲ့၊ ကဲ… ထွဋ် ထပ်ပြီးမှာနော်'

ထွဋ်က ဘာမှမပြောဘဲ ခေါင်းညိတ်ပြပြီး ခေါက်ဆွဲကြော်မှာသည်။ ကျော်မင်းကတော့ ဘာမှမမှာပဲ ရောက်ကတည်းက ပန်းကန်တောင်းပြီး စားပွဲဝိုင်းက ထမင်းအုပ်ကနေ ထမင်းခူးထည့်ပြီး ရှိသည့်ဟင်းတွေနှင့်အားပေးနေတာ နောက်ထပ်လိုက်ပွဲတောင် ထပ်ထည့်နေပါသည်။

'ကဲ… မွေးနေ့ရှင်ကတော့ ကျွေးပြီးပြီ၊ အားမနာတမ်းစားထားတဲ့ ငါတို့တွေက မွေးနေ့ရှင်ကို ဆုတောင်းပေးရမှာပေါ့'

အားလုံးစားသောက်ပြီးသွားသောအခါ ဝင်းမောင်က စားပွဲဝိုင်းရှိ သူငယ်ချင်းတွေကို ပြောလိုက်သည်။

'မွေးနေ့ရှင် အချောအလှ ထိပ်ထားခင် ဒီထက်ပိုလှပါစေ ချောပါစေ'

'ယောက်ျားချောချောရပြီး သားသမီးချောချောလှလှလေးတွေ မွေးပါစေ'



'ဒီထက်ပိုလှပါစေ ချောပါစေ'

'ဟဲ့… ထိပ်ထားခင် နင့်ရဲ့အလှကို ငါတော့ စာမဖွဲ့တတ်လို့ ဘယ်လိုဆုတောင်းပေးရမလဲ'

စားပွဲဝိုင်းမှာ တစ်ယောက်တစ်ပေါက် ဆုတောင်းသံတွေက ကင်တင်းထဲမှာ ဆူညံနေပါသည်။ မွေးနေ့ရှင်ထိပ်ထားခင်ကတော့ ဆုတောင်းစကားတွေကို နားထောင်ရင်း အကျေနပ်ကြီး ကျေနပ်နေပါသည်။

'ထွဋ်… ထွဋ်ကကော မွေးနေ့ရှင် ထိပ်ထားခင်ရဲ့ အလှကို ထပ်ပြီး ဒီထက်ပိုလှပိုချောဖို့ ဆုမတောင်းပေးတော့ဘူးလား'

နုနုက ရယ်ရင်းက ထွဋ်အား မေးလိုက်ပါသည်။

'မိန်းမသားတစ်ဦးရဲ့ အလှဆိုတာ ကျွန်တော်ဖတ်ဖူးတဲ့ နိုင်ငံတကာ ဟာသထဲကလို ဖြစ်မှာစိုးလို့ ဆုမတောင်းပါရစေနဲ့၊ မိန်းမသားတစ်ဦးရဲ့ အလှကိုဖွဲ့ဆိုဖို့ဆိုတာက'

ထွဋ်စကားကြောင့် ထိပ်ထားခင် နည်းနည်းတုန်လှုပ်သွားပါသည်။ ညက မက်သော အိပ်မက်နှင့်ယခုအဖြစ်အပျက်က အတော်လေးကို ဆင်တူနေလို့ဖြစ်ပါသည်။

'ကဲပါ ထွဋ်ရယ် ရှင်းပြစမ်းပါဦး၊ မိန်းမသားတစ်ဦးရဲ့အလှကို ဖွဲ့ဖို့ဆိုတာ'

ခင်ပြုံးရီက သိချင်ဇောဖြင့်မေးပါသည်။

'မိန်းမသားတစ်ဦးဟာ ကလေးဘဝအရွယ် ရှစ်နှစ်သမီးမှာ မှန်ကြည့်တိုင်း ကိုယ့်ကိုယ်ကိုယ် နားထောင်ဖူးခဲ့တဲ့ ပုံပြင်ထဲက စင်ဒရဲလား မင်းသမီးလေးလို့ပဲ ထင်နေတတ်တယ်၊ အလှအကြောင်း အင်္ဂါ ဗေဒကို သူက နားမလည်သေးဘူး၊ အသက်က ဆယ့်ငါးနှစ်လောက်

www.burmeseclassic.com



ရောက်လာတော့ ပြင်တတ် ဆင်တတ်လာပြီး ဒီတော့ ကိုယ်ကြည်ဖူးတဲ့ ရုပ်ရှင်တွေ တီဗီဇာတ်လမ်းတွေထဲက မင်းသမီးလေးတွေနဲ့ သူနဲ့တူတယ်ဆိုပြီး ထင်တတ်လာတယ်၊ အလှပေဒကို နားလည်တယ်ပေါ့၊ အဲ… အသက်နှစ်ဆယ်လည်းရောက်ရော ကိုယ်လုံးပေါ်မှန်ရှေ့မှာ ရုပ်ရှင်းက ကိုယ့်ကိုယ်ကိုယ် ဘယ်နေရာက ပိန်တယ်၊ ဝတယ်၊ ပါးဖောင်းတယ်၊ မျက်ခုံးမွှေးပါးတယ်၊ ပါးချိုင့်တယ်၊ စတာတွေကို မြင်လာတတ်တယ်၊ အလှတရားကို နည်းနည်းနားလည်လာပြီ၊ အသက်သုံးဆယ်အရွယ်လည်းရောက်ရော မှန်ကြည့်တိုင်း ကိုယ်ဟာ ဘယ်နေရာကတော့ နိမ့်သွားပြီ၊ ဘယ်နေရာကတော့ မြင့်လာပြီ၊ သူ့မှာ လှပတဲ့ ရုပ်ဆင်းသွင်ပြင်နည်းနည်းပါးပါးပဲရှိတယ်လို့ သဘောပေါက်လာတယ်၊ အသက်လေးဆယ်လည်းကြရော မှန်ကြည့်တိုင်း ကိုယ်မိုက်ခေါက်က ဘယ်နေရာကဆူထွက်နေပြီ၊ ဘယ်နေရာက လက်မောင်းသားတွဲကျနေပြီ၊ မျက်နှာမှာ မဲ့ခြောက်တွေ ထွက်လာလေပြီ စသဖြင့် သိလာတယ်ဆိုပြီး ဖြေသိမ့်တတ်တယ်၊ အသက်ငါးဆယ်လည်းရောက်ရော မှန်ကိုမကြည့်ချင်တော့ဘဲ မုန်းချင်လာတယ်၊ စိတ်ထဲမှာ မကျေနပ်တာတွေကလည်း ပြောမနေနဲ့၊ အလှပြင်သာပြင်နေရတယ်၊ ဘာအတွက်မှန်းမသိတော့ဘူး၊ အသက်ခြောက်ဆယ်ကြတော့ မှန်ရှေ့မှာ ရပ်သာရပ်နေရတယ်၊ မှန်ကိုတောင် မကြည့်ချင်တော့ဘူး၊ ဒါကြောင့် အလှမပြင်ဘဲ ငါဟာ အရွယ်တင်နေပါလားလို့ ဖြေသိမ့်ပြန်ရော၊ အသက်ခုနစ်ဆယ် အဘွားကြီးလည်းဖြစ်ရော အတွေ့အကြုံ အသိတွေ ဖြတ်သန်းသိရှိခဲ့ပြီးပြီ၊ မှန်ကြည့်စရာမလိုတော့ဘူး၊ ဘာ့အဓိပ္ပာယ်ကို ငါသိသွားပြီဆိုပြီး အာပေါင်အာရင်းသန်သန်နဲ့ ပြောတော့တာပဲ၊ အသက်က ရှစ်ဆယ်ထိ ရှည်မယ်ဆိုရင် ဘာကိုမှ အာရုံ



စိုက်တာတို့ ကြည့်တာတို့မရှိတော့ဘူး၊ ကိုယ့်ကိုယ်ကိုယ် ကလေးတွေပြောတာ နားထောင်ရင်း မင်းသမီးလို့ ထင်နေတတ်တယ်၊ ကံသိပ်ကောင်းလို့ အသက်ကိုးဆယ်သာဖြစ်ကြည့် ဘာကိုမှ ကြည့်လည်းမကြည့် နားလည်းမထောင်ဘဲ ကိုယ့်ဘာသာကိုယ် အသက်ရှစ်နှစ်သမီးအရွယ်က စင်ဒရဲလားမင်းသမီးလို ထင်သလိုမျိုး ထင်လာတတ်တယ်၊ ဒါကြောင့် အနောက်တိုင်းက စကားနဲ့ပြောရရင် မိန်းမသားတစ်ဦးရဲ့အလှဟာ ဘယ်တော့မှ သိပ်လှတဲ့နှင်းဆီပန်းပွင့်တွေမဟုတ်ဘူးဆိုတာပါပဲ'

ထွန်း တော်တော်မောသွားပါသည်။ ရေသန့်ဗူးကို ဖွင့်ပြီး ရေတစ်ခွက်ငှဲ့သောက်လိုက်ရပါသည်။

'အံ့သြပါရဲ့ ထွန်းရယ်၊ ဒီလောက်ရှည်တဲ့ အကြောင်းအရာကို ပြောနိုင်တာ အံ့ပါရဲ့'

စန်းစန်းတင့်က မှတ်ချက်စကားဆိုလို့မဆုံးခင် နုနုက…

'ထိပ်ထားခင်ရယ် နှင့်အလှကို ငါတို့စာဖွဲ့မိ ဆုတောင်းမိတာမှားသွားပြီလားမသိဘူး၊ ထွန်းပြောမှ ဘာမှမကျန်တော့ဘူး'

ထိပ်ထားခင်ခမျာလည်း အိပ်မက်နှင့်ဆက်စပ်ပြီး မထင်မှတ်သော ရှင်းပြချက်ကို သိလိုက်ရသဖြင့် ပထမတော့ ကျေနပ်မလိုဖြစ်နေရာမှ နည်းနည်းတော့ ဖီလင်အောက်သွားပါသည်။

'တော်ပြီး မွေးနေ့မို့ ကျွေးလည်းကျွေးရသေးတယ်၊ လူကိုအကောင်းလည်းမပြောဘူး၊ ဒီမှာ ပိုက်ဆံရှင်းမယ်'

စိတ်ဆိုးသည့် အမူအရာမျိုးဖြင့် ထိပ်ထားခင်က ပိုက်ဆံမြန်မြန်ရှင်းပြီး ကင်တင်းထဲကနေ ထွက်သွားပါသည်။

'ထွန်း ထိပ်ထားခင် စိတ်ဆိုးသွားလား မသိဘူး၊ သွား သွားလိုက်ချော့ဦး'

www.burmeseclassic.com

www.burmeseclassic.com



နုနုနှင့် ခင်ပြုံးရီက အတင်းတိုက်တွန်းသဖြင့် ထွဋ်ရှ တစ်ယောက် ကင်တင်းထဲကနေ အမြန်ထွက်ကာ ထိပ်ထားခင်နောက် ပြေးလိုက်လာခဲ့ပါသည်။

'ထိပ်ထားခင်… ထိပ်ထားခင်'

'ဘာလဲ'

ထွဋ်ရှက လှမ်းခေါ်သောအခါ ထိပ်ထားခင်က ဒေါသသံပါပါနှင့် ပြန်ထူးပါသည်။

'ကျွန်တော် ပြောတာ စိတ်မဆိုးပါနဲ့ဗျာ၊ ကျွန်တော်က လူကြားထဲမှာ သိက္ခာကျစေလိုသောရည်ရွယ်ချက်နဲ့ပြောတာမဟုတ်ပါဘူး၊ ဝိုင်းပြီးမေးလို့ ရှင်းပြတာပါ၊ ကျွန်တော် ပြောတဲ့ဟာက နိုင်ငံတကာဟာသပါ၊ ဟာသဟာ ဟာသပါ၊ တကယ်တော့ ထိပ်ထားခင်က တကယ်လှ တာပါ၊ အဲဒါက တကယ်ပါ၊ ကျွန်တာတော့ မပြောတတ်တော့ဘူး'

'သွား တော်ပြီ၊ ဘာမှလာမပြောနဲ့တော့ ဟွန်း'

ထိပ်ထားခင်က ထွဋ်ရှအား မျက်စောင်းထိုးပြီးနောက်သွားပါသည်။ ထိုမျက်စောင်းဖွင့်ဆိုချက်ကို ထွဋ်ရှ ကောင်းကောင်းသိပါသည်။ ထိုမျက်စောင်းသည်ကား မုန်းလို့ထိုးသော မျက်စောင်း မဟုတ်ရေးချ မဟုတ်ပါ။

♦

ထွဋ်ရှနှင့်ထိပ်ထားခင်တို့ မြင်ကွင်းကိုကြည့်ပြီး ပြုံးနေကြသူတွေကတော့ စောစောတုန်းက ကင်တင်းမှာမွေးနေ့ရှင်ဆီကနေ တဝတပြဲအားပေးခဲ့သော သူငယ်ချင်းတွေပင် ဖြစ်ပါတော့သည်။

☺



အချစ်ကို
တစ်ခဏတာ
ထိတွေ့ချိန်ကစလို့
နှလုံးသားခမျာ
ဘယ်တော့မှ
ခန်းခြောက်သွားခြင်း မရှိ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

လေသည် ငြိမ်သက်တော်မူအားလှသည်။ မြင်တွေ့နေရသော သစ်ပင်များဆီက သစ်ရွက်တွေခမျာ လှုပ်ယှမ်းခြင်းပင် အလျဉ်းမရှိဘဲ တိတ်ဆိတ်တော်မူနေသည်။ ကျေးဇူးတင်ဖို့ကောင်းတာက ဦးဘုတုတ် ၏ လက်ဖက်ရည်ဆိုင်ထဲမှာ ပန်ကာတွေဖွင့်ထားလို့သာ လေအတုကို ခံစားနေရပြီး နည်းနည်းလေးနေသာထိုင်သာ ရှိလို့ဖြစ်သည်။

'ဒါဆို မင်းလိုပဲ အဲဒီထိပ်ထားခင်ကလည်း အိပ်မက်တွေမက်တာ ကျိန်းသေပြီပေါ့'

'ကျိန်းသေတာပေါ့ကွာ၊ ထိပ်ထားခင်ရဲ့ မွေးနေ့ ကင်တွင်းမှာ ကျွေးတုန်းက စန်းစန်းတင့်က နှုတ်ကနေ လွှတ်ခနဲ လုလင်ပျိုဆိုတဲ့ စကားတစ်လုံး ကျွံထွက်သွားတယ်လေ၊ သေချာတယ်၊ ထိပ်ထားခင် လည်း ငါ့လို အိပ်မက်တွေမက်လို့ ပြောပြထားတာဖြစ်ရမယ်'

'ဒီလိုဆို မင်းရဲ့အိပ်မက်ထဲက ဟာတွေ သူကဖြေ၊ သူ့ရဲ့ အိပ်မက်ကဟာတွေ မင်းက ဖြေဖြစ်နေသလားမသိဘူး၊ တိုက်ဆိုင် လိုက်တာကွာ'

www.burmeseclassic.com

'တကယ်တိုက်ဆိုင်လားမတိုက်ဆိုင်လားဆိုတာ နှစ်ယောက်ချင်းတွေ့လို့ မေးရင် သိရမှာတော့ အမှန်ပဲကွ၊ ဒါပေမဲ့ ငါက နည်းနည်း ရှုးစမ်းချင်သေးတယ်'

ကျော်မင်းက ထွဋ်ရှ စကားနားထောင်ပြီး ဘာမှတ်ချက်မှ မပေးပါ။

'အေးသိန်းကတော့ ဒီအကြောင်းတွေ မသိသေးဘူးဆိုတော့ သိလို့က ဒီကောင် အံ့အားသင့်နေမှာပဲ၊ ဒီကောင်နဲ့တွေ့မှ ပြောရဦးမယ် ထွဋ်ရှရေ'

'သွားမပြောပါနဲ့ကွာ၊ လူ့ခမျာ အခုမှ သူချစ်တဲ့ အပျိုကြီးမမသက်နဲ့ ကြည်နူးနေရတာ၊ ကြည်နူးပါစေကွာ၊ မင်္ဂလာဆောင်ပြီးလို့ အချိန်ကစလို့ ဒီကောင် အိမ်ထောင်တာဝန်တွေ ထမ်းဆောင်တဲ့အခါ ကြည်နူးမှုတွေဆိုတာ ဘာလဲလို့ ဒီကောင် ရင်ဖွင့်လာဦးမှာ၊ အဲဒီကျရင် ဘယ်လိုပြောမလဲ စောင့်သာ နားထောင်ဖို့ ပြင်ပေတော့'

'ဒါက သူ့ဒုက္ခကို သူရှာတာ၊ အဲဒီဒုက္ခကို ဖန်တီးပေးတာက မင်းလေ ထွဋ်ရှ ဟား… ဟား… ဟား'

ကျော်မင်းက ထွဋ်ရှကို ပြောရင်းက သဘောကျပြီး ရယ်နေပါသည်။ ထွဋ်ရှကတော့ ပြောသာပြောနေရပေမယ့် သူ့အလှည့်ကျလျှင်ကော ကြည်နူးမှုတွေက ဒုက္ခအသွင်ပြောင်းလေမလားလို့ တွေးနေမိပါသေးသည်။

'ဟေ့ကောင်… ထွဋ်ရှ အေးသိန်းအကြောင်းပြောရင်းက မင်းဘာတွေတွေးနေတာလဲ၊ ကေန္တ မင်းလည်း အေးသိန်းကိုအားကျမှန်းမသိ မသိစိတ်က အားကျနေပြီထင်တယ်၊ မဟုတ်မှလွဲမယ်၊ မင်းကထိပ်ထားသခင်အကြောင်း စဉ်းစားနေပြီမဟုတ်လား၊ အိပ်မက်ထဲက



ထိပ်ထားသခင်မလေးကို မင်း သိမ်းပိုက်ချင်ပြီမဟုတ်လား'

'သူ့နှလုံးသားဆန္ဒမပါဘဲ သိမ်းပိုက်လို့ရမလားဟ၊ ပြဿနာတက်ကုန်ပါမယ်ကွာ၊ ငါ့အိပ်မက်ရဲ့ အဆုံးသတ်ဘာလဲဆိုတာ ငါသိချင်သေးတယ်'

'မင်းရဲ့အိပ်မက် တစ်သက်လုံး အဆုံးမသတ်ရင်ကောကွာ၊ ငါအတတ်သိတယ်၊ ထိပ်ထားသခင်က မင်းကို နည်းနည်းတော့ စိတ်ဝင်စားနေပြီဆိုတာ'

ထွဋ်ရှက ဘာမှမပြောဘဲ ဦးဘတုတ်စိုက်ထားသော ပန်းအိုးလေးထဲမှ ပွင့်ဖူးနေသော နှင်းဆီပွင့်လေးကိုသာ စိုက်ကြည့်နေမိပါသည်။

◆

ကန်ရေပြင်သည် ငြိမ်သက်လို့သေနေသည်။ စုံတွဲတွေက သူ့အတွဲနှင့်သူ ထီးကလေးတွေကာပြီး ထိုင်နေကြသည်။ ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်သည် တိတ်ဆိတ်လို့နေပါသည်။

မန္တလာဂစ်တာကဖေးဆိုင်မှာလည်း နေ့လည်ခင်းမို့ လူကရှင်းနေသည်။ ထိပ်ထားခင်တို့ ထိုင်နေသော စားပွဲဝိုင်းနှင့် အခြားဟိုဘက်က စားပွဲဝိုင်းတစ်ဝိုင်းမှာသာ လူကရှိသည်။

'ထိပ်ထားခင် နင်က ဟိုးမှာမြင်ရတဲ့ အတွဲတွေကို ကြည့်ပြီး အားကျနေတယ်မဟုတ်လား၊ ဘာဖြစ်လဲ ကိုယ်လည်း အားကျရင် နင့်ရဲ့လုလင်ပျိုထွဋ်ရှနဲ့ တွဲပြလိုက်ပေါ့ဟယ်'

ကိုယ့်ဘာသာကိုယ် တိတ်ဆိတ်ခြင်းအရသာခံစားနေသော ထိပ်ထားခင်အား နုနုက စလိုက်သည်။

www.burmeseclassic.com



'နေစမ်းပါ နုနုရယ်၊ ငါ့ဘာသာငါ အေးအေးဆေးဆေးစားပါရစေ'

'ဘာ … အခုမှခံစားတာလဲ၊ နှင့်မွေးနေ့တုန်းက ထွဋ်ရဲ့ အချော့ခံချင်လို့ ထွက်သွားတာ မသိတာကျလို့၊ ဟိုကလိုက်လည်း တောင်းပန်ရော နင်ကျေနပ်သွားတာ မသိတာကျလို့၊ နင်က သူ့ကို စိတ်ဝင်စားတယ်ပေါ့ဟာ ဘာဖြစ်လဲ'

'နုနု ပြောတာ ဟုတ်တယ် ထိပ်ထားခင်၊ မဟုတ်မှသာလွဲ မယ်၊ ထွဋ်ကလည်း နင့်လိုပဲ အိပ်မက်တွေကို မက်ကိုမက်ရမယ်၊ နင့်အဖို့ အိပ်မက်ထဲက တိုက်ဆိုင်တာမျိုးက ခဏခဏဆိုတော့ ဟုတ်ကို ဟုတ်ရမယ်ဟာ၊ ဒီတစ်ခါ နှစ်ယောက်သားတွေ့ရင် နင် ဒဲ့မေးကြည့်ပါလား'

စမ်းစမ်းတင့်က မှာထားသော ကာပတ်ချီနိုကော်ဖီကိုတောင် မသောက်နိုင်ဘဲ ထိပ်ထားခင်အား ပြောပါသည်။

'ငါ့အိပ်မက်ထဲက လုလင်ပျိုနဲ့ ထိပ်ထားခင်ရဲ့ ဇာတ်သိမ်းကို ငါ သိပ်သိချင်သေးတယ်၊ ငါ့လိုပဲ ထွဋ်က အိပ်မက်တွေမက်ခဲ့သူဆိုရင် သူလည်း သိချင်မှာပဲ'

'ဘာမှလုပ်မနေနဲ့၊ နင်တို့ဇာတ်သိမ်းက လူကိုလူမှာ မထင်မှတ်ဘဲ ဆုံပြီးတွေ့ကြတော့ အဖြစ်အပျက်တွေက တူနေတာ၊ ဒါ နင်တို့အတွက် ဖူးစာဖြစ်ဖို့ ဖန်တီးတာပဲ'

'ဟုတ်တယ် စမ်းစမ်းတင့်၊ ထွဋ်နဲ့ ထိပ်ထားခင်တို့နှစ်ယောက် မထင်မှတ်ဘဲတွေ့လိုက်ရုံနဲ့ကတည်းက ငါကြည့်နေတာ၊ တစ်ယောက်ကိုတစ်ယောက် အထင်ကြီးတဲ့စိတ်တွေနဲ့ ရင်းနှီးဆက်ဆံတာ နည်းနည်းပိုသလိုပဲ၊ သေချာတာက နင်တို့နှစ်ဦးရဲ့ မသိစိတ်မှာ အချစ်က ခိုတွယ်နေပြီ၊ အခုထက်ထိ နင်တို့နှလုံးသားတွေမှာ အချစ်စိတ်က ခန်းခြောက်မသွားတာ သေချာတယ်၊ ဒါကို နင်တို့ သတိမထားမိလို့'



ထိပ်ထားခင်က ကာပတ်ချီနိုကော်ဖီတစ်ငုံစာလောက် သောက်လိုက်ပြီး ကော်ဖီခွက်ကို စားပွဲပေါ် ပြန်ချထားလိုက်သည်။

'ထားပါဟာ၊ နင်တို့သိချင်တဲ့အဖြေ ငါသိချင်တဲ့အဖြေက တစ်နေ့သိလာမှာပါ၊ ကဲ… ဘာမှ စကားမများနဲ့တော့၊ တို့သောက်နေတဲ့ ကော်ဖီဟာ ထွဋ်နဲ့မြည်းဖို့မဟုတ်ဘူး'

ထိပ်ထားခင်က လက်ကျန်ကော်ဖီကိုသောက်လိုက်ရင်း စားပွဲဝိုင်းကနေ လှမ်းမြင်နေရသော ခပ်ဝေးဝေးမှ စုံတွဲတွေကို မကြည့်ချင်လည်းပဲ မြင်နေရသဖြင့် ရေစပ်မှာမလှုပ်မယှက် ငြိမ်နေသော ကရဝိတ်မောင်နှံကိုသာ မျက်နှာလွှဲပြီး ကြည့်နေမိပါတော့သည်။

◆

တောပန်းဝါဝါလေးတွေက နေရာအနှံ့မှာ ပေါက်ရောက်နေသဖြင့် မြက်ခင်းပြင်တစ်ပြင်လုံး ရွှေရောင်လွှမ်းနေသလား ထင်နေရသည်။ မနီးမဝေးကျောက်စရစ်ခဲလေးများ ပြည့်နှက်ဝန်းရံနေသော စမ်းချောင်းရေစီးသံက တိုးညှင်း ညင်သာလှသည်။ ငှက်ကလေးတွေက ဟိုခပ်ဝေးဝေးရှိ တောအုပ်ဆီသို့ ပျံသန်းနေကြသည်။ လေပြည်ညှင်းက ညင်သာစွာ ဆော့ကစားလို့နေ၏။

ပန်းဝါဝါကလေးများ ဝန်းရံထားသော မြက်ခင်းအလယ်မှာ ထိပ်ထားသခင်မလေးက ထိုင်နေသည်။ သူမ၏ဘေးမှာ လုလင်ပျိုက ရှိနေပြီး စမ်းချောင်းလေးဆီသို့ ငေးမျှော်ကြည့်လို့နေသည်။ သူတို့

www.burmeseclassic.com



နှစ်ဦးသား ဘာစကားမှ မဆိုဘဲ သဘာဝတရား၏ လှပမှုကို ခံစားနေကြသည်မှာ အချိန်အတော်ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

လုလင်ပျိုက အနီးအနားမှာ ပေါက်ရောက်နေသော ပန်းဝါဝါလေးတွေကို လက်နှင့်ဆွဲနှုတ်လိုက်ပြီး လက်ထဲမှာကိုင်ပြီး လှည့်နေသည်။ ထိပ်ထားသခင်မလေးက ကြည့်လိုက်ရင်းက ပြုံးလိုက်၏။

'နှမတော် ဘာကို သဘောကျလို့ပြုံးတာလဲ'

'သြော်… မောင်တော်လုလင်ပျိုက ဒီလိုကြတော့လည်း ကလေးဆန်ပါလားလို့'

'ဒါကတော့ လူဟာ တစ်ခါတလေမှာ ကလေးဆန်တတ်တာပဲလေ၊ ဟုတ်ဖူးလား'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အဲဒီလို မောင်တော်က ပြောတတ်လို့လည်း ထိပ်ထားနှမနဲ့ မောင်တော် ပညာချင်းပြိုင် ပဟေဠိအမေးပုစ္ဆာကတ္တာဟာ မည်သူမှ အနိုင်မရတာ ကနေ့ထိဆိုတော့ အချိန်ကာလက အတော်ကြာမြင့်ခဲ့ပြီပဲ'

လုလင်ပျိုက ဘာမှပြန်မပြောတော့ဘဲ ပန်းဝါဝါလေးများကို ထပ်မံပြီး လက်နှင့်နှုတ်ပြန်ပါသည်။

'ဒီလိုကြာမြင့်လာတဲ့ ကာလမှာ မောင်တော်ဝန်ခံပါရစေ၊ ပထမတော့ နှမရဲ့ ပညာစွမ်းကို မောင်တော်က ချိုးနှိမ်မယ်ဆိုပြီး ခံယူချက်နဲ့ လာရင်းက တဖြည်းဖြည်းအနေကြာတဲ့အခါမှာ မောင်တော်ရဲ့ ခံယူချက်တွေဟာ ပြောင်းခဲ့ရပါတယ်၊ အခုအခါမှာတော့ မောင်တော်ဟာ နှမတော်နဲ့ ပညာချင်းသာ ယှဉ်ပြိုင်ရပေမယ့် အနိုင်ယူလိုစိတ်မရှိတော့ပါဘူး၊ မောင်တော့်အဖို့ နှမတော်ရဲ့ ချစ်မေတ္တာပန်းကို သာလိုချင်မိပါတယ်၊ နှမတော်ကကော'



ထိပ်ထားသခင်မလေးက လုလင်ပျိုအား ကြင်နာသောအကြည့်တွေနှင့် ကြည့်လိုက်သည်။ ပြီးတော့ လုလင်ပျိုလိုပဲ ပန်းဝါဝါလေးများကို လက်နှင့်နှုတ်လိုက်သည်။

'အင်း… နှမတော်ခမျာ မောင်တော်နဲ့ယှဉ်ပြိုင်ပွဲ မပြီးခင်ပဲ နှမတော်ရဲ့ မေတ္တာပန်းကို မောင်တော့်ထံလှူအပ်ရတော့မယ်ထင်ပ၊ နှမတော်လည်း ဘယ်လိုသောအကြောင်းတွေကြောင့် မောင်တော့်အပေါ် စေတနာသဒ္ဒါတွေ ပိုရပါသလဲ မသိဘူး'

လုလင်ပျိုက လက်ထဲမှာ ကိုင်ထားသော ပန်းဝါဝါပွင့်လေးများကို လွှတ်ချလိုက်ပြီး ထိပ်ထားသခင်မလေး၏ လက်ကို ကိုင်လိုက်သည်။ ထိပ်ထားသခင်မလေးက ရုတ်တရက် ရှက်သွားပြီး မျက်လွှာချထားသည်။ ရုန်းဖယ်ခြင်းမရှိ။

'မောင်တော် ချစ်မြတ်နိုးရပါသော ထိပ်ထားနှမကိုမောင်တော်က မြတ်မြတ်နိုးနိုးနဲ့ နှမတော်ရဲ့ ပါးပြင်ကို နမ်းရှိုက်ခွင့်ပြုပါ'

ထိပ်ထားသခင်မလေးက လုလင်ပျိုကိုင်ထားသော လက်ကို ရုန်းဖယ်လိုက်ရင်းမှ…

'အနမ်းတွေက အမျိုးမျိုးရှိတယ်၊ လူတစ်ဦးနဲ့တစ်ဦး နမ်းရှုပ်ခြင်းရဲ့ ဖွင့်ဆိုချက်ကို မောင်တော်ရှင်းပြနိုင်မလား၊ မောင်တော်ရှင်းပြနိုင်မယ်ဆိုရင် ထိပ်ထားနှမရဲ့ မေတ္တာပန်းကို မောင်တော် လက်ဝယ်ပိုင်ပိုင်ရပြီး တစ်ဘဝလုံး ထိပ်ထားသခင်နှမကို သိမ်းပိုက်နိုင်ပါပြီ၊ အဲဒီအခါကျရင် မောင်တော်နဲ့ ထိပ်ထားနှမတို့ ချစ်သင်္ကေတအထိမ်းအမှတ်အဖြစ် ပန်းအိုးလေးတစ်အိုးစီမှာ အပင်တစ်ပင်စီစိုက်ကြမယ်၊ အထိမ်းအမှတ်တစ်ခုပေါ့ မောင်တော်ရယ်'

လုလင်ပျိုက ထိုင်ရာမှ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကြည်လင် သန့်ရှင်းသော မိုးကောင်းကင်ကြီးကို မော့ကြည့်လိုက်ပြီး…

'အို… မိုးနတ်မင်း… ကျွန်ုပ် သစ္စာဆိုပါ၏၊ ထိပ်ထားနှမ မေးတော်မူသော ဖွင့်ဆိုချက်ကိုရှင်းပြပြီး ထိပ်ထားနှမမေတ္တာကို ရရှိရင်း အသက်ထက်ဆုံး ပေါင်းရပါစေသော်ဝ်'

လုလင်ပျို့စကားအဆုံး မထင်မှတ်ဘဲမိုးသားများ အုံ့မှိုင်းလာကာ မိုးတွေရွာချလာပါသည်။ ပန်းဝါဝါပွင့်လေးများ ပေါက်ရောက်နေသော မြက်ခင်းအလယ်မှာ ထိပ်ထားသခင်မလေးနှင့် လုလင်ပျို့ နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်းမှ မိုးချိန်းလိုက်သည့်အခါ နှစ်ဦးသား တင်းကျပ်စွာပွေ့ဖက်လိုက်ကြသည်။ မိုးတွေက ရွာတုန်းရွာဆဲ ရွာကောင်းနေတုန်း…။

☺



အနမ်းဆိုတာ
ချစ်သူနှစ်ဦး
မမုန်းသရွေ့
တည်မြဲနေတဲ့ကတိစွပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

*အိပ်မက်က သည့်တစ်ခါ နည်းနည်း Romance ဆန်နေသည်။ ဇာတ်လမ်းက သည့်တစ်ခါဇာတ်သိမ်းလား ထွဋ် မပြောတတ်။ အိပ်မက်ထဲက ဇာတ်ကွက်မျိုး ပစ္စုပ္ပန်မှာ ထပ်ဖြစ်လာဦးမည်ဆိုလျှင်တော့ အိပ်မက်ထဲကလို ရရှိလာသည့် အခွင့်အရေးကို ထွဋ် လက်လွှတ်မခံတော့ဘူးဟု ဆုံးဖြတ်လိုက်ပါသည်။*

♦

*အိပ်မက်ပြီးပြီးချင်း ထိပ်ထားခင် လန့်နိုးလာပါသည်။ ရေသောက်ပြီး ပြန်အိပ်သော်လည်း အိပ်လို့မရ။ မက်ပြီးသွားသော အိပ်မက်ကို တစိမ့်စိမ့်ပြန်တွေးနေမိပါသည်။ ယနေ့မက်ခဲ့သော အိပ်မက် ဇာတ်သိမ်းလေပြီလားလို့။ အိပ်မက်ထဲမှာ အနမ်းဖွင့်ဆိုခြင်းကို လုလင်ပျိုက ရှင်းပြနိုင်ခဲ့မည်ဆိုလျှင် ထိပ်ထားသခင်မကို ရွှေလက်တွဲနိုင်ပြီဖြစ်သည်။ သည်လိုဆို ပစ္စုပ္ပန်ကာလမှာကကော။ သည်လိုမျိုး အိပ်မက်ထဲကအတိုင်းဖြစ်လာလျှင် သေချာတာကို သူမ ဆုံးဖြတ်ရပေတော့မည်။ ဘာဆက်ဖြစ်မလဲ။ ထိပ်ထားခင် အရှမ်း… အရှမ်း… အရှမ်းကို သိချင်နေပါတော့သည်။*

♦

## အခန်း(၁၄)

ထွဋ် စာသင်ချိန်ပြီးသွားလို့ ကင်တင်းကိုထွက်အလာမှာ အတော်လေးအံ့အားသင့်သွားပါသည်။ ဘာဖြစ်လို့လဲဆို ထွဋ်တို့စာသင်ဆောင်တွေ အဝင်ဝတံခါးနားမှာ အေးသိန်းနှင့် သူ၏ချစ်ဇနီး မမသက်ကို တွေ့ရလို့ဖြစ်သည်။ ထွဋ်ကိုမြင်တော့ သူတို့နှစ်ယောက်စလုံးက ပြုံးပြနေသည်။ အေးသိန်းလက်ထဲမှာလည်း ဖိတ်စာတွေလားမသိ ကိုင်ထားသည်။

'အတော်ပဲ ထွဋ်ရေ၊ ဟောဒီက မမသက်နဲ့ မင်းရဲ့စာသင်ခန်းကိုလာမလို့'

အေးသိန်းက ဆီးကြိုပြောပါသည်။

'ဖိတ်စာပေးတာပဲကွာ၊ အိမ်မှာပေးလည်း ရလျက်သားနဲ့၊ ကျောင်းကို လိုက်လာရသလားကွာ၊ မမသက်ကို အားနာပါတယ်'

'ဟော့ကောင် ထွဋ်၊ ဒီလောက်တော့ ငါသိတာပေါ့၊ အခုဟာက မင်းတစ်ယောက်တည်းမဟုတ်ဘူး၊ အတန်းက သူငယ်ချင်းတွေကော၊ ထိပ်ထားခင်တို့အုပ်စုကိုပါ ဖိတ်ရမှာ၊ ဒါကြောင့်ကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို နေဦး၊ အရင်ဆုံး ကင်တင်းမှာ သွားကြည့်မယ်၊ ထိပ်ထားခင်တို့က ဒီအချိန် ကင်တင်းမှာ ရှိတတ်တယ်၊ သူတို့မတွေ့လည်း မင်းတို့ဖိုးမောင်နဲ့ကို ငါက မင်္ဂလာဦးအကြို ညွှန်ခံရမှာပေါ့ကွာ၊ ပြီးမှ သူတို့အတန်းဘက် သွားကြတာပေါ့'

'ထွဋ်ရေ မင်းသဘောပဲ'

ကင်တင်းသို့ သွားရာလမ်းမှာ မမသက်က အေးသိန်း၏ လက်ကိုချိတ်ပြီး ထွဋ်ရှေ့ကနေ သွားနေကြပါသည်။

ထွဋ် စဉ်းစားမိပါသည်။

မမသက်တို့များ အေးသိန်းကို မချစ်ဘူးမကြိုက်ဘူးဆိုပြီး အခုကျတော့လည်း ခင်ပွန်းလက်ကိုချိတ်၊ နှစ်ကိုယ်ယှဉ်တွဲ လမ်းလျှောက်ရတာ စိတ်ချမ်းမြေ့လို့နေနေပါလားလို့။ မမသက်တင်မက အေးသိန်းကလည်း အတော့်ကိုဂုဏ်ယူနေမည်ဆိုတာ ပြောဖို့ပင် မလိုပါ။

◆

ထိပ်ထားခင်တို့ အုပ်စု ကင်တင်းမှာ စားနေသောက်နေရင်းက အေးသိန်းလက်မောင်းကိုကိုင်ပြီး အေးသိန်းထက် အသက်နည်းနည်းကြီးသည့် အမျိုးသမီး ဝင်ရောက်လာတာကို မြင်နေရသည်။ ထိပ်ထားခင်သိလိုက်ပြီ၊ အေးသိန်း၏ ဇနီးလောင်း မမသက်ပဲဖြစ်လိမ့်မည်လို့။

သူတို့နောက်မှာပါလာသူက ထွဋ်မှန်းသိသောအခါ ထိပ်ထားခင်က မျက်နှာကို နည်းနည်းတင်းလိုက်ပါသည်။ မွေးနေ့တုန်းက ကိစ္စကို နည်းနည်းတော့ ပညာပေးရမည်လို့။



'ဟယ်… ကိုအေးသိန်းတို့ စုံတွဲပါလား၊ ကိုအေးသိန်းဇနီးက ချောသားပဲ၊ လာ… မမ'

နုနုက ညွှန်ခံစကားပြောရင်းမှ ခုံဆွဲယူပေးသည်။ နုနု စကားကြောင့် အေးသိန်းခမျာ အတော်ကျေနပ်သွားပုံရပါသည်။

'အရမ်း မမြှောက်ပါနဲ့ နုနုရာ၊ လက်ဖက်ရည်တိုက်ပါ့မယ်၊ ပြီးတော့ ဟောဒီဖိတ်စာလေးတွေကို ယူနော်၊ လာမယ့် တနင်္ဂနွေနေ့ ကျရင်လည်း မင်္ဂလာဆောင်ကို ဖြစ်အောင်လာခဲ့၊ လက်ဖွဲ့ကြီးကြီးတွေလည်း ယူခဲ့'

'ဩော်… လက်စသတ်တော့ ကိုအေးသိန်းက ဇနီးမယားကို ကြွားရင်းနဲ့ မင်္ဂလာဆောင်ဖိတ်စာလာပေးတာကိုး၊ ပိုင်တယ်ဟော့၊ တကယ့်နှစ်ကျပ်ကွက်ပဲ'

ခင်ပြုံးရီက သဘောကျစွာဖြင့် ရယ်မောရင်းပြောလို့ အဆုံးမှာ အေးသိန်းက ထိပ်ထားခင်တို့အုပ်စုအား ဖိတ်စာတွေတစ်စောင်ချင်း ပေးလိုက်ပါသည်။

'မမ စကားလေးဘာလေး ပြောပါဦး၊ ကျွန်မတို့ကို ရင်းရင်းနှီးနှီးပဲ ခင်ပါ'

'ဟုတ်ကဲ့ပါ၊ ကျွန်မက စကားနည်းလို့ပါ'

စန်းစန်းတင့် စကားကို မမသက်က ပြုံးပြရင်းမှ ပြန်ဖြေပါသည်။ ထိပ်ထားခင်ကတော့ အေးသိန်းတစ်ယောက် စကားနည်းသော ဇနီးမယားတစ်ယောက်ရတာ တော်တော်ကံကောင်းတာပဲဟု စဉ်းစားရင်းမှ ထွဋ်အကြံပေးကောင်းလို့ ဖြစ်သွားတာပဲဟု စဉ်းစားနေမိသေးသည်။

'ထိပ်ထားခင် ဘာစဉ်းစားနေတာလဲ၊ ထွဋ်ကို စကားလေးဘာလေး ပြောဦးလေ'

www.burmeseclassic.com

www.burmeseclassic.com



နုနုက ထိပ်ထားခင်အား နောက်ပြောင်သလိုနှင့် ပြောသောအခါ ထိပ်ထားခင်က…

‘ဘာပြောစရာရှိလို့လဲ၊ ဘာအကြောင်းမှ မရှိတာ’

‘ဟုတ်လား ထွန်း၊ ဟိုတစ်နေ့က အပြတ်တောင်းပန်လိုက်တာလား’

ထွန်းက နုနုကို ခေါင်းညိတ်ပြပါသည်။

‘ဩော်… ထွန်း မင်းက ဒီရောက်နေတာကိုး၊ ငါထင်တော့ ထင်သား၊ ဒီနေ့ အေးသိန်း အိမ်ရောက်တော့ ဒီကောင်နဲ့ မမသက်တို့ ကျောင်းမှာဖိတ်စာလိုက်ပေးမယ်လို့ သိရလို့ ငါ မင်းရဲ့အခန်းသွားတော့ မတွေ့ဘူး၊ ဒါနဲ့လိုက်လာတာ မောတယ်ကွာ၊ ဟော့… လက်ဖက်ရည်တစ်ခွက်’

ကျော်မင်းက ရောက်ရောက်ချင်းဆိုသလို ပါးစပ်က တောက်လျှောက်ပြောရင်း စကားအဆုံး လက်ဖက်ရည်တစ်ခွက် မှာလိုက်ပါသည်။

‘ကျော်မင်းရာ မင်းဟာက နားပြီးမှ ပြောလည်းရပါတယ်ကွာ၊ မင်း ကြည့်ရတာ မောလိုက်တာ’

‘ဒီမှာ ထွန်း၊ မင်းက ပြောအားရှိမှာပေါ့ကွာ၊ မင်းတို့ အေးသိန်းတို့မှာက အမောပြေစရာတွေ ရှိတာကိုး’

‘ဟေ့ကောင် ကျော်မင်း လျှောက်မပြောနဲ့၊ မင်းဟာက ဘာစကားမှန်းမသိဘူး’

ကျော်မင်းစကားနှင့် ထွန်း၏ ပြန်ပြောသည့်စကားကို နားထောင်နေသော ထိပ်ထားခင်မှလွဲပြီး ကျန်သည့်သူငယ်ချင်းမတွေ့ဘ



ပြုံးစိစိဖြစ်ကုန်ပါသည်။

ကျော်မင်းက လက်ဖက်ရည်လာချပေးပြီးသောအခါ လက်ဖက်ရည်ကို တစ်ဝက်ခန့် သောက်လိုက်ပြီး အေးသိန်းနှင့် မမသက်တို့ဘက်သို့ ကြည့်ကာ…

‘အေးသိန်း မင်းမင်္ဂလာဆောင်တဲ့နေ့ကျရင် မင်းနဲ့မမသက်ရေခဲမုန့်ကို တစ်ယောက်တစ်ဖွန်းခွံ့ပြီးရင် မင်္ဂလာဦးအနမ်း ငါတို့ကိုနမ်းပြရမယ်၊ ငါတို့က လက်ခုပ်တီးပြီး ဂုဏ်ပြုမယ်၊ ဘယ်လိုလဲလုပ်မယ်မဟုတ်လား’

ကျော်မင်းစကားကြောင့် မမသက်ခမျာ ရှက်သွားပါသည်။ ခေါင်းကို အောက်ငုံ့လိုက်သည်။

‘မမသက်ကလည်းဗျာ ဒါရှက်စရာမှ မဟုတ်တာ၊ ဟိုတယ်တွေမှာ မင်္ဂလာဆောင်ရင် ဒါမျိုး အာဝါးပေးကြတာပဲ၊ ညစာစားပွဲတွေမှာလည်း အပေါင်းအသင်းတွေက တောင်းဆိုရင် မင်္ဂလာဦးအနမ်းပေးကြတာပဲဟာ’

ကျော်မင်းက မမသက်ကို ပြောရင်းမှ ထွန်းကို ကြည့်လိုက်ပြီး…

‘ထွန်း မင်းကော အဲဒီလိုမျိုး မင်္ဂလာဦးအနမ်းမျိုးမဖြစ်ချင်ဘူးလား၊ မင်းရဲ့ အိပ်မက်ထဲက ထိပ်ထားသခင်မလေးအတွက်လေ’

ရုတ်တရက် မထင်မှတ်ဘဲ ကျော်မင်းဆီက ကြားလိုက်ရသည့်စကားကြောင့် ထိပ်ထားခင် တုန်လှုပ်သွားပါသည်။

မသိမသာ ထွန်းကို ကြည့်လိုက်တော့ ထွန်းက ဘာမှမဖြစ်သလိုပုံစံမျိုး ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'အနမ်းဆိုတာမျိုးက တဏှာအတွက်မဟုတ်ဘဲ အဓိပ္ပာယ်ရှိမှ ကောင်းတာ'

'ဘယ်လိုအဓိပ္ပာယ်ရှိရမှာလဲကွ၊ ရှင်းပါဦး'

ထိပ်ထားခင်က ထွဋ်ဘာပြောမလဲ သိပ်သိချင်နေပါသည်။ ထိပ်ထားခင်က ကံကြမ္မာကို အတော်လည်း အံ့အားသင့်နေပါသည်။ အိပ်မက်ထဲကနှင့် ပစ္စုပ္ပန်တူတာမှ ခဏခဏတူတတ်ပါစို့လို့။

'အနမ်း သုံးမျိုးရှိတယ်၊ ပထမနမ်းတဲ့ အနမ်းက နှလုံးသားကလာတဲ့ အနမ်း၊ ချစ်စခင်စ ဘဝမှာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်အချစ်တွေ၊ နားလည်မှုတွေနဲ့ ချစ်သူနှစ်ဦးရဲ့ နှလုံးသားဟာ ဘယ်လိုဆိုတာ ဖော်ပြဖို့ နမ်းတဲ့အနမ်း။ ဒုတိယအနမ်းက စိတ်ကလာတာ။ ချစ်သူနှစ်ဦး အိမ်ယာထူထောင်ပြီးတဲ့အခါ စိတ်ချင်း သဘောချင်းတူကြည်ဖြူကြရင်း ဘဝကို ထူထောင်၊ ဒုက္ခကို ကျော်လွှားဖြတ်သန်းပြီး သူတို့ရဲ့ချစ်ခြင်းမေတ္တာကို ဖော်ဆောင်တယ်၊ အဲဒီအတွက် မြတ်မြတ်နိုးနိုး နမ်းတယ်၊ တတိယအနမ်းက စိတ်ဓာတ်ခိုင်မာတည်ကြည်မှုပဲ၊ ဇနီးမောင်နှံနှစ်ဦးရဲ့စိတ်တွေက သဟဇာတဖြစ်ရင် ထာဝရ တည်မြဲမယ်၊ အဲဒီသဟဇာတဆိုတာက ဇနီးမောင်နှံဟာ ဘဝကို ရုန်းကန်မှုတွေကျော်ဖြတ်ရင်း နှစ်များစွာ တစ်ယောက်အကြောင်း တစ်ယောက်နားလည်ရင်းက ချစ်မေတ္တာ၊ သာယာမှု၊ မိသားစုသီရိဂေဟာ ဘုံဗိမ္မာန်ကိုတည်ဆောက်ပြီး အောင်မြင်မှုပန်းတိုင်ရောက်တဲ့အခါ နမ်းတဲ့အနမ်း၊ အဲဒါက မိသားစုတိုင်းအတွက် ငြိမ်းအေးမှုပဲ၊ ရင့်ကျက်တဲ့ အနမ်းပေါ့၊ ဒီတော့ အေးသိန်းနဲ့ မမသက်တို့ဇနီးမောင်နှံ အဲဒီလိုအနမ်းသုံးမျိုးနဲ့ ဘဝမှာ နမ်းရင်း ချမ်းမြေ့တဲ့ ဘဝရောက်ပါစေဗျာ'



'ဖြောင်း… ဖြောင်း…'

ထွဋ် စကားအဆုံး အားလုံးလက်ခုပ်တွေ ဝိုင်းတီးကြပါသည်။ သူတို့တီးသော လက်ခုပ်တွေက တကယ့်ကို ကျေနပ်ကြည်နူးလို့တီးသော လက်ခုပ်သံတွေပင် ဖြစ်ပါသည်။

'ထွဋ် ရှင် အိပ်မက်တွေ မက်သလား'

ထိပ်ထားခင်က ထိုင်ရာမှထကာ ထွဋ်ကို မေးပါသည်။

'ထိပ်ထားခင်ကော အိပ်မက်တွေ မက်သလား'

ထွဋ်ကလည်း ထိုင်ရာမှထကာ မေးလိုက်ပါသည်။

'ဒီအဖြေကို အခုမပေးနိုင်သေးဘူး'

ထိပ်ထားခင်က ပြန်ဖြေပါသည်။

'ကျွန်တော်လည်း အခု အဖြေမပေးနိုင်သေးဘူး'

ထွဋ်ကလည်း ထိပ်ထားခင် အဖြေလိုပဲ ပြန်ဖြေပါသည်။

ကျန်သည့်သူတွေက ထွဋ်နှင့် ထိပ်ထားခင်ကို ဘာမှမပြောဘဲ ထိုင်ရာကနေ အကဲခတ်နေပါသည်။

'အားလုံးခွင့်ပြုပါဦး'

ထိပ်ထားခင်က ကင်တင်းထဲကနေ နှုတ်ဆက်ပြီး ထွက်သွားပါသည်။

'ပြောစရာရှိက ပြောကြပါ၊ ခဏလောက် ခွင့်ပြုပါဦး'

ထွဋ်ကလည်း ကင်တင်းထဲကနေ နှုတ်ဆက်ပြီး ထွက်သွားပါသည်။

'ဘာတွေလဲကွာ၊ ငါတော့စားပြီ၊ ငါကိုက ကောင်းတာ ဒီအနမ်းကိုမှ သွားမေးမိတယ်'

www.burmeseclassic.com



'ကိုကျော်မင်း ဘာမှမဟုတ်ဘူး၊ သူတို့ဘာသာသူတို့ အတိတ် ဇာတ်လမ်းတွေရှိတယ်၊ စားစရာရှိတာ ဆက်သာစား၊ ကိုအေးသိန်းတို့ မိန်းမောင်နှံကို အားနာဖို့ကောင်းတယ်'

နုနုက စကားအဆုံး အားလုံးက စောစောကလိုမျိုး ပြော လိုက် ဆိုလိုက်ရယ်လိုက်မောလိုက်နှင့် အချိန်တွေ အတော်ကြာမှ လူစုခွဲကြပါတော့သည်။

☺



အိပ်မက်များ
နိဂုံးချုပ်လော့
နက်ပြန်ခါမှာ
အိပ်မက်ပန်းတွေ
ကိုင်းလုံးညွတ်မျှ
ဝေဆာပွင့်ပူးကြတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

မျိုးစေ့သစ်စေ့ပန်းမာန်ရောင်းသော ဆိုင်မှာလူကရှင်းနေသည်။ ပန်းအိုးတွေထဲမှာ ပျိုးပင်ပေါက်တွေကော ပွင့်နေသော ပန်းပင်တွေကော စုံလို့နေသည်။

ထွဋ်က သည်နေ့တော့ ဖြစ်ချင်တာဖြစ် နှင်းဆီပျိုးပင်ပန်းအိုး တစ်အိုးဝယ်မည်ဆိုပြီး သည်ဆိုင်ကိုရောက်လာခြင်းဖြစ်သည်။

မနေ့က ထွဋ် ဘယ်လိုဖြစ်လို့ သူ မက်သော အိပ်မက်ထဲက အနမ်းကိစ္စကို လူကြားထဲ ရှင်းပြမိသလဲဆိုတာ သူ့ကိုယ်သူ ဝေခွဲလို့မရ။ ထိပ်ထားခင်ကလည်း သူ့ကို အိပ်မက်မက်ဖူးသလားဆိုသည့် မေးခွန်းကိုမေးပြီး အဖြေတောင်းသည်။ သူက မဖြေ။ သူမေးပြန်တော့လည်း ထိပ်ထားခင်က မဖြေ။

သေချာတာကတော့ ထွဋ်နှင့် ထိပ်ထားခင်တို့ နှစ်ယောက်စလုံး မက်သောအိပ်မက်တွေက အတူတူဖြစ်နေသည်ဆိုတာကို မငြင်းနိုင်တာကတော့ အမှန်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်တာတွေ အသာထားလို့ မက်ခဲ့သော အိပ်မက်ထဲက ထိပ်ထားသခင်မလေး အကြံပြုသလို ပန္နပွန်မှာ ထွန်း တစ်ယောက် နှင်းဆီပျိုးပင်ပန်းအိုးလေးတစ်ပင်တော့ ဝယ်ပြီး အိမ်မှာရေလောင်း ပြုစုပျိုးထောင်ရင်း အပင်ကလေးကနေ ပန်းပွင့်လာတာကို ကြည်နူး ခံစားမည်ဟု ဆုံးဖြတ်ရင်းက သည်ဆိုင်ကို ရောက်လာခဲ့သည်။ တစ်ဆိုင်လုံးမှာရှိသော နှင်းဆီပျိုးပင်ပန်းအိုးတွေကို သူရွေးချယ်ပေမယ့် သိပ်မကြိုက်သဖြင့် ဆိုင်နောက်ဘက်မှာရှိသော နှင်းဆီပျိုးပန်းအိုးတွေ ရှိရာသို့ သွားပြီး ထပ်မံရွေးချယ်နေမိပြန်သည်။

ဟော… ထွန်း သူလိုချင်တာရသဖြင့် ကျေနပ်သွားသည်။ နှင်းဆီပျိုးပန်းပင်အိုးလေးထဲမှာ နှင်းဆီပင်လေးက သေးသေးသွယ်သွယ်နှင့် အားယူခါစရှိသေးသည်။ သူကိုယ်တိုင် သူမျှော်လင့်ချက်တွေနှင့် သည်အပင်လေးကို ရေလောင်းရမည်။ ပြုစုပျိုးထောင်ရမည်ဟု ဆုံးဖြတ်ရင်း ပျိုးပင်ဆိုင်နောက်ဘက်ကနေ ပျိုးပန်းအိုးလေးကိုမရင်း ပျိုးပင်ဆိုင်ရှေ့သို့ ထွက်လာခဲ့သည်။

◆

ထိပ်ထားခင်တစ်ယောက်သည် ပျိုးဥယျာဉ်ဆိုင်ရောက်ရောက်ချင်းမှာပဲ ဆိုင်ရှေ့မှာ စီတန်းထားသော နှင်းဆီပန်းပျိုးပင်အိုးတွေထဲကနေ သူမ ကြိုက်သော ပန်းအိုးတစ်အိုးကို တွေ့ရသည်။ ဈေးမဆစ်ဘဲ သူမ ဝယ်တော့မည်ဟု ဆုံးဖြတ်မိသည်။

အိပ်မက်ထဲက ထိပ်ထားသခင်မလေး ဆန္ဒပြုသလိုမျိုး နှင်းဆီပန်းအိုးကလေးကို ဝယ်ပြီး အိမ်မှာစိုက်ပျိုးမည်။



အိပ်မက်က ဘယ်ရွေ့ဘယ်မျှ အသေအချာတပ်အပ်မှန်သလဲ ထိပ်ထိပ်ထားခင် ထပ်သိချင်ပါသေးသည်။

'ဦးလေး ဒီပျိုးပန်းအိုး ကျွန်မကြိုက်တယ်၊ ဘယ်လောက်လဲ'

'လေးထောင်ပဲ ပေးပါကွယ်'

ထိပ်ထားခင်က သူမ ဆုံးဖြတ်ထားသည့်အတိုင်း ဈေးမဆစ်တော့ဘဲ ငွေလေးထောင်ထုတ်ပေးလိုက်သည်။ ဆိုင်ရှင်ဦးလေးကြီးက ပန်းအိုးလေးကို မပြီး ထိပ်ထားခင်အားပေးလိုက်သည်။

'ဦး… ဒီပန်းအိုး ကျွန်တော်ကြိုက်တယ်၊ မနည်းနောက်က ရွေးရတာ ဘယ်လောက်လဲ'

ပျိုးဥယျာဉ်ဆိုင်နောက်ဘက်ကနေ လူတစ်ယောက်က နှင်းဆီပျိုးပင်ပေါက်ပန်းအိုးတစ်အိုးကို ချီမရင်း ပျိုးဥယျာဉ်ဆိုင်ရှေ့သို့ထွက်လာပြီး ပြောလိုက်သဖြင့် ထိပ်ထားခင်ကကြည့်လိုက်သောအခါ နှင်းဆီပျိုးပန်းအိုးတစ်အိုးကိုချီမထားသည့် ထွန်းကို တွေ့ရသည်။ ထိပ်ထားခင် ခြေတွေ လက်တွေအေးစက်လာပါသည်။ ထွန်းက ဆိုင်ပိုင်ရှင်ဦးလေးကြီး ကွယ်နေသဖြင့် သူမကို မမြင်။

'ဒါလည်း ဒီတူမလေးလို လေးထောင်ပဲ ပေးပါ'

'ဟုတ်ကဲ့'

ထွန်းက ပန်းအိုးကို ချပြီး ပိုက်ဆံပေးလိုက်သည်။ ပြီးတော့ ပန်းအိုးကို ပြန်ချီမစဉ်မှာ ဦးလေးကြီးက သူ့ရှေ့က ထွက်သွားသဖြင့် ထိပ်ထားခင်ကို မြင်သွားသည်။

'ထိပ်ထားခင်… နှင်းဆီပျိုး ပန်းပင်လာဝယ်တာ ဟုတ်လား'

'ထွန်းလည်း လာဝယ်တာပဲလေ'

ထွန်းက အံ့အားသင့်ပုံစံမျိုးဖြင့် နှင်းဆီပန်းအိုးကို မြေပြင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ချလိုက်သည်။ ထိပ်ထားခင်လည်း သူမလက်ထဲရှိမထားသော ပန်းအိုးကို ပြန်ချထားလိုက်သည်။

'ဘာမှပြောမနေနဲ့တော့ ထိပ်ထားခင်၊ အိပ်မက်ထဲက တိုက်ဆိုင်တူညီမှုတွေဟာ ဒီထက်ကို ပိုပြီးမတိုက်ဆိုင်နိုင်တော့ဘူး၊ ဒီတော့ ဇာတ်သိမ်းခန်းတို့လို့တန်းလန်း ကျန်တဲ့အိပ်မက်ကို ထိပ်ထားခင်နဲ့ ကျွန်တော်နဲ့က ပန္စုပ္ပန်မှာ ပျော်ရွှင်စွာ ဇာတ်သိမ်းပေးရမယ်၊ ကျွန်တော်တို့အဖြစ်မျိုးက ရှားမှရှားပါပဲဗျာ'

ထိပ်ထားခင်က ထွဋ်ကို ကြည့်လိုက်ပြီး ပြုံးရင်းက…

'ကျွန်မဘဝမှာ ကျွန်မကို ချစ်မြတ်နိုးသူတွေ ပန္စုပ္ပန်မှာ အများကြီးကြုံခဲ့ပါတယ်၊ ဒါပေမဲ့ ကျွန်မနှလုံးသားမှာ ခြေရာကျန်ခဲ့သူက တကယ့်ကို ရှားရှားပါးပါး တစ်ယောက်တည်းပါပဲ၊ အဲဒီသူကို ကျွန်မ ရွေးချယ်ရမှာပါပဲ၊ အဲဒီလူက ထွဋ်ပေါ့'

'ကျွန်တော်နဲ့ထိပ်ထားခင်တို့ရဲ့ အိပ်မက်ကလက်တွေ့အဖြစ်ဒီမှာ ပျော်ရွှင်စွာ အဆုံးသတ်ပြီဆိုတော့ ကျွန်တော်နဲ့ ထိပ်ထားခင်တို့ ဝယ်လိုက်တဲ့ ပောပကိုပန်းအိုးနှစ်အိုးထဲက နှင်းဆီပန်းပွင့်လေးတွေကလည်း နက်ဖြန်ခါတွေမှာ တစ်နေ့နေ့ ဖူးပွင့်လာမှာက အမှန်ပဲလေ၊ ဒီတော့ ကျွန်တော်တို့နှစ်ယောက်အတူတူ ပန်းတွေပွင့်လာမယ့် နက်ဖြန်တွေကို စောင့်ကြတာပေါ့'

ထွဋ်စကားဆုံးသောအခါ ထိပ်ထားခင်က ပြုံးရင်းကနေ ခေါင်းညိတ်ပြပါသည်။

'ထိပ်ထားခင် နေ ဒီပန်းအိုးနှစ်အိုးကို ကျွန်တော်ပွေ့ပြီး မခဲ့မယ်၊ ထိပ်ထားခင်ကသာ ကျွန်တော့်လက်မောင်းကိုကိုင်ပြီး လိုက်ခဲ့ပေတော့၊ ဒါက အိပ်မက်ထဲမှာ မပါတဲ့ အပြင်လောကက တကယ့်အဖြစ်အပျက်'



ထွဋ်က မြေပြင်မှာ ချထားသော ပန်းအိုးနှစ်အိုးကို ပွေ့ယူလိုက်ပါသည်။ ထိပ်ထားခင်က ထွဋ်လက်မောင်းကို လှမ်းကိုင်လိုက်ပါသည်။ ထွဋ်နှင့် ထိပ်ထားခင်တို့ နှစ်ယောက်သား ပျိုးဥယျာဉ်ဆိုင်ထဲကနေ ထွက်လာကြပါသည်။

'ဘယ်လိုခေတ်ကာလ သားသမီးတွေလဲ မသိဘူး၊ အခုပဲ ပန်းအိုးတွေ လာဝယ်တယ်၊ ပန်းအိုးတွေချပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရည်းစားစကားပြောတယ်၊ ဟော… တစ်ယောက်ကပန်းအိုးနှစ်အိုးကို မတယ်၊ တစ်ယောက်ကလက်မောင်းကိုကိုင်ပြီး ထွက်သွားတယ်၊ ဟူး… ငါ့မှာ သားသမီးမရှိဘဲ၊ လူပျိုကြီးဖြစ်တာ ကံကောင်းသွားပြီ'

အဖြစ်မှန်ကို ဘာမှမသိသော ပျိုးဥယျာဉ်ဆိုင်ပိုင်ရှင် ဦးလေးကြီးက ရေရွတ်မြည်တမ်းရင်းမှ ပါးစပ်ထဲမှ သက်ပြင်းတွေမှုတ်ထုတ်လိုက်သည်။ ပြီးတော့ သူ့ပျိုးဥယျာဉ်ထဲက အပင်တွေကို ကြည့်နေပါတော့သည်။

☺

www.burmeseclassic.com

www.burmeseclassic.com



ထွဋ်နှင့် ထိပ်ထားခင်တို့ကတော့ မျိုးဥယျာဉ်ဆိုင် ပိုင်ရှင် ဦးလေးကြီးမှတ်ချက်ချတာကို လုံးဝမသိရေးချ မသိဘဲ သူတို့နှစ်ယောက် အိပ်မက်တွေ အမှန်ဖြစ်သွားတာကိုပဲ တစ်ယောက်နှင့်တစ်ယောက် ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်တွေကို အပြန်အလှန် ပြောရင်း နှစ်ကိုယ်ယှဉ်တွဲ လျှောက်နေကြတော့ ထွဋ်ခမျာ လက်ထဲပွေ့ထားသည့် ပန်းအိုးနှစ်အိုးရှိသည်တောင် မထင်…။

☺



မရလို့သာပါ။

ရလို့ကတော့ ထွဋ်နှင့်ထိပ်ထားခင်တို့နှစ်ဦးသား သူတို့ မက်ခဲ့သော အိပ်မက်တွေကို လုံခြုံသောတစ်နေရာမှာ သိုဝှက်ရင်း အကြောင်းတိုက်ဆိုင်တိုင်း ပြန်လည်ကြည့်ရှုခံစားချင်လို့ ဖြစ်ပါသည်။

☺

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့

လူ့ဘဝများစွာသည်

ထွင့်နှင့် ထိပ်ထားခင်တို့နှစ်ဦးလို

အိပ်မက်များနှင့်

ထုဆစ်ပုံဖော်ထားသည်ဟုသာ

ပြောချင်ပါတော့သည်။

မည်သူမဆို

အိပ်မက်တွေမက်ခွင့်ရှိတာ

ပြောမို့ပင် လိုမည်မထင်တော့ပါ။